bible educational services

# ဆရာများအတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၃ နှင့် အဆင့် ၄

အတွဲ က

သင်ခန်းစာ ၇-၁၂

www.besweb.com

# Bible Educational Services

## ဓမ္မပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1096157)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာ၌ အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ချက်များ**
"Bibletime", "New Life" နှင့် "Gleaners" ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး UK တွင်ရှိသော ကျမ်းစာကျောင်းများနှင့် BES သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊အဆက်အသွယ်များ၊ ပြုလုပ်လည်ကောင်းအကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများပြုလုပ်ပေးသည်။၎င်း BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ဒီဇိုင်းဆွဲပေးခြင်းများ၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့် လည်းလက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများက ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်တွင် ပထမဆုံး အသုံးပြုခဲ့ပြီ ဖြစ်သည်။အင်္ဂလိပ်ဘာသာနှင့် လည်းကောင်းနိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ကျမ်းစာပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A-4 ပုံစံဖြင့် ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ် စစ်ဆေး ရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကာဖြင့် BES Website www.besweb.com တွင်၎င်း International Secretary တွင်၎င်း ရရှိနိုင်သည်။အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်ရန် သင်အလိုဆန္ဒ ရှိပါကသင့်အားအကူအညီပေးနိုင်သောစာရွက်စာတမ်းများကို BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေးသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကိုအသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၃ နှင့် ၄ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၁၁-၁၆ နှစ် အထိ ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၌၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာသင်ခန်းစာကို ပြန်အပ်စေရမည်ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံးအမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်မျာကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ ။ခေါင်ဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူတို့သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ် သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာ စာအုပ်၏ နောက်ပိုင်တွင် ပေးထားသည်။ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များ ရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာသင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ၊ကိုယ်ပိုင်နည်းလမ်း ၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့မပြုလုပ်လိုပေ ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့်ကျွမ်းဝင်မှုရှိပါ ။** - သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း ၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း ၊ အတတ်နိုင်ဆုံး ကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုတစိုက် စဉ်းစားဆင်ချင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြားမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ ။** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့်စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာ ပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင် နားလည်သဘောပေါက်သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကိုသိနားလည်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး တတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေး လိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များဖြစ်သည်။ဖြစ်ပွားခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်းနှင့် သင်ကြားခြင်းကို သုံးသက်နိုင်သည် ။
- **မိတ်ဆက်ပေးပါ ။** - ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင်ကလေးများ၏ တုန့်ပြန်မှုကိုရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ ။** - ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေရမည် ။ ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာများကိုအမြဲအကွက်စောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ ။** - ပုံပြင်တစ်ခုချင်းစီကိုချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည် ။အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်းနှစ်ခုတွေ့ရသည် ။ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်းတစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည် ။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး သူတို့၏အသက်တာထဲတွင် ကျန်ရှိနေစေရန် ကျွန်ုတို့မျှော်လင့်သည် ။ သို့မှသာ သူတို့သည် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသက်ပါ ။ -** ကျောင်းတစ်ကျောင်း၏အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည် ။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းအားဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့်အကျွမ်းဝင်စေပါ ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင်သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည် ။ အခြာတဖတ်တွင် ကလေးများ၏ အားရုံစူစိုက်ခြင်းကို ဆက်စပ်နေသည့်မေးခွန်းများနှင့် တိကျသော သင်ကြားပို့ချမှု့ဘက်သို့ ဆွဲခေါ်သွားခြင်းသည် အကြံညဏ်ကောင်းတစ်ခုဖြစ်နိုင်သည် ။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်မရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန်အလွန်အရေးကြီးလှသည် ။သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်စသင့်ပါသည် ။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများရရှိရန်မှာ အလွန်ခက်ခဲလှပါသည် ။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့် အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည် ။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည် ။သင်ခန်းစာတိုင်း၌ သင့်လျော်သည့်နေရာတွင် ရုပ်ပုံအကြောင်းအကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။၎င်းတို့ website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန် သင်းခန်းစာအတွင်းထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း ။

(၁) ကျမ်းချက်များကို စာရွက်သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့်ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံးတစ်ပြီးတစ်လုံ တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံတွင်ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ စကားလုံအရေးအတွက်များနှင့် အဓိကကျမ်းစကားလုံများကို အစီအစဉ်တကျ မဟုတ်ဘဲထားပါ။အခြားအဖွဲ့မှသူများ ကျမ်းပိုက်ကိုအစီအစဉ်တကျမပြုလုပ်နိုင်မီ မိမိတို့အဖွဲ့မှ ဦးစွာလုပ်ဆောင်နိုင်ရန် ကလေးများကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ရရှိခဲ့သော ကျမ်ပိုဒ်ကိုသူတပါး တို့ထက်ဦးစွာ ရွတ်ဆို စေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက် ။** ။သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီပြောင်းလဲလိုကြပေမည်။
  - (၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)
  - (၂) အဓိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)
  - (၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)
  - (၄) မေးခွန်မေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ ။

"ကျွန်ုပ်မေ့နိုင်သည့်အတွက် ကျွန်ုပ်ကိုပြောပါ ။
ကျွန်ုပ်သတိရအောင် ကျွန်ုပ်ကိုပြပါ ။
ကျွန်ုပ်နားလည်နိုင်ရန် ကျွန်ုပ်နှင့်အတူပါဝင်ပါ ။"

# Bibletime သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှုမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

| | က၇ - အဆင့် ၃<br>သင်ခန်းစာ ၁ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - လိမ်လည်သူ | က၇ - အဆင့် ၄<br>သင်ခန်းစာ ၁ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - လိမ်လည်သူ |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၅း ၂၁-၃၄ နှင့် ကမ္ဘာ၊ ၂၇း ၁-၂၉*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၃၂း ၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယာကုပ်သည် သူ၏ ဖခင် နှင့် အစ်ကိုအား လိမ်လည်ခဲ့သည်။<br>၂။ ကျွန်ုပ်တို့ အပြစ်လုပ်သည့်အခါ ဘုရားသခင် ခွင့်လွှတ်ပေးနိုင်သည်။<br>၃။ ကျွန်ုပ်တို့ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီး ပေးလိုသည်။ | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၅း ၁၉-၃၄ နှင့် ကမ္ဘာ၊ ၂၇း ၁-၄၁*<br>**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၅း ၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယာကုပ်သည် သူ၏ ဖခင် နှင့် အစ်ကိုအား လိမ်လည်ခဲ့သည်။<br>၂။ လိမ်လည်ခြင်း နှင့် မုသာ သုံးခြင်းသည် မပျော်ရွှင်ခြင်း နှင့် ဒုက္ခများကို သယ်ဆောင်လာသည်။<br>၃။ ကျွန်ုပ်တို့သည် ယာကုပ်၏ အသက်တာမျိုးကဲ့သို့ ဖြစ်နေလျှင်ပင် ဘုရားသခင်၌ ကျွန်ုပ်တို့ အယောက်စီတိုင်း အတွက် အစီအစဉ် ရှိသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • အပြစ်သွေးဆောင်ခြင်း ဆိုသည်မှာ အဘယ်နည်း။ လိမ်လည်ရန် အတွက် မည်သည့် အခြေအနေတွင် အပြစ်သွေးဆောင်ခြင်း ပိုမိုခံရ နိုင်သည်ကို ဆွေးနွေးပါ။<br>• အပြစ်သွေးဆောင်ခြင်း ခံရနိုင်သည့် အခြေအနေ အချို့ကို မှတ်တမ်း ပြုစုပါ။ အဘယ်ကြောင့် ကျွန်ုပ်တို့ လိမ်လည်နိုင်ကြောင်းကို ဆွေးနွေးပါ။<br>• မနာလိုသဝန်တိုခြင်း အကြောင်း ပြောပါ။ ကျွန်ုပ်တို့သည် မည်သည့် အချိန်တွင် မနာလို ဖြစ်နိုင်သနည်း။ အဘယ်ကြောင့် ထိုသို့ ဖြစ်ရသနည်း။ ဆွေးနွေးပါ။ | • ကျွန်ုပ်တို့ အပြုအမူများ၏ အကျိုးဆက်များကို ကျွန်ုပ်တို့၏ အသက်တာတွင် ပြန်လည် ခံစားကြရသည်။<br>• ဤအချက်ဖြင့် သင်၏ အသက်တာကို ပြန်လည် သုံးသပ်ပါ။ ဥပမာ၊ သင် သို့မဟုတ် သင်၏အသိ တစ်စုံတစ်ယောက်သည် မည်သည့် အချိန်တွင် ဒုက္ခရောက် သနည်း။ သူတို့၏ ကောက်ကျစ်ခြင်း သို့မဟုတ် လိမ်လည်ခြင်းကြောင့် မည်သည့် အချိန်တွင် ရဲများ၏ ထိန်းသိမ်းခြင်းကို ခံကြရသနည်း။<br>• ဥပဒေ ချိုးဖောက်ခြင်း (အပြစ်ကျူးလွန်ခြင်း) အတွက် အဘယ်ကြောင့် အပြစ်ဒဏ် ရှိရသည်ကို စဉ်းစားဆင်ခြင်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကြွဇက် ဆုတောင်းပြီးနောက်တွင် ရေဗက္ကာသည် သားအမွှာလေး မွေးခဲ့သည်။ ဧသောမှာ သားအကြီး ဖြစ်ပြီး၊ ယာကုပ်မှာ သားငယ် ဖြစ်သည်။<br>၂။ မိသားစုအတွင်းတွင် မျက်နှာသာပေးသည့်သား ကိုယ်စီ ရှိကြသည်။ ကြွဇက်သည် အမဲလိုက်သည့် မုဆိုး ဧသောကို ချစ်သည်။ ရေဗက္ကာသည် အိမ်၌ မိမိနှင့် နေသောသား ယာကုပ်ကို ချစ်သည်။<br>၃။ *ရှေးယခင်က အရှေ့အလယ်ပိုင်းဒေသတွင် သားဦးအရာသည် အရေးကြီးကြောင်း ရှင်းပြပါ။*<br>၄။ ဧသောသည် အမဲလိုက်ရာမှ ပြန်လာပြီး အလွန်ဆာလောင်နေသည်။ ယာကုပ်သည် ချက်ပြုတ်နေသည်။ သို့သော် ဧသောသည် သူ၏ သားဦးအရာကို ပေးမှသာလျှင် ယာကုပ်သည် သူ့အစ်ကိုအား အစားအစာအချို့ ပေးမည် ဖြစ်သည်။<br>၅။ ကြွဇက် အိုမင်းလာသည့်အခါ သူ၏ သားအကြီး ဧသောကို ကောင်းကြီး ပေးလိုသည်။ သို့သော် ရေဗက္ကာ နှင့် ယာကုပ်သည် မျက်စိမှုန်နေသည့် ကြွဇက်ကို လှို့ဝှက်ကြံစည်ပြီး လိမ်လည်ခဲ့သည်။ ဧသောသည် သူ၏ ဖခင်အတွက် အမဲလိုက် ထွက်နေစဉ် ရေဗက္ကာ နှင့် ယာကုပ်သည် ဟင်းလျာကို မြန်မြန်ချက်ပြီး၊ ဧသော အယောင်ဆောင်ကာ သူ့ဖခင်ထံ သွားခဲ့သည်။ ယာကုပ်သည် သားဦးအရာနှင့် ဆိုင်သည့် ကောင်းကြီးမင်္ဂလာကို သူ၏ ဖခင်ထံမှ ခံစားလိုသည့်အတွက် ဤသို့ ပြုခြင်း ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဧသောသည် သူ၏ သားဦးအရာကို ယာကုပ်အား ရောင်းပြီး၊ ယာကုပ်သည် ကြွဇက်အား လိမ်လည်ခဲ့ခြင်း (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကြွဇက် ဆုတောင်းပြီးနောက်တွင် ရေဗက္ကာသည် သားအမွှာလေး မွေးခဲ့သည်။ ဧသောမှာ သားအကြီး ဖြစ်ပြီး၊ ယာကုပ်မှာ သားငယ် ဖြစ်သည်။<br>၂။ မိသားစုအတွင်းတွင် မျက်နှာသာပေးသည့်သား ကိုယ်စီ ရှိကြသည်။ ကြွဇက်သည် အမဲလိုက်သည့် မုဆိုး ဧသောကို ချစ်သည်။ ရေဗက္ကာသည် အိမ်၌ မိမိနှင့် နေသောသား ယာကုပ်ကို ချစ်သည်။<br>၃။ *ရှေးယခင်က အရှေ့အလယ်ပိုင်းဒေသတွင် သားဦးအရာသည် အရေးကြီးကြောင်း ရှင်းပြပါ။*<br>၄။ ဧသောသည် အမဲလိုက်ရာမှ ပြန်လာပြီး အလွန်ဆာလောင်နေသည်။ ယာကုပ်သည် ချက်ပြုတ်နေသည်။ သို့သော် ဧသောသည် သူ၏ သားဦးအရာကို ပေးမှသာလျှင် ယာကုပ်သည် သူ့အစ်ကိုအား အစားအစာအချို့ ပေးမည် ဖြစ်သည်။ ယာကုပ်သည် မည်မျှ ကောက်ကျစ်ပြီး တစ်ကိုယ်ကောင်းဆန်သောသူ ဖြစ်ကြောင်း ဖော်ပြနေသည်။<br>၅။ ကြွဇက် အိုမင်းလာသည့်အခါ သူ၏ သားအကြီး ဧသောကို ကောင်းကြီး ပေးလိုသည်။ သို့သော် ရေဗက္ကာ နှင့် ယာကုပ်သည် မျက်စိမှုန်နေသည့် ကြွဇက်ကို လှို့ဝှက်ကြံစည်ပြီး လိမ်လည်ခဲ့သည်။ ဧသောသည် သူ၏ ဖခင်အတွက် အမဲလိုက် ထွက်နေစဉ် ရေဗက္ကာ နှင့် ယာကုပ်သည် ဟင်းလျာကို မြန်မြန်ချက်ပြီး၊ ဧသော အယောင်ဆောင်ကာ သူ့ဖခင်ထံ သွားခဲ့သည်။ ယာကုပ်သည် သားဦးအရာနှင့် ဆိုင်သည့် ကောင်းကြီးမင်္ဂလာကို သူ၏ ဖခင်ထံမှ ခံစားလိုသည့်အတွက် ဤသို့ ပြုခြင်း ဖြစ်သည်။<br>၆။ *ဤလိမ်လည်ခြင်း၏ ဥပမာကို ဆွေးနွေးပြီး ၊ ရိုးသားဖြောင့်မတ်ခြင်း၏ အရေးကြီးပုံကို ရှင်းပြပါ။*<br>၇။ ဧသောသည် အိမ်သို့ ပြန်ရောက်လာသော အချိန်တွင် အလွန် စိတ်ဆိုးခဲ့ရသည်။ သူအား ကောင်းကြီးပေးရန် သူဖခင်ထံ အသနားခံခဲ့သည်။ သို့သော် အလွန် နောက်ကျခဲ့ပြီး ဖြစ်သည်။ သူ၏ သားဦးအရာ နှင့် ကောင်းကြီးမင်္ဂလာ ဆုံးရှုံးခဲ့ရသည်။ သူသည် ယာကုပ်အား သတ်လိုခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဧသောသည် သူ၏ သားဦးအရာကို ယာကုပ်အား ရောင်းပြီး၊ ယာကုပ်သည် ကြွဇက်အား လိမ်လည်ခဲ့ခြင်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ဤသင်ခန်းစာတွင် ယာကုပ် ကျူးလွန်သည့် အပြစ်ကို စဉ်းစားဆင်ခြင်ပါ။<br>၂။ ကျွန်ုပ်တို့ ခွင့်လွှတ်ခြင်း ခံစားရနိုင်သည့် အပြစ်မှာ မည်ကဲ့သို့သော အပြစ်မျိုး ဖြစ်သနည်း။ စုပေါင်း၍ စဉ်းစားပါ။ တစ်ဦးခြင်း အနေဖြင့်လည်း စဉ်းစားပါ။<br>၃။ ကျောင်းသား အများစု၏ တုံ့ပြန်မှုကို နံရံကပ်ဘုတ် သို့မဟုတ် ပင့်ကူပုံ ကားချပ်တစ်ခု ပြုလုပ်ပါ။<br>၄။ ခွင့်လွှတ်ခြင်း အတွက် ဘုရားသခင်ထံ ကျွန်ုပ်တို့ မည်သို့ တောင်းလျှောက်နိုင်ကြောင်း နှင့် သူတစ်ပါးအတွက် ခွင့်လွှတ်ခြင်း အကြောင်း စဉ်းစားဆင်ခြင်ပါ။ သင့်အား ကူညီရန်အတွက် ***ဆာလံ၊၃၂း ၁-၅*** ကို ဖတ်ပါ။ | ၁။ ဧသောသည် သူ့မိခင် နှင့် ညီ၏ လှည့်စားခြင်း ခံရကြောင်းကို သိရှိသွားသည့်အခါ သူမည်သို့ ခံစားရမည်ကို စဉ်းစားပါ။<br>၂။ သင်၏ လိမ်လည်ခြင်း၊ ကောက်ကျစ်ခြင်းကြောင့် သင် ဒုက္ခတွေ့ရသည့် အချိန်ကို စဉ်းစားပါ။ သင်၏ အနာဂတ်တွင် ခြားနားသည့် နည်းလမ်းဖြင့် သင်ကြိုးစား အသက်ရှင်သွားမည့် နည်းလမ်း နှစ်ခုကို ရေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>သင် ကျူးလွန်လေ့ရှိသည့် အပြစ်များကို စာရွက်ပေါ်တွင် ရေးပါ။ ထို့နောက် ထိုစာရွက်ကို ဆုတ်ဖြဲလိုက်ပြီး၊ အမှိုက်ပုံးထဲ ထည့်ပါ။ သို့မဟုတ် စက္ကူဖြတ်စက်ထဲ ထည့်ပါ။ နောက်တစ်နည်းမှာ သဲ သို့မဟုတ် ဖုန်ထူသော နေရာပေါ်တွင် အပြစ်အချို့ကို ရေးပြီး၊ ထိုနောက် ဖျက်ပစ်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယာကုပ် အတွက် ဘုရားသခင်၏ အကြံအစည်ကို စဉ်းစားပါ။ ***ယေရမိ၊ ၂၉း ၁၁*** တွင် ပေးထားသည် ကျမ်းစာ နည်းဥပဒေသ အပေါ် အခြေခံ၍ သင့်အသက်တာအတွက် ဘုရားသခင်၌ အကြံအစည် ရှိနိုင်ကြောင်း စဉ်းစားပါ။<br>၂။ သင်၏ အနာဂတ်ကို လမ်းဖွင့်ပြရန် ဘုရားသခင်ထံ တောင်းခံပါ။ အပြုသဘောဆောင်ပါ။ |

| | က၇ - အဆင့် ၃<br>သင်ခန်းစာ ၂ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - အိပ်မက်မက်သူ | က၇ - အဆင့် ၄<br>သင်ခန်းစာ ၂ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - အိပ်မက်မက်သူ |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၇း ၄၁-၄၆ နှင့် ကမ္ဘာ၊ ၂၈း ၁၀-၂၂*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာ၊ ၂၈း၁၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယာကုပ်သည် မှားယွင်းသောအရာကို လုပ်ဆောင်သော်လည်း ဘုရားသခင်သည် သူ နှင့်အတူ ပါရှိပြီး၊ သူ့အား အလွန် ချစ်နေဆဲ ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့ အတွက်လည်း ထို့နည်းတူပင် ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၇း ၄၁-၄၆ နှင့် ကမ္ဘာ၊ ၂၈း ၁-၂၂*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာ၊ ၂၈း၁၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယာကုပ်သည် ရှုပ်ထွေးအောင် လုပ်သော်လည်း၊ သူ၏ အသက်တာ အတွက် ကတိတော်များပေးသည့် ဘုရားသခင်နှင့် ပတ်ပင်ကြုံသည့် အံ့သြဖွယ်အဖြစ်ကို တွေ့ကြုံခဲ့ရသည်။<br>၂။ ဘုရားသခင်သည် ယာကုပ်အား ဆက်ဆံသကဲ့သို့ ကျွန်ုပ်တို့အား ဆက်ဆံသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏ အသက်တာကို မည်သို့ ထိန်းချုပ်ထားသည်ကို လည်းကောင်း၊ ကျွန်ုပ်တို့ ပြုလုပ်သမျှကို မည်သို့ သိမြင်သည်ကို လည်းကောင်း၊ စဉ်းစာဆင်ခြင်ပါ။<br>၂။ သူတစ်ပါးနှင့် ကျွန်ုပ်တို့ ဆက်သွယ်နိုင်သည့် နည်းလမ်းကိုစဉ်းစားပါ။ တခါတရံ ဘုရားသခင်သည် အမျိုးမျိုးသော နည်းလမ်းဖြင့် ကျွန်ုပ်တို့ထံ စကားပြောလေ့ ရှိကြောင့် စဉ်းစားဆင်ခြင်ပါ။<br>၃။ ယနေ့တွင် ကျွန်ုပ်တို့ထံ ထာဝရဘုရား စကားပြောသည့် အခါ မည်သည့် နည်းလမ်းဖြင့် စကားပြောသနည်း။ ကလေးများအား စဉ်းစားခိုင်းပါ။ | ၁။ ဘုရားသခင်ကို ယုံကြည်သောသူတစ်ဦးသည် ပြဇာတ်ဆန်ဆန် သဘာဝလွန် အတွေ့အကြုံ၊ အံ့သြဖွယ် ဖြစ်ရပ်နှင့် တွေ့ကြုံဖူးသည့် အချိန်ကို ကလေးများအား ဝေမျှခိုင်းပါ။<br>၂။ ထိုကဲ့သို့ အံ့သြဖွယ်များနှင့် တွေ့ကြုံနိုင်ရန် ကျွန်ုပ်တို့သည် ပြည့်စုံသောသူ ဖြစ်ရန် လိုအပ်ပါသလား။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဧသောသည် သူ၏ ဖခင် သေသောအခါ ယာကုပ်အား သတ်မည်ဟု စဉ်းစားခဲ့သည်။ ဧသော၏ အမျက်ဒေါသ ပြေသည့်တိုင်အောင် ယာကုပ်အား ဦးလေး လာဗန်ထံတွင် သွားရောက်နေထိုင်ရန် ရေဗက္ကာ အကြံပေးခဲ့သည်။<br>၂။ ဣဇက်သည် ယာကုပ်အား ကောင်းကြီး ပေးပြီး၊ ယာကုပ်သည် ပါဒနာရံပြည် ခါရန်မြို့သို့ ထွက်သွားလေသည်။<br>၃။ ယာကုပ်သည် လမ်းခရီးတွင် မိုးချုပ်၍ နားခဲ့ရာ ညတွင် အိပ်မက်မက်ခဲ့သည်။ ကောင်းကင်တိုင်အောင် မှီသည် လှေကားကို မြင်မက်ခဲ့သည်။ ထို့နောက် ဘုရားသခင်သည် သူ့ထံ စကားပြောပြီး၊ သူ၏ မိသားစု နှင့် မျိုးဆက်များ အမွေခံစားရမည့် နယ်မြေအကြောင်းကို ကတိတော်များ ပေးခဲ့သည်။ သူ၏ လမ်းခရီးတွင်လည်း သူနှင့်အတူ ပါရှိမည်ဟု ကတိပေးခဲ့သည်။<br>၄။ ယာကုပ်သည် နိုးထလာသည့်အခါ ထိုအရပ်ကို ဗေသလဟု အမည်မှည့်ခေါ်ခဲ့သည်။ အဓိပ္ပာယ်မှာ ဘုရားသခင်၏ အိမ်တော် ဖြစ်သည်။<br>၅။ ထာဝဘုရားသခင်သည် သူ့အား စောင့်ရှောက်လျှင် ထာဝရဘုရားကို သူ၏ ဘုရားအဖြစ် ကိုးကွယ်မည်ဟု ယာကုပ်သည် ဘုရားသခင်အား ကတိပေးခဲ့သည်။<br>၆။ *ဗေသလအရပ်၌ ရှိသော ယာကုပ်၏ အသက်တာမှ သင်ယူနိုင်သည့် သင်ခန်းစာကို ဆင်ခြင်ပါ။*<br>၇။ *ယာကုပ် အပေါ်ဘုရားသခင် ထားရှိသည့် ချစ်ခြင်းမေတ္တာ အကြောင်း ရှင်းပြပြီး၊ ဆွေးနွေးပါ။ သူ၏ အပြစ်အကြောင်း မဟုတ်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အိပ်မက်ထဲ၌ ဘုရားသခင်သည် ယာကုပ်ထံ စကားပြောသည်။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဧသောသည် သူ၏ ဖခင် သေသောအခါ ယာကုပ်အား သတ်မည်ဟု စဉ်းစားခဲ့သည်။ ဧသော၏ အမျက်ဒေါသ ပြေသည့်တိုင်အောင် ယာကုပ်အား ဦးလေး လာဗန်ထံတွင် သွားရောက်နေထိုင်ရန် ရေဗက္ကာ အကြံပေးခဲ့သည်။<br>၂။ ဣဇက်သည် ယာကုပ်အား ကောင်းကြီး ပေးပြီး၊ ယာကုပ်သည် ပါဒနာရံပြည် ခါရန်မြို့သို့ ထွက်သွားလေသည်။<br>၃။ ယာကုပ်သည် လမ်းခရီးတွင် မိုးချုပ်၍ နားခဲ့ရာ ညတွင် အိပ်မက်မက်ခဲ့သည်။ ကောင်းကင်တိုင်အောင် မှီသည် လှေကားကို မြင်မက်ခဲ့သည်။ ထို့နောက် ဘုရားသခင်သည် သူ့ထံ စကားပြောပြီး၊ သူ၏ မိသားစု နှင့် မျိုးဆက်များ အမွေခံစားရမည့် နယ်မြေအကြောင်းကို ကတိတော်များ ပေးခဲ့သည်။ သူ၏ လမ်းခရီးတွင်လည်း သူနှင့်အတူ ပါရှိမည်ဟု ကတိပေးခဲ့သည်။<br>၄။ ယာကုပ်သည် နိုးထလာသည့်အခါ ထိုအရပ်ကို ဗေသလဟု အမည်မှည့်ခေါ်ခဲ့သည်။ အဓိပ္ပာယ်မှာ ဘုရားသခင်၏ အိမ်တော် ဖြစ်သည်။<br>၅။ ထာဝဘုရားသခင်သည် သူ့အား စောင့်ရှောက်လျှင် ထာဝရဘုရားကို သူ၏ ဘုရားအဖြစ် ကိုးကွယ်မည်ဟု ယာကုပ်သည် ဘုရားသခင်အား ကတိပေးခဲ့သည်။<br>၆။ *ယာကုပ် အပေါ်ဘုရားသခင် ထားရှိသည့် ချစ်ခြင်းမေတ္တာ အကြောင်း ရှင်းပြပြီး၊ ဆွေးနွေးပါ။ သူ၏ အပြစ်အကြောင်း မဟုတ်ပါ။*<br>၇။ *ဘုရားသခင် ကျွန်ုပ်တို့၏ အသက်တာတွင် အလုပ်လုပ်သည့်အခါ ကျွန်ုပ်တို့ မြင်တွေ့နိုင်သည့် အံ့သြဖွယ်အမှုများ အကြောင်း ရှင်းပြပြီး ဆွေးနွေးပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အိပ်မက်ထဲ၌ ဘုရားသခင်သည် ယာကုပ်ထံ စကားပြောသည်။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | အဖွဲ့ငယ်လေးများ ဖွဲ့ပြီး၊ ‘ဤနေရာတွင် ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူ ရှိသည်။’ ဟူသော ခေါင်းစဉ်ကို အသုံးပြုခြင်းဖြင့် ဘုရာသခင်သည် သင်တို့နှင့်အတူ ရှိနေသည်ဟု သင်တို့ သိနေသည်ကို ပြောပြပါ။ နေ့စဉ် အသက်တာတွင် ***ဟေဗြဲ ၁၃း ၅*** ၏ ရည်ရွယ်ချက်ကို စဉ်းစားပါ။ | ၁။ ယနေ့တွင် ဘုရားသခင်သည် လူသားတို့ထံ မည်သို့ စကားပြောနိုင်သည်ကို စဉ်းစားဆင်ခြင်ပါ။<br>၂။ ဘုရားသခင်သည် ကျောင်းသူ/သားများ၏ နေ့စဉ် အသက်တာနှင့် သက်ဆိုင်သည့် မည်သည့် ကတိတော်များကို ပေးခဲ့သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သင် အပြစ်လုပ်သည့်အချိန်ကို ဘုရားသခင် သိပြီး သင့်အား အပြစ် ပေးရမည့်အစား၊ ကောင်းကြီး ပေးသည့်အဖြစ်မျိုး သင်တွေ့ကြုံခံစားဖူးပါသလား။<br>၂။ ထိုကဲ့သို့သော အတွေ့အကြုံမျိုးသည် သင့်အား မည်သို့ ခံစားစေသနည်း။<br>၃။ သင်၏ အသက်တာတွင် ဘုရားသခင် သင်အား စကားပြောမည့်အရာကို သင် မည်သို့ မျှော်လင့်ထားသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် သင်အား အိပ်မက် ပေးဖူးပါသလား။ ဝိညာဉ်သဘော ဆောင်သည့် အိပ်မက်မျိုး သင်မြင်မက် ဖူးပါသလား။ မည်သည့် အဓိပ္ပာယ် ဆောင်သည်ဟု သင်ထင်းပါသနည်း။ အသက်တာတွင် ထိုအရာသည် သင့်အား မည်သည့် နည်းလမ်းဖြင့် အကူအညီ ပေးသနည်း။<br>၂။ ဘုရားသခင် ကတိပေးထားသည့် ကတိတော် လေးမျိုးကို သမ္မာကျမ်းစာထဲတွင် ကြည့်ပါ။ ဤအရာများကို ဆုတောင်းပြီး အသုံးပြုပါ။ |

| | က၇ - အဆင့် ၃<br>သင်ခန်းစာ ၃ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - စိတ်ပျက်ခြင်းများ | က၇ - အဆင့် ၄<br>သင်ခန်းစာ ၃ - ယာကုပ်<br>ခေါင်းစဉ် - စိတ်ပျက်ခြင်းများ |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၉း ၁-၃၀*<br>**အဓိကသော့ချက်ကျမ်း** *ဂလာတိ၊ ၆း၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ လူလိမ် ယာကုပ်သည် အလိမ်ခံရသည်။<br>၂။ ဘဝသည် မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်း ကဲ့သို့ ဖြစ်သည်။<br>၃။ ဘဝသည် အမြဲအဆင်ပြေနေမည်ဟု ကတိပေးထားခြင်း မရှိပါ။ | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၂၉း ၁-၃၀ နှင့် ကမ္ဘာ၊ ၃၁း ၁-၂၁*<br>**အဓိကသော့ချက်ကျမ်း** *။ဂလာတိ ၆း ၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ လူလိမ် ယာကုပ်သည် အလိမ်ခံရသည်။<br>၂။ ဘဝသည် မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်း ကဲ့သို့ ဖြစ်သည်။<br>၃။ သူ၏ အဓိပ္ပာယ်ကို ဘုရားသခင်သည် မည်သို့ ပြောထားသနည်း။<br>၄။ ကိုယ်၌ သူတစ်ပါး ပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ကျွန်ုပ်တို့ ပြုရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ လယ်ယာ သို့မဟုတ် ဥယျာဉ်၌ မျိုးစေ့ကြဲခြင်းအကြောင်း နှင့် ရိတ်သိမ်ခြင်းအကြောင်းကို ပြောပြပါ။ မျိုးစေ့ကြဲသည့်အတိုင်း ရိတ်သိမ်းရသည့်အကြောင်းကို ရှင်းပြပါ။<br>၂။ ကျွန်ုပ်တို့၏ အပြုအမူသည် ကောင်းသည် ဖြစ်စေ ဆိုးသည် ဖြစ်စေ အကျိုးဆက်များ ခံစားရမည် ဖြစ်ကြောင်း ပြောပြပါ။ စိုက်သည့်အတိုင်း ရိတ်ရသည်။<br>၃။ ဆိုးသော အမူအကျင့် ရှိသောသူအချို့၏ ဥပမာကို စဉ်းစားကြည့်ပါ။ သူတို့ ခံစားရသည့် အကျိုးဆက်များအကြောင်း ပြန်ပြောပြပါ။ | ၁။ လယ်ယာ သို့မဟုတ် ဥယျာဉ်၌ မျိုးစေ့ကြဲခြင်းအကြောင်း နှင့် ရိတ်သိမ်ခြင်းအကြောင်းကို ပြောပြပါ။ မျိုးစေ့ကြဲသည့်အတိုင်း ရိတ်သိမ်းရသည့် အကြောင်းကို ရှင်းပြပါ။<br>၂။ ကျွန်ုပ်တို့၏ အပြုအမူသည် ကောင်းသည် ဖြစ်စေ ဆိုးသည် ဖြစ်စေ အကျိုးဆက်များ ခံစားရမည် ဖြစ်ကြောင်း ပြောပြပါ။<br>၃။ မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်း ဥပမာ အတွက် ပြည်တွင်းသတင်းစာ သို့မဟုတ် မဂ္ဂဇင်းများတွင် ကြည့်ပါ။ သူတို့၏ ပုံများကို ညှပ်ပြီး စာသားများဖြည့်ပေးခြင်းအား ဖြတ်ညှပ်ကပ်ပုံ ပြုလုပ်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယာကုပ်သည် ခါရန်သို့ ရောက်ရှိသွားပြီး၊ သူတို့၏ သိုးများကို ရေခပ်တိုက်နေသည့် သိုးထိန်းများနှင့် တွေ့ဆုံခဲ့သည်။<br>၂။ ယာကုပ်၏ ဝမ်းကွဲတော်စပ်သူ ရာခေလသည် သူမ၏ သိုးများကို ရေတိုက်ရန် အတွက် ရောက်ရှိလာသည်ကို ယာကုပ် ကူညီပေးခဲ့သည်။ ရာခေလသည် ယာကုပ် ရောက်ရှိလာသည့် အကြောင်းကို လာဗန်ထံ ပြောပြခဲ့ရာ၊ လာဗန်သည် ယာကုပ်အား သူ၏ အိမ်သို့ နွေးထွေးစွာ ကြိုဆိုခဲ့သည်။<br>၃။ ယာကုပ်သည် လာဗန်ထံ အလုပ်လုပ်ခဲ့သည်။ သူ ၇ နှစ် အလုပ်လုပ်လျှင် သူချစ်သော ရာခေလကို လက်ထပ်ခွင့် ပြုရမည်ဟု သဘောတူခဲ့ကြသည်။<br>၄။ ယာကုပ်သည် လာဗန်ထံတွင် အလိမ်ခံခဲ့ရကြောင်းကို လက်ထပ်ပွဲ ပြီးနောက်တွင် သိလိုက်သည်။ ရာခေလ၏ အမ လေအာကို သူလက်ထပ်လိုက်ရသည်။<br>၅။ ထိုနောက်တွင် ယာကုပ်သည် ရာခေလကိုလည်း လက်ထပ်ခွင့်ရခဲ့သည်။ သူမအတွက် နောက်ထပ် ၇ နှစ် အလုပ် ဆက်လုပ်ရ ပြန်သည်။<br>၆။ *လူလိမ်ယာကုပ်သည် လွန်ခဲ့သည့် နှစ်များက သူ၏ မိသားစုအပေါ် လိမ်လည်ခဲ့ခြင်းများ အတွက် သူ မည်သို့ ပြန်လည် ရိတ်သိမ်း နေရသည်ကို ဆွေးနွေးပါ။*<br>၇။ *လူများစွာတို့သည် မတူညီသည့် နည်းလမ်းများစွာဖြင့် မည်သို့သော စိတ်ပျက်ခြင်းများနှင့် ရင်ဆိုင်နေကြရသည်ကိုလည်း ဆွေးနွေးပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – လက်ထပ်ပွဲတွင် ယာကုပ် အလိမ်ခံခဲ့ရသည်။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယာကုပ်သည် ခါရန်သို့ ရောက်ရှိသွားပြီး၊ သူတို့၏ သိုးများကို ရေခပ်တိုက်နေသည့် သိုးထိန်းများနှင့် တွေ့ဆုံခဲ့သည်။<br>၂။ ယာကုပ်၏ ဝမ်းကွဲတော်စပ်သူ ရာခေလသည် သူမ၏ သိုးများကို ရေတိုက်ရန် အတွက် ရောက်ရှိလာသည်ကို ယာကုပ် ကူညီပေးခဲ့သည်။ ရာခေလသည် ယာကုပ် ရောက်ရှိလာသည့် အကြောင်းကို လာဗန်ထံ ပြောပြခဲ့ရာ၊ လာဗန်သည် ယာကုပ်အား သူ၏ အိမ်သို့ နွေးထွေးစွာ ကြိုဆိုခဲ့သည်။<br>၃။ ယာကုပ်သည် လာဗန်ထံ အလုပ်လုပ်ခဲ့သည်။ သူ ၇ နှစ် အလုပ်လုပ်လျှင် သူချစ်သော ရာခေလကို လက်ထပ်ခွင့် ပြုရမည်ဟု သဘောတူခဲ့ကြသည်။<br>၄။ ယာကုပ်သည် လာဗန်ထံတွင် အလိမ်ခံခဲ့ရကြောင်းကို လက်ထပ်ပွဲ ပြီးနောက်တွင် သိလိုက်သည်။ ရာခေလ၏ အမ လေအာကို သူလက်ထပ်လိုက်ရသည်။<br>၅။ ထိုနောက်တွင် ယာကုပ်သည် ရာခေလကိုလည်း လက်ထပ်ခွင့်ရခဲ့သည်။ သူမအတွက် နောက်ထပ် ၇နှစ် အလုပ် ဆက်လုပ်ရ ပြန်သည်။<br>၆။ *လူလိမ်ယာကုပ်သည် လွန်ခဲ့သည့် နှစ်များက သူ၏ မိသားစုအပေါ် လိမ်လည်ခဲ့ခြင်းများ အတွက် သူ မည်သို့ ပြန်လည် ရိတ်သိမ်း နေရသည်ကို ဆွေးနွေးပါ။*<br>၇။ ထို့နောက် ဘုရားသခင်သည် ယာကုပ်အား သူ၏မိသားစုများ နေထိုင်သည့် ပြည်သို့ ပြန်ရန် ပြောခဲ့သည်။ ဘုရားသခင်သည် သူအား ကောင်းကြီး ပေးသည့်အတွက် သူသည် မြောက်များစွာသော တရိစ္ဆာန်မျာ နှင့် ကြီးမားသည့် မိသားစုကိုလည်း ပိုင်ဆိုင်ထားသည်။ သူသည် အဝေးသို့ ထွက်သွားတော့မည်ကို လာဗန်အား ပြောပြထားခြင်း မရှိပေ။ သို့သော် လာဗန် အိမ်၌ မရှိသည့် အချိန်တွင် သူထွက်လာခဲ့သည်။<br>၈။ *ယာကုပ်၏ ကျရှုံးခြင်း အကြောင်းကို စဉ်းစားပါ။ မပြည့်စုံသည့် ယာကုပ်၏ အသက်တာတွင် ဘုရားသခင် ဆက်လက် အလုပ်လုပ်နေသည့် အကြောင်း ဆွေးနွေးပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – လက်ထပ်ပွဲတွင် ယာကုပ် အလိမ်ခံခဲ့ရခြင်း နှင့် ခါနာန်ပြည်သို့ သူပြန်လာခြင်း။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | နံပါတ် ၇ မှ ဥပမာ တစ်ခုကို ရွေးပါ။ လူတိုင်း မြင်သာနိုင်ရန် စာသင်ခန်းထဲရှိ ကာချပ် ပေါ်တွင် ရေးသားထားပေးပါ။ ( ဖြစ်နိုင်ပါလျှင် - စာရွက် ပေါ်တွင် ရေးမည့်အစား အများ အသုံးပြုနိုင်ရန် မြင်သာသည့် နေရာတွင် ချိတ်ထားပါ။) | လူ့ဘဝ အသက်တာတွင် မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်း ဥပမာ အကြောင်းကို စဉ်းစားပါ။ ပထမတွင် အနုတ်လက္ခဏာဖြင့် စဉ်းစားပါ။ ထို့နောက် အပေါင်လက္ခဏာဖြင့် စဉ်းစားပါ။ ထိုရလဒ် နှစ်ခုစလုံး အပေါ် သင်၏ တုံ့ပြန်မှုကို ရေးမှတ်ထားပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သင်သည် မည်သည့်အချိန်တွင် စိတ်ပျက်ဝမ်းနည်းခြင်းနှင့် ကြုံတွေ့ခဲ့ရသနည်း။<br>၂။ ထိုအရာကို သင် မည်သို့ တိကျစွာ ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့ သနည်း။<br>၃။ ထိုအရာကို သင် ကိုင်တွယ်ဖြေရှင်းနိုင်သည့် နည်းလမ်းကောင်း ရှိပါသလား။<br>၄။ မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်း တို့၏ ဥပမာသုံးခုကို ကော်လံ နှစ်ခုပေါ်တွင် စာရင်းပြုစု ရေးသားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လူလိမ်သည် ပြန်လည် အလိမ်ခံရသည်ကို သင်သိပါသလား။<br>၂။ မှားယွင်းသော အပြုအမူသည် မှားယွင်းစွာ နေထိုင်ပြုမူသောသူထံ ပြန်လှည့်လာပြီး ခြောက်လှန့်သည့် အခြားဥပမာကို သင်စဉ်းစားနိုင်ပါသလား။ |

| | က၇ - အဆင့် ၃<br>သင်ခန်းစာ ၄ - ယာကုပ်၏ အသက်တာ<br>ခေါင်းစဉ် - ရှာဖွေတွေ့ရှိချက် | က၇ - အဆင့် ၄<br>သင်ခန်းစာ ၄ - ယာကုပ်<br>ခေါင်းစဉ် - ရှာဖွေတွေ့ရှိချက် |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၃၂း ၁-၂၁ ၊ ကမ္ဘာ၊ ၃၃း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *။၁ ယော၊ ၁း ၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယာကုပ်၏ အသက်တာ၌ ဖြစ်သကဲ့သို့ သူတစ်ပါးသည် ကျွန်ုပ်တို့ အပေါ်တွင် မကောင်းသော အမှုကို ပြုထားသော်လည်း ဘုရားသခင်၏ ကူညီမစမှုဖြင့် သူတစ်ပါး၏ အပြစ်ကို ကျွန်ုပ်တို့ ခွင့်လွှတ် ပေးနိုင်သည်။<br>၂။ ကျွန်ုပ်တို့သည် နောင်တရပြီး ဘုရားသခင်ထံ တောင်းပန်လျှင်း ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို အမြဲ ခွင့်လွှတ်ပေးသည်။ | **အခြေပြုကျမ်းညွှန်း** *ကမ္ဘာ၊ ၃၂း ၁-၃၂၊ ကမ္ဘာ၊ ၃၃း ၁-၁၇*<br>**အဓိကသော့ချက်ကျမ်း** *၁ ယော၊ ၁း ၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယာကုပ်၏ အသက်တာတွင် အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည်။ သို့သော် ယာကုပ်အတွက် ဘုရားသခင်နှင့် တွေ့ဆုံရခြင်းသည် အလွန်အရေးပါလှသည်။ ထို့နောက် မတွေ့တာ အလွန်ကြာပြီး ဖြစ်သည့် သူ၏ အစ်ကို ဧသောနှင့် တွေ့ဆုံရခြင်းသည်လည်း သူ့အတွက် အလွန်အရေးကြီးလှပါသည်။<br>၂။ ယခု အသက်ကြီးလာသည့် တိုင်အောင် ယာကုပ်၏ အသက်တာ အတွက် ဘုရားသခင်၌ အကြံအစည် ရှိနေဆဲ ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ ယာကုပ်သည် ဘုရားသခင်ထံ နာခံခဲ့ပြီး သူ၏ အိမ်သို့ ပြန်လာခဲ့သည်ကို ကျောင်းသားများအား ပြန်လည်သတိပေးပါ။ သို့သော် လွန်ခဲ့သည့် နှစ်များစွာက သူ့အား သတ်ရန် ခြိမ်းခြောက်ခဲ့သည့် သူ၏အစ်ကို ဧသောနှင့် တွေ့ဆုံရမည်ကို သူအလွန် ပူပန်သောက များနေသည်။<br>၂။ ဧသောသည် သူ့အား ခွင့်လွှတ်ရန် ပြင်ဆင်ထားခြင်း ရှိနိုင်၊ မရှိနိုင် စဉ်းစားကြည့်ပါ။<br>၃။ (က) သူတစ်ပါးအား သင် ခွင့်လွှတ်လိုက်သည့်အခါ (ခ) သူတစ်ပါးအား သင် ခွင့်မလွှတ်သည့်အခါ သင်၌ အမှန်တကယ် ဖြစ်ပျက်လာသည့် အကြောင်းအရာ အချို့ကို စာရင်း ပြုစုပါ။ | ၁။ အထူးပုဂ္ဂိုလ်နှင့် တွေ့ဆုံရာတွင် မည်သည့် အရာများ လိုအပ်ကြောင်းနှင့် ထိုအရာများကို မည်သို့ ပြင်ဆင်ထားသင့်ကြောင်း ပြောပါ။<br>၂။ ယာကုပ်သည် ဘုရားသခင်နှင့် အဆက်အသွယ် မလုပ်သည်မှာ နှစ်အနည်းငယ် ကြာပြီးနောက် ယခုတွင် သူသည် ဘုရားသခင်နှင့် တွေ့ဆုံ ခဲ့ပြီး၊ ဧသောနှင့် တွေ့ဆုံရန်အတွက် အကူအညီ ရယူခဲ့သည်။<br>၃။ အကယ်၍ ဖြစ်နိုင်ပါလျှင် Jim Elliott ၏ အမျိုးသမီးသည် သူမ၏ အမျိုးသားကို သတ်သည့် လူသတ်သမားကို မည်သို့ ခွင့်လွှတ်ခဲ့သည့် အကြောင်း ဖြစ်သည့် “The End of the Spear” စာအုပ်ကို internet တွင် ရှာ၍ ဖတ်ပါ။ သို့မဟုတ် DVD ဖြင့် ကြည့်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး ရှင်းပြပါ။**<br>၁။ နှစ်ပေါင်းများစွာ ကြာပြီးနောက်မှ မိမိ၏ အိမ်သို့ ပြန်ရမည့် ခရီးကို ယာကုပ် အဘယ်ကြောင့် ကြောက်ရွံ့နေရသနည်း။ အကြောင်းအရင်းကို စဉ်းစားကြည့်ပါ။<br>၂။ ဧသောသည် သူ့အား တွေ့ရန် လူ ၄၀၀ နှင့် လာသည့် သတင်းကို သူသိရသည့် အခါ ပို၍ ကြောက်စိတ် ဝင်လာခဲ့သည်။<br>၃။ ယာကုပ်သည် အရာ သုံးခုကို ပြုလုပ်ခဲ့သည်။ (၁) သူ၏ မိသားစုကို နှစ်ဖွဲ့ ခွဲလိုက်သည် တစ်ဖွဲ့ ဖျက်စီး ခံရပါက တစ်ဖွဲ့ လွတ်မြောက်ရန်အတွက် ဖြစ်သည်။ *(၃၂း ၇-၈)* (၂) သူဆုတောင်းခဲ့သည်။ *(၃၂း၉-၁၂)* (၃) ဧသောထံ လက်ဆောင်များ ပို့ပေးခဲ့သည်။ *(၃၂း၁၄-၁၆)*<br>၄။ ထိုနေ့ညတွင် ယာကုပ်သည် အလွန် ထူဆန်းသည့် အတွေ့အကြုံကို ရရှိခဲ့သည်။ ဘုရားသခင်နှင့် တွေ့ဆုံခဲ့သည်။ သူ့အတွက် ကောင်းကြီးမင်္ဂလာကို ရှာဖွေခဲ့သည်။ *(၃၂း ၂၂-၃၁)*<br>၅။ ယာကုပ်၏ ကြောက်ရွံ့ခြင်းများသည် အခြေအမြစ်မရှိပေ။ ဧသောသည် သူ့အား ပွေ့ဖက် ခဲ့သည်။ သူ့အား ခွင့်လွှတ်သည်ကို မြင်ရသည်။ ယာကုပ်သည် သူ၏ မိသားစုများနှင့် မိတ်ဆက်ပေးခဲ့ပြီး၊ သူ၏ လက်ဆောင်များကို လက်ခံရန် ဧသောအား ဖျောင်းဖျခဲ့သည်။<br>၆။ ယာကုပ်သည် သူ၏ ဖခင်ထံ ချက်ခြင်း မပြန်ဘဲ နေခဲ့ပြန်သည်။ သူသည် ချက်ခြင်း မပြန်ဘဲ နေခြင်းအားဖြင့် ဧသောအား တဖန်လိမ်ခဲ့ပြန်သည်။<br>*၇။ ယာကုပ်သည် အဘယ်ကြောင့် သံသရ ရှိရသနည်း။ ဘုရားသခင်၏ ကတိများကို သူ အဘယ်ကြောင့် လက်မခံ ရသည်ကို စဉ်းစားဆင်ခြင်ပါ။*<br>*၈။ ကြောက်ရွံ့ခြင်းများ အကြောင်း ဝေငှပါ။ ကြောက်ရွံ့စိုးရိမ်မှုများ အများစုသည် တကယ် မဖြစ်လာကြောင်း ရှင်းပြပါ။ သို့သော်လည်း ကျွန်ုပ်တို့သည် အချိန်များစွာ ထိုစိုးရိမ်မှုများ၌သာ အာရုံစိုက်နေကြသည်။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ယာကုပ် ခါနာန်သို့ ပြန်လာခဲ့သည်။ ယာကုပ် နှင့် ဧသော ပြန်လည် သင့်မြတ် ခဲ့သည်။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး ရှင်းပြပါ။**<br>၁။ နှစ်ပေါင်းများစွာ ကြာပြီးနောက်မှ မိမိ၏ အိမ်သို့ ပြန်ရမည့် ခရီးကို ယာကုပ် အဘယ်ကြောင့် ကြောက်ရွံ့နေရသနည်း။ အကြောင်းအရင်းကို စဉ်းစားကြည့်ပါ။<br>၂။ ဧသောသည် သူ့အား တွေ့ရန် လူ ၄၀၀ နှင့် လာသည့် သတင်းကို သူသိရသည့် အခါ ပို၍ ကြောက်စိတ် ဝင်လာခဲ့သည်။<br>၃။ ယာကုပ်သည် အရာ သုံးခုကို ပြုလုပ်ခဲ့သည်။ (၁) သူ၏ မိသားစုကို နှစ်ဖွဲ့ ခွဲလိုက်သည် တစ်ဖွဲ့ ဖျက်စီး ခံရပါက တစ်ဖွဲ့ လွတ်မြောက်ရန်အတွက် ဖြစ်သည်။ *(၃၂း ၇-၈)* (၂) သူဆုတောင်းခဲ့သည်။ *(၃၂း၉-၁၂)* (၃) ဧသောထံ လက်ဆောင်များ ပို့ပေးခဲ့သည်။ *(၃၂း၁၄-၁၆)*<br>၄။ ထိုနေ့ညတွင် ယာကုပ်သည် အလွန် ထူဆန်းသည့် အတွေ့အကြုံကို ရရှိခဲ့သည်။ ဘုရားသခင်နှင့် တွေ့ဆုံခဲ့သည်။ သူ့အတွက် ကောင်းကြီးမင်္ဂလာကို ရှာဖွေခဲ့သည်။ *(၃၂း ၂၂-၃၁)*<br>၅။ ယာကုပ်၏ ကြောက်ရွံ့ခြင်းများသည် အခြေအမြစ်မရှိပေ။ ဧသောသည် သူ့အား ပွေ့ဖက် ခဲ့သည်။ သူ့အား ခွင့်လွှတ်သည်ကို မြင်ရသည်။ ယာကုပ်သည် သူ၏ မိသားစုများနှင့် မိတ်ဆက်ပေးခဲ့ပြီး၊ သူ၏ လက်ဆောင်များကို လက်ခံရန် ဧသောအား ဖျောင်းဖျခဲ့သည်။<br>၆။ ယာကုပ်သည် သူ၏ ဖခင်ထံ ချက်ခြင်း မပြန်ဘဲ နေခဲ့ပြန်သည်။ သူသည် ချက်ခြင်း မပြန်ဘဲ နေခြင်းအားဖြင့် ဧသောအား တဖန်လိမ်ခဲ့ပြန်သည်။<br>*၇။ ယာကုပ်သည် အဘယ်ကြောင့် သံသရ ရှိရသနည်း။ ဘုရားသခင်၏ ကတိများကို သူ အဘယ်ကြောင့် လက်မခံ ရသည်ကို စဉ်းစားဆင်ခြင်ပါ။*<br>*၈။ လောကတွင် သူတစ်ပါးအား ခွင့်လွှတ်ခဲ့ကြသော သူတို့၏ တကယ့်ဖြစ်ရပ်မှန် အကြောင်းကို စဉ်းစား ဆင်ခြင်ပါ။*<br>*၉။ ကျွန်ုပ်တို့တွင် ခွင့်လွှတ်ခြင်း မရှိသည့်အခါ သူတစ်ပါး နှင့် ကျွန်ုပ်တို့ကို နာကျင်စေသည့် အကြောင်းအရာများ အကြောင်းစဉ်းစားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ယာကုပ် ခါနာန်သို့ ပြန်လာခဲ့သည်။ ယာကုပ် နှင့် ဧသော ပြန်လည် သင့်မြတ် ခဲ့သည်။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | အထက်ပါ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဘုရားသခင်ထံ စာရေးရန် သင်၏ အတွေးအခေါ် အချို့ကို အသုံးပြုပါ။ ဘုရားသခင်ထံ မည်သို့ တောင်းပန်ဝန်ခံ သင့်ကြောင်း၊ မည်သို့ တောင်းလျှောက်သင့်ကြောင်း နှင့် မည်သို့ ကျေးဇူးတော် ချီးမွမ်းသင့်ကြောင်း စဉ်းစားရန် ကျောင်းသားများကို မေးပါ။ | ဘုရားသခင် နှင့် တွေ့ဆုံခြင်း ဆိုသည်မှာ အဘယ်နည်း။ စဉ်းစားဆင်ခြင်ပါ။<br>က) မည်သည့် အချိန်တွင် ဖြစ်နိုင် မည်နည်း။<br>ခ) မည်ကဲ့သို့ ဖြစ်နိုင် မည်နည်း။<br>ဂ) အဘယ်ကြောင့် ဖြစ်နိုင် မည်နည်း။<br>ကလေးများ ကိုယ်တိုင် ဘုရားသခင်နှင့် တွေ့ဆုံဖူးသည့် အတွေ့အကြုံ ရှိမရှိ ကျောင်းသားများကို မေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့၏ အသက်တာတွင် ဤကျမ်းချက်များမှ မည်သည့်အရာကို သင်ယူရရှိ သနည်း။<br>၂။ မကြာသေးမီက လူတစ်ယောက် ခွင့်လွှတ်ခဲ့သည့် အကြောင်းကို ဥပမာ ပေးပါ။<br>၃။ တစ်ဦးတစ်ယောက်အား ခွင့်လွှတ်နိုင်ရန် ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မကြာသေးမီက သူတို့အား ခွင့်မလွှတ်နိုင်သည့် လူတစ်ဦးတစ်ယောက် ရှိခဲ့လျှင် သို့မဟုတ် သူတို့အား ခွင့်လွှတ်ခဲ့သည့် အတွေ့အကြုံ ရှိခဲ့ပါလျှင် ပြောပြရန် ကျောင်းသားများကို မေးပါ။<br>၂။ ထိုအရာက သူတို့အား မည်ကဲ့သို့သော် ခံစားမှုမျိုးကို ဖြစ်ပေါ်စေသနည်း။<br>၃။ သူတို့ ခွင့်လွှတ် ပေးသင့်သောသူ တစ်ဦးတစ်ယောက် ရှိပါသလား။ |

| | ကစ - အဆင့် ၃<br>သင်ခန်းစာ ၁ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဆုတောင်းခြင်း ဆိုသည်မှာ အဘယ်နည်း။ | ကစ - အဆင့် ၄<br>သင်ခန်းစာ ၁ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဆုတောင်းခြင်း အကြောင်း သင်ယူခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ဆာလံ၊ ၅း ၁-၈*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၅း၂*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဆုတောင်းခြင်းသည် ဘုရားသခင်ထံ စကားပြောခြင်း နှင့် ဘုရားသခင်ထံ နားထောင်ခြင်း ဖြစ်သည်။<br>၂။ ဆုတောင်းခြင်းသည် အလွန်အရေးပါသောအရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အထူးကောင်းမွန်သော ဘုရားဖြစ်သောကြောင့် ဖြစ်သည်။<br>၃။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် အဖြေမရပေ။ ထိုသို့ အဖြေမရခြင်းမှာ အကြောင်းအရင်း ရှိသည်။ | **အခြေပြုကျမ်းညွှန်း** *လုကာ၊ ၁၁း ၁-၁၀ ၊ မသဲ၊ ၆း ၅- ၁၅*<br>**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၁၁း ၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဆုတောင်းခြင်းသည် အထူး အခွင့်အရေး တစ်ရပ် ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားသင့်သည်။<br>၂။ ကျွန်ုပ်တို့သည် မကြာခဏ ဆုတောင်းသင့်သည်။<br>၃။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ မိမိတို့ကိုယ် မိမိတို့ အထင်ကြီးပြီး မချဉ်းကပ်သင့်ပေ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • အဝေးတွင် ရှိသော မိသားစုများ၊ သူငယ်ချင်းများနှင့် ကြိုးစား၍ ပြေလည်မှု ရယူနေရသည့် ပြဿနာအကြောင်း စဉ်းစားပါ။<br>• ဘုရားသခင် နှင့် ကျွန်ုပ်တို့ ဆက်သွယ်နိုင်သည့် အံ့ဩဖွယ်အချက်များကို စဉ်းစားဆင်ခြင်ပါ။<br>• အကယ်၍ ကျောင်းသားများ ဆုတောင်းလျှင် အဘယ်ကြောင့် ဆုတောင်းရခြင်း ဖြစ်သနည်း။ အဘယ်ကြောင့် ဆုမတောင်းရသနည်း။ ထိုအကြောင်းကို ကျောင်းသားများအား မေးပါ။ | • အဝေးတွင် ရှိသော မိသားစုများ၊ သူငယ်ချင်းများနှင့် ကြိုးစား၍ ပြေလည်မှု ရယူနေရသည့် ပြဿနာအကြောင်း စဉ်းစားပါ။<br>• ဘုရားသခင် နှင့် ကျွန်ုပ်တို့ တိုက်ရိုက် ဆက်သွယ်နိုင်သည့် အံ့ဩဖွယ် အချက်များကို စဉ်းစားဆင်ခြင်ပါ။<br>• ကျွန်ုပ်တို့ ဆုတောင်းသင့်သည့် အကြောင်းအရာများ အကြောင်း စဉ်းစားပါ။<br>• ဆုတောင်းရာတွင် ကျောင်းသားများ အဖြေရဖူးသည့် အချိန်ရှိမရှိ စဉ်းစားပါ။ ဆုတောင်းခြင်း၏ ရလဒ် အပေါ် သူတို့၏ တုံ့ပြန်မှုမှာ အဘယ်နည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ မည်သူ့ထံ ကျွန်ုပ်တို့ ဆုတောင်းနေခြင်း ဖြစ်သည်ကို ဆင်ခြင်ပါ။ ဆာလံကျမ်းထဲ၌ ဒါဝိဒ် အသုံးပြုထားသည့် အမည်နာမ အချို့ကို စဉ်းစားပါ။<br>၂။ တစ်နေ့တာ၏ မည်သည့်အချိန်တွင် ဒါဝိဒ် ဆုတောင်း ခဲ့သနည်း။ ကျွန်ုပ်တို့သည် မည်သည့်အချိန်တွင် ဆုတောင်းနိုင်ကြောင်း ဆွေးနွေးပါ။<br>၃။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဘုရားသခင် မကြားနိုင်အောင် မည်သည့်အရာက တားဆီးထားသနည်း။ ဆာလံကျမ်းမှ မည်သို့ ဖော်ပြထားသနည်း။<br>၄။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဘုရားသခင်ကို စကားပြောရန် ပြင်ဆင်သည့်အခါ ကျွန်ုပ်တို့အား ကူညီပေးသွားမည့် အရာနှင့် ပတ်သက်၍ မည်သည့် သင်ခန်းစာ သင်ယူနိုင်ကြောင်း ဆာလံကျမ်းမှ ရှာဖွေပါ။<br>၅။ ဒါဝိဒ်သည် ဘုရားသခင်အား ကျွန်ုပ်၏ ဘုရား၊ ကျွန်ုပ်၏ ဘုရင် ဟု ရည်ညွှန်း ခေါ်ဆိုထားခြင်းဖြင့် ဒါဝိဒ်သည် ဘုရားသခင်နှင့် အထူးကောင်းမွန်သည့် ဆက်ဆံရေး ရှိကြောင်း သိနိုင်သည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့် မည်သို့ ကောင်းမွန်သည့် ဆက်ဆံရေး ရှိနိုင်မည်နည်း။<br>၆။ *ဆုတောင်းခြင်းသည် မည်မျှအရေးကြီးကြောင်း ဆွေးနွေးပြီး၊ ရှင်းပြပါ။ ဥပမာ ဆုတောင်းခြင်း မရှိလျှင် ဘဝသည် မည်သို့ ဖြစ်ကြောင်း ပြောပြပါ။*<br>၇။ *မည်သည့် အကြောင်းအရာအတွက် ကျွန်ုပ်တို့ ဆုတောင်းနိုင် သနည်း။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြုပါ။ FBI – သင့်လျော်သည့် ရုပ်ပုံကားချပ် မရှိ** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အကြောင်းအရာ တစ်ခုအတွက် ယေရှု ဆုတောင်းခဲ့သည်။ ထိုအခါ တပည့်တော်များက မည်သို့ ဆုတောင်းရမည်ကို သင်ပေးရန် တောင်းဆိုခဲ့သည်။<br>၂။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ မည်သူ့ထံ ကျွန်ုပ်တို့ ဆုတောင်းနေခြင်း ဖြစ်သည်ကို ဆင်ခြင်ပါ။ ယေရှု အသုံးပြုခဲ့သည့် အမည်နာမကို စဉ်းစားပါ။<br>၃။ ဘုရားသခင်ထံ ချီမွမ်းခြင်းဖြင့် ယေရှုသည် ဆုတောင်းခြင်းကို ရိုးရှင်းစွာ အစပြုထားသည်။ *ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ မည်သည့်အပိုင်းတွင် ဘုရားသခင်ကို ချီးမွမ်းရမည်နည်း။*<br>၄။ ယေရှု ဥပမာ ပေးထားသည့် ဆုတောင်းခြင်းတွင် အဓိက တောင်းဆိုချက် သုံးခု အကြောင်းကို စဉ်းစားပါ။<br>၅။ ***(လုကာ၊ ၁၁း ၅-၁၀)*** တွင် ယေရှု ပေးထားသည့် ဥပမာကို ဖတ်ပါ။ ဆုတောင်းခြင်း၌ ဇွဲကောင်းခြင်းနှင့် ပတ်သက်၍ ယေရှု သင်ကြားပေးခဲ့သည့် အဓိက သင်ခန်းစာ အကြောင်းကို စဉ်းစားပါ။<br>၆။ ***မသဲ၊ ၆း ၅-၁၅*** ထဲ၌ ယေရှု သင်ကြားပေးခဲ့သည့် ဆုတောင်းခြင်း အကြောင်းကို စဉ်းစားပါ။<br>၇။ *ကျွန်ုပ်တို့သည် အဆင်မပြေမှုများနှင့် တွေ့ကြုံသည့်အခါ အဘယ်ကြောင့် ပိုမို ဆုတောင်းသင့်သနည်း။*<br>၈။ *ခက်ခဲသည့်အချိန်တွင် အဘယ်ကြောင့် ကျွန်ုပ်တို့ ဆုတောင်းကြသနည်း။ ထိုအကြောင်းရင်းကို စဉ်းစားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြုပါ။ FBI – ညသန်းခေါင် အချိန်တွင် လာရောက်သည့် ဧည့်သည် ဥပမာ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို လိုအပ်သည့် သူများနှင့် အကြောင်းအရာများ ရှိပါသလား။<br>၂။ ကျွန်ုပ်တို့သည် မည်သို့ မကြာခဏ ဆုတောင်း သင့်သနည်း။ မည်မျှ ကြာကြာ ဆုတောင်ရမည်နည်း။<br>၃။ သမ္မာကျမ်းစာထဲမှ အခြား သူတစ်ယောက်၏ ဆုတောင်းခြင်း အကြောင်းကို စဉ်းစားပါ။ သူတို့၏ ဆုတောင်းခြင်း အသက်တာမှ မည်သည့် သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူနိုင် သနည်း။ | ၁။ သင်ခန်းစာ ၁ တွင် ဖော်ပြထားသည့် ဆုတောင်းခြင်း၏ သွင်ပြင်လက္ခဏာ ငါးမျိုး အကြောင်းကို အတိုချုပ်၍ ပြောပြပါ။ ထိုသွင်ပြင်လက္ခဏာ အားလုံး ပါဝင်သည့် ဆုတောင်းခြင်းကို ပြင်ဆင်ရန် ကျောင်းသားများကို အဖွဲ့များ ခွဲ၍ ပြုလုပ်စေပါ။<br>၂။ ဆုတောင်းခြင်း ဒိုင်ယာရီ ပြုလုပ်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ များများ စကားပြောသင့်ပါသလား။ သို့မဟုတ် နားထောင် နေရမည်လား။<br>၂။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ဘုရားသခင် ပြောလာမည့်အရာကို ကျွန်ုပ်တို့ စတင် နားထောင်သင့်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ကမ္ဘာကြီးအတွက်၊ တိုင်းပြည်အတွက်၊ အဖွဲ့အစည်းအတွက်၊ မိသားစုအတွက်၊ မိမိအတွက်၊ ဆုတောင်းနိုင်သည့် အရာများအကြောင်း စဉ်းစားပါ။ အဖြေရသည့် ဆုတောင်းခြင်းများ အတွက် ကျေးဇူးတော် ချီးမွမ်းရမည်ကိုလည်း စဉ်းစားပါ။ |

| | ကစ - အဆင့် ၃<br>သင်ခန်းစာ ၂ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို နားထောင်တော်မူပါသလား။ | ကစ - အဆင့် ၄<br>သင်ခန်းစာ ၂ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - သမ္မာကျမ်းစာ အကြောင်း သင်ယူခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *လုကာ၊ ၁၈း ၉ - ၁၄*<br>**အဓိကသော့ချက်ကျမ်း** *ယာကုပ်၊ ၄း၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ဆုတောင်းရန် ဘုရားကျောင်းသို့ သွားရန် မလိုပေ။ မည်သည့် နေရာတွင် မဆို၊ မည်သည့် အချိန်တွင် မဆို ကျွန်ုပ်တို့ ဆုတောင်းနိုင်သည်။<br>၂။ ကျွန်ုပ်တို့သည် ဆုတောင်းရာတွင် ရိုးသားပြီး၊ နှိမ့်ချခြင်း ရှိရန် ဘုရားသခင် အလိုတော်ရှိသည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၇း ၁၀ -၁၄ ၊ ၂တိမောသေ၊ ၃း ၁၄-၁၇*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၁၁၉း ၁၀၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ သမ္မာကျမ်းစာကို ဖတ်ရှုတ်ရန် အရေးကြီးပါသည်။<br>၂။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့ ယုံကြည် ကိုးစားနိုင်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • သင်ခန်းစာ ၁ တွင် သင်ယူခဲ့ပြီး ဖြစ်သည့် ဆုတောင်းခြင်း အကြောင်းကို ပြန်လှန်ပါ။<br>• မာနသည် ပျက်စီးခြင်း အရင်' ဖြစ်သည်ဟု ကျမ်းစာတွင် ဖော်ပြထားသည်။ ***(သုတ္တံ၊ ၁၆း၁၈)*** ဤအဓိပ္ပာယ်ကို သင့်မည်သို့ နားလည် ပါသနည်း။<br>• တကယ့် အဖြစ်အပျက် မဟုတ်သော အရာမှ ဥပမာ တစ်ခုနှင့် တကယ့် လက်တွေ့ဘဝမှ ဥပမာ တစ်ခုစီကို ဖော်ပြပါ။ | ကမ္ဘာပေါ်တွင် အခြားစာအုပ်များထက် သမ္မာကျမ်းစာအုပ်များ ပိုမို များပြားရသည့် အကြောင်းရင်းကို ဆင်ခြင်တွေးတောပါ။ ကမ္ဘာပေါ်တွင် အရောင်းရဆုံးသော စာအုပ်မှာ သမ္မာကျမ်းစာ ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက နိုင်ငံပေါင်းများစွာတို့သည် သမ္မာကျမ်းစာကို မီးရှို့ခြင်း ၊ မြေမြှုပ်ခြင်းများဖြင့် ကြိုးစား၍ တားမြစ်ခဲ့ကြသည်။ သို့သော် သမ္မာကျမ်းစာသည် ယနေ့တိုင် တည်ရှိနေဆဲ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည့် အတွက်ကြောင့်ပင် ဖြစ်သည်။ ***(၁ ပေတရု၊ ၁း ၂၄-၂၅)*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကျွန်ုပ်တို့သည် ဆုတောင်းရာတွင် အမြဲဆုတောင်းရန် နှင့် လက်မလျှော့ရန် သခင်ယေရှုခရစ်တော် သွန်သင်ခဲ့သည်။ ***(အငယ်၊ ၁)***<br>၂။ မာနကြီးပြီး၊ နှိမ့်ချခြင်း မရှိသောသူတို့သည် ဆုတောင်းရာတွင် မှန်ကန်သော စိတ်နေသဘောထား မရှိသောသူများ ဖြစ်ကြကြောင်းကို သခင်ယေရှုက ရှင်းလင်း ပြောပြထားသည်။ ***(အငယ်၊ ၉)***<br>၃။ ဘာသာရေးခေါင်းဆောင် (ဖာရိရှဲ)သည် ကျွန်ုပ် (ငါ) ဆိုသော စကားလုံးကို အကြိမ် မည်မျှ အသုံးပြုထားကြောင်း ကြည့်ပါ။<br>၄။ ဆုတောင်းခြင်း အကြောင်း နှင့် အခွန်ခံ၏ စိတ်နေသဘောထားကို ကျောင်းသားများအား ဆွေးနွေး စေပါ။<br>၅။ *ဆုတောင်းရန် ချဉ်းကပ်လာသည့် ထိုသူနှစ်ဦးတို့၏ မတူညီ ထူးခြားပုံတို့ကို နှိုင်းယှဉ်ပါ။*<br>၆။ *မည်သူသည် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူ ဖြစ်ရသနည်း။ အဘယ်ကြောင့် နည်း။ စဉ်းစာဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဖာရိရှဲ နှင့် အခွန်ခံ ပုံဥပမာ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကျမ်းစာသည် ခရစ်ယာန်များအတွက် အလွန်အရေးပါသည့် စာအုပ်တစ်အုပ် ဖြစ်သည်။ သို့သော် ကျမ်းစာသည် သမ္မာတရားဖြစ်ကြောင်းကို ကျွန်ုပ်တို့ မည်သို့ သိနိုင် မည်နည်း။<br>၂။ နှုတ်ကပတ်တော် ရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောကြောင့် ဖြစ်သည်ဟု ဖတ်ရန် ပေးထားသည့် ကျမ်းညွှန်တွင် ဖော်ပြထားသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ညဏ်ပညာတော်အားဖြင့် မှုတ်သွင်းထားခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် မုသာ မသုံးသည့်အတွက် ကျမ်းစာသည် သမ္မာတရား ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရမည် ဖြစ်သည်။<br>၃။ ဓမ္မဟောင်းကျမ်းရှိ ကြိုတင် ပရောဖက်ပြုချက် အများစုသည် လွန်ခဲ့သည့် နှစ်ပေါင်းရာကျော်က ပြီးပြည့်စုံခဲ့ပြီး ဖြစ်သည်။ ဥပမာ အနေဖြင့် သခင်ယေရှုနှင့် ပတ်သက်သည့် ဓမ္မဟောင်းကျမ်း ရည်ညွှန်း ပရောဖက်ပြုချက်များ အားလုံးသည် ပြည့်စုံခဲ့ပြီး ဖြစ်သည်။<br>၄။ မတူညီသော လူပေါင်း ၄၀ ခန့်က မတူညီသည့် တိုင်းပြည် အသီးသီးမှ နေ၍ သမ္မာကျမ်းစာကို ရေးထားခြင်းဖြစ်သည်။ သို့သော် တူညီသည့် အဓိက ရည်ရွယ်ချက် တစ်ခုတည်းရှိပြီး၊ တရားတော်အားလုံးသည် စာအုပ် တစ်ခုတည်းတွင် စုစည်းတည်ရှိနေသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – သင့်လျော်သည့် ရုပ်ပုံကားချပ် မရှိ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | အခွန်ခံ၏ အရည်အချင်းကို ဖော်ပြသည့်အရာ နှင့် ဖာရိရှဲ၏ အရည်အချင်းကို ဖော်ပြသည့်အရာများကို စာရွက်အလွတ် တစ်ရွက်ပေါ်တွင် ရေးပါ။ | အဓိကသော့ချက် အကြောင်း စဉ်းစာပြီး၊ ကောင်းကင်မှ အလင်းဖြာထွက်လာသည့် ပုံကို ဆွဲပါ။ ထို့နောက် ပုံ၏ အောက်တွင် ဘုရားသခင်၏ အလင်းကို သင် လိုအပ်ရသည့် အကြောင်း ပုံကြမ်း သို့မဟုတ် စာအချို့ ရေးပါ။ ဥပမာ သင်ဝမ်းနည်းနေသည့်အချိန် ဆုံးဖြတ်ချက်ချရန် လိုအပ်သည့်အခါ သင်အား ကူညီပေးရန်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ နှိမ့်ချခြင်း ဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် မည်သို့ ပိုမို နှိမ့်ချနိုင်သနည်း။ ကျွန်ုပ်တို့၏ နှိမ့်ချခြင်းကို ပြသနိုင်သည့် ဥပမာကို ဖော်ပြပါ။<br>၂။ မာန်မာနကြီးခြင်း ဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် မာန်မာနများ ပိုမိုနည်းအောင် မည်သို့ ပြုလုပ်နိုင်ပါသနည်း။ ကျွန်ုပ်တို့၏ မာန်မာနကြီးခြင်းကို ပြသနိုင်သည့် ဥပမာကို ဖော်ပြပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့ သမ္မာကျမ်းစာကို ပိုမိုလွယ်ကူစွာ ဖတ်နိုင်ရန် မည်သည့် လက်တွေ့ကျသည့် နည်းလမ်းက ပြုလုပ်ပေးသနည်း။<br>၂။ ကျမ်းစာကို ပိုမို ဖတ်ရှုနိုင်ပြီး၊ ပိုမို နားလည်းရန် နှင့် အသက်တာတွင် လက်တွေ့ကျင့်သုံးနိုင်ရန် ဆုတောင်းခြင်းနှင့် ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံခြင်း အကြောင်း စဉ်းစားပါ။ |

| | | |
|---|---|---|
| | ကစ - အဆင့် ၃<br>သင်ခန်းစာ ၃ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ကျွန်ုပ်တို့ မည်ကဲ့သို့ ဆုတောင်းသင့်သနည်း။ | ကစ - အဆင့် ၄<br>သင်ခန်းစာ ၃ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဘုရားသခင်အတွက် အသက်ရှင်ခြင်း |
| | **အခြေပြုကျမ်းညွှန်း** *မသဲ၊ ၆း ၅ - ၁၅*<br>**အဓိကသော့ချက်ကျမ်း** *မသဲ ၊ ၆း ၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ စိုးရိမ်စရာ တစ်ခုခု ရှိသောအချိန်တွင်သာ ကျွန်ုပ်တို့သည် ဆုတောင်းရမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ပုံမှန် ဆုတောင်းသင့်သည်။<br>၂။ ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် လှပပြီး၊ ရှည်လျားရန် မလိုပေ။<br>၃။ ပဌာနာတော် သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို ကူညီပေးသည့် လမ်းညွှန် တစ်ခု ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** *ယောဟန်၊ ၁၅း ၁- ၁၇ ၊ ဂလာတိ၊ ၅း ၁၉-၂၃*<br>**အဓိကသော့ချက်ကျမ်း** *ယောဟန် ၊ ၁၅း၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ခရစ်ယာန်များသည် တစ်နေ့ပြီး တစ်နေ့ ခရစ်တော်နှင့် ပိုမို တူလာရမည် ဖြစ်သည်။<br>၂။ သူနှင့် နီးကပ်စွာ အသက်ရှင်နေထိုင်ရန် လျှို့ဝှက်ချက်ကို စပျစ်ပင် နှင့် စပျစ်ခက် ပုံဥပမာ အားဖြင့် ဖော်ပြထားသည်။<br>၃။ ခရစ်ယာန်များ အသီးများစွာ သီးနိုင်ရန်မှာ ဘုရားသခင်၏ တန်ခိုးနှင့် ပြည့်စုံသော ထိတွေ့စီဆင်းမှု လိုအပ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ ကျောင်းသားအားလုံး သင်ယူခဲ့ပြီး ဖြစ်သည့် ဆုတောင်းခြင်းနှင့် ပတ်သက်သည့် အကြောင်းများ ပါရှိသည့် သင်ခန်းစာ ၁ နှင့် ၂ ကို ပြန်လှန်ပါ။<br>၂။ လူအများစုသည် ပုံမှန်ဆုတောင်းရန် အတွက် ခက်ခဲသည်ဟု အဘယ်ကြောင့် ထင်ကြသနည်း။<br>၃။ အာရုံစူးစိုက်မှုကို အကူအညီ ဖြစ်စေရန်အတွက် အသံထွက်ခြင်းဖြင့် ဆုတောင်းခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။<br>၄။ မှန်ကန်သော စကားလုံးများကို အကူအညီ ဖြစ်စေရန်အတွက် ဆုတောင်းချက်များ ချရေးခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။ | ၁။ တံငါ နားနီး တံငါ မုဆိုး နားနီး မုဆိုး ဟူသည့် စကားစု၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။<br>၂။ ကျမ်းစာကို တစ်ခါတစ်ရံ ပုံဝတ္ထု စာအုပ်အဖြစ် ရည်ညွှန်း ဖော်ပြထားသည်။ ဘဝကို ပုံဖော်သည့် စာလုံးများ ပါဝင်သည်။ ဤသင်ခန်းစာတွင် ခရစ်ယာန် အသက်တာသည် စပျစ်ပင်နှင့် ဆက်နေသော စပျစ်ခက်ကဲ့သို့ ဖော်ပြထားသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သခင်ယေရှုသည် ဆုတောင်းခြင်း အကြောင်းကို တောင်ပေါ်ဒေသနာတွင် သွန်သင်ထားသည်။<br>၂။ ဘုရားသခင် နှင့် ကျွန်ုပ်တို့ အကြား သီးသန့် ဆုတောင်းခြင်း ရှိရန် အဘယ်ကြောင့် အရေးကြီးသည်ကို ရှင်းပြပါ။<br>၃။ အထပ်ထပ် မြွတ်ဆိုသော ဆုတောင်းချက်များသည် အဘယ်ကြောင့် မမှန်ကြောင်း ရှင်းပြပါ။<br>၄။ 'ကျွန်ုပ်တို့ ဆုမတောင်းခင် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ခမည်းတော်ဘုရား သိနှင့်တော်မူ၏' ထိုသို့ဖြစ်လျှင် ဆုတောင်းခြင်းသည် အဘယ်ကြောင့် လိုအပ်ရပါ သနည်း။ ဆွေးနွေးပါ။<br>၅။ သခင်ယေရှု ဥပမာအဖြစ် ပေးထားသည့် ဆုတောင်းခြင်း ပုံစံတွင် ချီးမွမ်းခြင်း၏ ဝေါဟာရ နှင့် ဆုတောင်းချက် တောင်းလျှောက်ခြင်း အကြောင်းကို ဆွေးနွေးပါ။<br>၆။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ နှင့် ဆုတောင်းခြင်းကို လက်တွေ့ကျကျ လုပ်ဆောင်သည့် အခါတွင် ဘုရားသခင် အဖြေပေးလိမ့်မည်ကို လုံးလုံး ယုံကြည်ခြင်း ထားရှိရန် အရေးကြီးပုံကို စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – သင့်လျော်သည့် ရုပ်ပုံကားချပ် မရှိပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ခမည်းတော်သည် ဥယျာဉ်စောင့်၊ သခင်ဘုရားသည် စပျစ်နွယ်ပင်၊ ခရစ်ယာန်များသည် အခတ်များ အဖြစ် ဖော်ပြထားသည့် ပုံဆောင်ချက်ကို ရှင်းပြပါ။<br>၂။ ကျွန်ုပ်တို့ အသက်တာတွင် အသီးများစွာ သီးရန် ဘုရားသခင် အလိုတော်ရှိကြောင်း နှင့် ထိုအကြောင်းကို ***ဂလာတိ ၅း ၂၂- ၂၃*** တွင် ဖော်ပြထားကြောင်း ရှင်းပြပါ။<br>၃။ သစ်သီးပင်များသည် အကိုင်းအခတ်များ မရှင်းလင်းခင် အချိန် နှင့် အကိုင်းအခတ်များ ရှင်းလင်းပြီးသည့် အချိန်တွင် အသီးထွက်နှုန်း တိုးမြင့်လာရခြင်းမှာ အဘယ်ကြောင့်နည်း။ စဉ်းစားပါ။<br>၄။ ***ဂလာတိ ၅း ၁၉-၂၀*** နှင့် ယှဉ်ကြည့်လျှင် ဇာတိသဘောသည် သန့်ရှင်းသော ဝိညာဉ်တော်ကို အလုပ်မလုပ်စေနိုင်ကြောင်း နှင့် ခရစ်တော်၌ယုံကြည်ခြင်း မရှိကြောင်း သိသိသာသာ ကွဲပြားကြောင်း တွေ့ရသည်။<br>၅။ ခရစ်ယာန် တစ်ယောက် အနေဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ပိုမို တူလာစေရန်၊ နှင့် ဝိညာဉ်အသီးများ ထိုသူ၏ အသက်တာတွင် သီးရန် ဘုရားသခင် အလိုတော် ရှိကြောင်း ကျောင်းသားများကို သတိပေး၍ နှိုးဆော်ပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – သင့်လျော်သည့် ရုပ်ပုံကားချပ် မရှိပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ***၁ တိမောသေ၊ ၂း၁*** ကို စဉ်းစားပြီး၊ ဆုတောင်းခြင်း အမျိုးမျိုးအကြောင်းကို ဆွေးနွေးပါ။<br>၂။ ကျွန်ုပ်တို့ သီးသန့် ဆုတောင်းနိုင်သည့် နေရာ အကြောင်း စဉ်းစားပါ။ ကလေးတွေ အကြံပြုသည့် နေရာများကို စာရင်း ပြုစုပါ။ | ၁။ ဝိညာဉ် အသီး များစွာသီးသော ခရစ်ယာန်များ အကြောင်း နှင့် ထိုသူတို့ အသက်တာသည် အဘယ်ကဲ့သို့ အသီးသီးခြင်း ဖြစ်ကြောင်း စဉ်းစားပါ။<br>၂။ ဥယျာဉ်မှူးသည် စပျစ်ခက်များကို ရှင်းလင်း သကဲ့သို့ ကျွန်ုပ်တို့ အသက်တာတွင် မလိုအပ်သည့် အပြစ်ဒုစရိုက်များကို ဖယ်ရှားရန် ဘုရားသခင်သည် ကျွန်ုပ်တို့ အသက်တာတွင် မည်သို့ အလုပ်လုပ်နိုင်သည်ကို ရှင်းပြပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဆုတောင်းခြင်းသည် ငြိမ်နေရမည့် အရာ မဟုတ်ပေ။ ပြုမူလုပ်ဆောင် နေရမည့် အရာ ဖြစ်သည်။<br>၂။ တစ်ချိန်တည်းမှာ ဆုတောင်းခြင်းသည် သင့် အတွက် မည်သို့ ဖြစ်ကြောင်း စဉ်းစားပါ။<br>၃။ သင်ဆုတောင်းသည့် အချိန်တွင် ယုံကြည်ခြင်း ရှိရန် ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံပါ။<br>၄။ ကျောင်းသားများအား ဆုတောင်းခြင်း နမူနာအဖြစ် ပေးထားသည့် ပဌနာတော် ဆုတောင်းခြင်းကို အသုံးပြုစေ၍ သူတို့၏ ကိုယ်ပိုင် ဆုတောင်းချက်များကို ပြုလုပ်စေပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***ဂလာတိ၊ ၅း ၂၂-၂၃***ကို ကျောင်းသားများအား ဆုတောင်းခြင်းဖြင့် ဖတ်စေပါ။ သူတို့အသက်တာတွင် ကြီးထွားရန်အတွက် ဘုရားသခင်၏ ကူညီမစမှု လိုအပ်သော အရာသည် မည်သည့်ဝိညာဉ်အကျိုးဖြစ်ကြောင်း သူတို့အား ဖော်ပြရန် ဘုရားသခင်ထံ တောင်းခံစေပါ။ |

| | ကစ - အဆင့် ၃<br>သင်ခန်းစာ ၄ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဘုရားသခင်သည် ဆုတောင်းခြင်းကို အဖြေပေးပါသလား။ | ကစ - အဆင့် ၄<br>သင်ခန်းစာ ၄ - ခရစ်ယာန် တစ်ယောက်အဖြစ်<br>ခေါင်းစဉ် - ဘုရားသခင်ထံ ပေးလှူခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *၁ ဓမ္မရာဇဝင်၊ ၁း ၁ - ၂၀*<br>**အဓိကသော့ချက်ကျမ်း** *၁ဓမ္မရာဇဝင်၊ ၁း၂၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဟန္နသည် သားအတွက် ဆုတောင်းသည်။<br>၂။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ကျွန်ုပ်တို့ အလိုရှိသည့်အတိုင်း အမြဲ အဖြေရလိမ့်မည်မဟုတ်ပေ။ သို့မဟုတ် ကျွန်ုပ်တို့ အလိုရှိသည့် အတိုင်း မြန်မြန် ရလိမ့်မည် မဟုတ်ပေ။<br>၃။ ဘုရားသခင်၏ အဖြေ နှင့် အစီအစဉ်သည် ကျွန်ုပ်တို့၏ အကြံအစည်ထက် အမြဲ ကောင်းမွန်သည်။ | **အခြေပြုကျမ်းညွှန်း** *မာကု၊ ၁၂း ၄၁-၄၄ ၊ မသဲ ၊ ၆း ၁ - ၄*<br>**အဓိကသော့ချက်ကျမ်း** *၂ ကော၊ ၉း၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတွင် ခံစားရသည့်အတိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်ထံ နှစ်ထောက်အားရစွာ ပေးလှူသင့်သည်။<br>၂။ ဘုရားသခင်ထံ ပေးလှူခြင်းသည် ငွေကြေးနှင့် တိုင်းတာ၍ မရပါ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဟန္န နှင့် သူမ၏ အခြေအနေကို မိတ်ဆက် ပေးပါ။ ဟန္န၏ ခံစားချက်ကို ဖော်ပြရန် ရုပ်ပုံများ၊ စကားလုံးများကို အသုံးပြုခြင်းဖြင့် နံရံကပ် ပိုစတာ ပြုလုပ်ပါ။ ဆုတောင်းခြင်း မပြုခင် နှင့် ဆုတောင်းခြင်း ပြုပြီး | အဖွဲ့ငယ်များ ဖွဲ့၍ စက်ဝိုင်းပုံသဏ္ဍာန် ဝိုင်းထိုင်စေပြီး ဘုရားသခင် ကျွန်ုပ်တို့ထံ ပေးသည့် အရာများကို မှတ်တမ်း ပြုစုစေပါ။ ဘုရားသခင်ထံ ကျွန်ုပ်တို့ မည်သည့်အရာ ပြန်လည်ပေးနိုင်ကြောင်း စဉ်းစားစေပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဟန္န၏ မိသားစု နှင့် သူမ၏ အခြေအနေကို အတိုချုပ်၍ ရှင်းပြပါ။ ဘုရားသခင်၏ အိမ်တော်သို့ နှစ်စဉ် သွားရောက်ပြီး ဘုရားသခင်အား ကိုးကွယ်ပြီး ယဇ်ပူဇော်သည့် အကြောင်းကိုလည်း ရှင်းပြပါ။<br>၂။ ဟန္နသည် သားမရှိသည့်အခါ မည်သို့ ခံစားကြောင်းနှင့် ပေနိန္န၏ ရန်ရှာခြင်းကို ခံရသည့်အခါ မည်သို့ ခံစားကြောင်း ရှင်းပြပါ။<br>၃။ ဟန္န၏ ဆုတောင်းခြင်း နှင့် ဘုရားသခင်ထံ သူမ ထားရှိသည့် ကတိစကားများ အကြောင်း စဉ်းစားပါ။<br>၄။ ဟန္န၏ ဆုတောင်းခြင်း အပေါ် ယဇ်ပရောဟိတ် ဧလိ၏ တုံ့ပြန်မှုမှာ အဘယ်နည်း။<br>၅။ ဘုရားသခင်သည် ဟန္န၏ ဆုတောင်းခြင်းကို မည်သို့ အဖြေပေးသနည်း။<br>၆။ ဟန္နသည် ဆုတောင်းပြီး နောက် နှင့် ဘုရားသခင်ထံ သူမ၏ သောကများကို အပ်နှံပြီးနောက်တွင် သူမ၏ ခံစားချက်မှာ မည်သို့ ထူးခြားစွာ ပြောင်းလဲသွားကြောင်း စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ရှမွေလ မွေးဖွားသည်။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သခင်ယေရှု စောင့်ကြည့်နေခဲ့သည့် ဗိမာန်တော် အတွင်း ပေးလှူသောသူများ၏ အခြေအနေကို ဆွေးနွေးပါ။<br>၂။ အခြားသော သူများစွာတို့၏ ပေးလှူခြင်းထက် မုဆိုးမ၏ ပေးလှူခြင်းမှာ အဘယ်ကြောင့် ထူးခြားရကြောင်း ရှင်းပြပါ။<br>၃။ မုဆိုးမ၏ အနည်းငယ်သော ပေးလှူခြင်းအပေါ် သခင်ယေရှုသည် အဘယ်ကြောင့် အားရကျေနပ် ဖြစ်ရသနည်း။<br>၄။ ကျွန်ုပ်တို့၏ အချိန်၊ အစွမ်းအစ နှင့် ဘဏ္ဍာများကို ဘုရားသခင်ထံ ပေးလှူခြင်း အကြောင်းနှင့် ပတ်သက်၍ ဤသင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သို့ သင်ကြားပေးသနည်း။<br>၅။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ပေးလှူသည့်အခါ သူတစ်ပါး ရှေ့တွင် မထင်ပေါ်အောင် ပေးရန် သွန်သင်ထားခြင်းမှာ အဘယ်ကြောင့်နည်း။<br>၆။ သူတစ်ပါးရှေ့တွင် မထင်ပေါ်အောင် ပေးသောသူများ အတွက် ဘုရားသခင် ထားရှိသည့် ကတိတော်များ အကြောင်း စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – မုဆိုးမသည် သူပိုင်ဆိုင်သမျှ အားလုံးကို ပေးလှူသည်။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ တစ်စုံတစ်ခု အပေါ် အမှန်တကယ် ဝမ်းနည်းစွာ ခံစားခဲ့ရသည့်အခါမျိုး ရှိဖူးပါသလား ဟု ကျောင်းသားများကို မေးပါ။<br>၂။ ထိုအချိန်တွင် ကူညီရန်အတွက် သူတို့ မည်သည့်အရာ လုပ်ဆောင်နိုင်မည်ကို စဉ်းစားစေပါ။<br>၃။ ကျောင်းသားများထံသို့ စက္ကူကဒ်ငယ်များကို ဝေပေးပြီး ၊ သူတို့၏ စိုးရိမ်မှုများ ချရေးစေပါ။ ထို့နောက် သခင်ဘုရားနှင့်အတူ ထိုစိုးရိမ်ခြင်းများကို ကျော်လွှားနိုင်ကြောင်း သူတို့ကို ခွန်အားပေးတိုက်တွန်းပါ။ | ၁။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ မည်သည့် နည်းလမ်းဖြင့် ပေးကမ်းနိုင်ကြောင်း စဉ်းစားဆင်ခြင်ပါ။<br>၂။ ယနေ့သင်ခန်းစာမှ ရလဒ်အနေဖြင့် ကျွန်ုပ်တို့ အသက်တာတွင် လက်တွေ့ ကျင့်သုံးနိုင်သည့် အကြောင်းအရာ တစ်ခုကို ရွေးချယ်ပါ။<br>၃။ ကျောင်းသားများ ပေးလှူသည့်အခါ မှန်ကန်သော စိတ်ထားဖြင့် မှန်ကန်စွာ ပေးလှူတတ်ရန် တိုက်တွန်းခွန်အား ပေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် သူ၏ စိုးရိမ်ခြင်းများကို ဖယ်ရှားပေးပြီး ပိုမို ကောင်းမွန်သည့် ခံစားချက်ကို ပြုလုပ်ပေးကြောင်း ခံစားတွေ့ကြုံ ခဲ့ရသည့် လူတစ်ယောက်အကြောင်း စဉ်းစားစေပါ။<br>၂။ ဤပုံပြင်ကို သူတို့ မြန်မြန် သွား၍ ပြောပြနိုင်မည်လား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ပေးကမ်းခြင်း နှင့်ပတ်သက်၍ အခြားစပ်ဆက်သည့် ကျမ်းညွှန်းများကို ကြည့်ပါ။ ဥပမာ ‘အစွန့်အကြဲ ခံခြင်းအရာထက် စွန့်ကြဲခြင်း အရာသည် သာ၍ မင်္ဂလာ ရှိသည်’ ***(တမန်၊ ၂၀း၃၅)*** ဤလမ်းညွှန်ချက်ကို နားလည်နိုင်ရန် ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံပါ။ |

| | ကဍ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - နှိပ်စက်ညှဉ်းပန်းသူ | ကဍ - အဆင့် ၄<br>သင်ခန်းစာ ၁ - တမန်တော် ရှင်ပေါလု<br>ခေါင်းစဉ် - သူ၏ ပြောင်းလဲခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၉း ၁-၁၉*<br>**အဓိကသော့ချက်ကျမ်း** *၂ကော၊ ၅း၁၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှောလု (ပေါလု)သည် ခရစ်တော်နှင့် တွေ့ပြီးနောက်တွင် ပြောင်းလဲ ခဲ့သည်။<br>၂။ ယနေ့တွင်လည်း ဘုရားသခင်သည် လူတို့၏ အသက်တာများကို ပြောင်းလဲပေးနေဆဲ ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၉း ၁-၃၀*<br>**အဓိကသော့ချက်ကျမ်း** *၂ကော၊ ၅း ၁၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှောလု (ပေါလု)သည် ခရစ်တော်နှင့် တွေ့ပြီးနောက်တွင် ပြောင်းလဲခဲ့သည်။<br>၂။ ဘုရားသခင် တစ်ပါးတည်းသာ လူတို့၏ အသက်တာများကို ပြောင်းလဲပေးနိုင်သည်။<br>၃။ ခရစ်ယာန် ဖြစ်ခြင်းသည် ခက်ခဲနိုင်သည်။ သို့သော် ဘုရားသခင်သည် ခရစ်ယာန်များ နှင့်အတူ ပါရှိသည်။ အထူးသဖြင့် ခက်ခဲချိန်များတွင် ပို၍ ပါရှိသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ဓမ္မသစ်ကျမ်း၌ရှောလုအား အဓိက ဇာတ်ကောင် တစ်ဦးအဖြစ် မိတ်ဆက်ပေးထားသည်။ သတေဖန်၏ သေခြင်းနှင့် ဆက်စပ်၍ သူ၏ အကြောင်းကို ရှင်းပြပါ။ ***(တမန်၊ ၆း၅၈)***<br>• ပြောင်းလဲခြင်း၏ သဘောတရားကို အစပြုမိတ်ဆက်ရန် ခူကောင်မှ လိပ်ပြာအဖြစ် ပြောင်းလဲလာပုံကို ဥပမာအဖြစ် အသုံးပြုပါ။ | • ဓမ္မသစ်ကျမ်း၌ရှောလုအား အဓိက ဇာတ်ကောင် တစ်ဦးအဖြစ် မိတ်ဆက်ပေးထားသည်။ သတေဖန်၏ သေခြင်းနှင့် ဆက်စပ်၍ သူ၏ အကြောင်းကို ရှင်းပြပါ။ ***(တမန်၊ ၆း၅၈)***<br>• ပြောင်းလဲခြင်း၏ သဘောတရားကို အစပြုမိတ်ဆက်ရန် ခူကောင်မှ လိပ်ပြာ အဖြစ် ပြောင်းလဲလာပုံကို ဥပမာအဖြစ် အသုံးပြုပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ပုံပြင်ထဲ၌ရှောလုအဖြစ် အမြောက်အများ ရည်ညွှန်းပြောထားသူ ဖြစ်ကြောင်း ရှင်းပြပါ။<br>၂။ ဒမာသက်မြို့သို့ ပေါလုသွားရသည့် အကြောင်းအရင်း အသေးစိတ်ကို ပြောပြပါ။<br>၃။ မည်သည့်အရာ ဖြစ်ပျက်ကြောင်း နှင့် ရှောလုသည် သခင်ဘုရားနှင့် တွေ့သည့်အခါ မည်သည့် အသံတော် ဖြစ်ပေါ်ခဲ့ကြောင်း ကောင်းစွာ ရှင်းပြပါ။ အကူအညီ ဖြစ်စေရန်အတွက် ပေါလုသည် ထောက်ခံစာ ရရှိခဲ့ခြင်း ဖြစ်နိုင်သည်။ ***(တမန်၊ ၂၂း -၁၃၊ နှင့် ၂၆း ၉-၁၈)***<br>၄။ ဒမာသက်မြို့သို့ သူအား ခေါ်ဆောင်သွားပြီး နောက်တွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့ကြောင်း နှင့် သူအတွက် မည်သည့် စိန်ခေါ်မှု ဖြစ်ခဲ့ကြောင်းကို ဖော်ပြပါ။<br>၅။ 'ပြောင်းလဲခြင်း' စကားလုံး၏ အဓိပ္ပာယ်ကို စဉ်းစားပါ။ ပြောင်းလဲခြင်းသည် ဘုရားသခင့် ကျေးဇူးတော်၏ အလုပ်ဖြစ်သည့် လူတစ်ယောက်အား ခရစ်တော်၌ အသစ်ပြုပြင် ဖန်ဆင်းပေးခြင်း ဖြစ်သည်။ ဤအကြောင်းအရာကို ဒုတိယ မွေးခြင်းနှင့် ယှဉ်ကြည့်ပါ။ ***(ယော၊ ၃း၃)***<br>၆။ ပေါလုသည် ခရစ်တော်နှင့် ပက်ပင်းတိုးပြီး နောက်တွင် မည်သို့ ပြောင်းလဲခဲ့ကြောင်းကို ဖော်ပြပါ။<br>၇။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်း၌ဤဒေသနာသည် မည်မျှ မရှိမဖြစ်လိုအပ်သော အရာ ဖြစ်ကြောင်း အလေးအနက်ထားရမည် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – (ပေါလု) ရှောလု၏ စွန့်စားခန်း (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ပုံပြင်ထဲ၌ရှောလုအဖြစ် အမြောက်အများ ရည်ညွှန်း ပြောထားသူ ဖြစ်ကြောင်း ရှင်းပြပါ။<br>၂။ ဒမာသက်မြို့သို့ ပေါလုသွားရသည့် အကြောင်းအရင်း အသေးစိတ်ကို ပြောပြပါ။<br>၃။ မည်သည့်အရာ ဖြစ်ပျက်ကြောင်း နှင့် ရှောလုသည် သခင်ဘုရားနှင့် တွေ့သည့်အခါ မည်သည့် အသံတော် ဖြစ်ပေါ်ခဲ့ကြောင်း ကောင်းစွာ ရှင်းပြပါ။ အကူအညီ ဖြစ်စေရန်အတွက် ပေါလုသည် ထောက်ခံစာ ရရှိခဲ့ခြင်း ဖြစ်နိုင်သည်။ ***(တမန်၊ ၂၂း -၁၃၊ နှင့် ၂၆း ၉-၁၈)***<br>၄။ ဒမာသက်မြို့သို့ သူအား ခေါ်ဆောင်သွားပြီး နောက်တွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့ကြောင်း နှင့် သူအတွက် မည်သည့် စိန်ခေါ်မှု ဖြစ်ခဲ့ကြောင်းကို ဖော်ပြပါ။<br>၅။ ခရစ်ယာန် ဖြစ်ရခြင်းသည် လုံးဝ မလွယ်ကူပေ။ ပေါလုသည် သခင်ယေရှုနောက်တော်သို့ စတင်လိုက်လျှောက်ခဲ့သည့် အချိန်တွင် သူကြုံတွေ့ရသည့် အခက်အခဲ အချို့ကို ဖော်ပြပါ။<br>၆။ ဘုရားသခင့် ကျေးဇူးတော်၏ အလုပ်အဖြစ် လူတစ်ယောက်အား ခရစ်တော်၌ အသစ်ပြုပြင် ဖန်ဆင်းပေးခြင်း ဖြစ်သည့် ပြောင်းလဲခြင်း၏ သဘောသဘာဝကို စဉ်းစားပါ။<br>၇။ ပေါလုသည် 'ဘာသာရေး'ကို မလုပ်ဆောင်ရသည့် အကြောင်း စဉ်းစားပါ။ မပြောင်းလဲခင်ကပင် သူသည် ဘာသာရေး ခေါင်းဆောင် ဖြစ်ပြီးသား ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – (ပေါလု) ရှောလု၏ စွန့်စားခန်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ရှောလု မပြောင်းလဲခင်အချိန် နှင့် ပြောင်းလဲပြီးချိန်ကို အဓိကဖော်ပြရန် နံရံကပ်စာစောင်တစ်ခု ပြုလုပ်ပါ။ ဤအချက်ကို အကူအညီ ဖြစ်စေရန် ခူကောင် နှင့် လိပ်ပြာ ပုံဥပမာကို အသုံးပြုပါ။ | ၁။ ပေါလုသည် ခရစ်ယာန် ဖြစ်လာချိန်တွင် သူ၏ အသက်တာသည် မည်သည့် နည်းလမ်းဖြင့် ပြောင်းလဲခဲ့ကြောင်းကို ဆွေးနွေးပါ။<br>၂။ မည်သည့် အခက်အခဲများကို သူကြုံတွေ့ခဲ့ရ သနည်း။<br>၃။ ကျွန်ုပ်တို့ ခရစ်ယာန် ဖြစ်လာသောအချိန်တွင် ကျွန်ုပ်တို့သည် မည်သည့် နည်းလမ်းဖြင့် ပြောင်းလဲ လာခဲ့ကြသနည်း။<br>၄။ မည်သည့် အခက်အခဲများကို ကျွန်ုပ်တို့ ကြုံတွေ့ ကြရသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျောင်းသားများ၏ ကိုယ်ပိုင် အခြေအနေများ အကြောင်းကို စိန်ခေါ်မှု ပြုပါ။<br>၂။ အာနာနိ အသက်တာမှ နာခံခြင်း အကြောင်းကို ကျွန်ုပ်တို့ မည်သို့ သင်ယူရသနည်း။ နာခံခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သင်ယူခဲ့ရသည့် အရာကို အခြေခံပြီး 'လုပ်ဆောင်မည့်' အရာများကို စာရင်းပြုစုပါ။<br>၃။ ခရစ်ယာန်များသည် ယုံကြည်သူလူသစ် (ခရစ်ယာန်သစ်)များကို ခွန်အားပေးနိုင်သည့် နည်းလမ်းကို စဉ်းစားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျောင်းသားများ၏ ကိုယ်ပိုင် အခြေအနေများ အကြောင်းကို စိန်ခေါ်မှု ပြုပါ။<br>၂။ ယနေ့တွင် ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသော ခရစ်ယာန်များ အတွက် ဆုတောင်းပါ။<br>၃။ ***၁ တိမောသေ၊ ၁း ၁၂-၁၆***ကို ဖတ်ပါ။ အခန်းငယ် ၁၅ကို ခရစ်ယာန် မဟုတ်သော သူငယ်ချင်းထံ ဝေငှမည့် အကြောင်း စဉ်းစားပါ။ |

| | ကဖ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - ပြဿနာ | ကဖ - အဆင့် ၄<br>သင်ခန်းစာ ၂ - တမန်တော် ရှင်ပေါလု<br>ခေါင်းစဉ် - သူ၏ ခရီးစဉ်များ |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၉း ၁၉-၃၀***<br>**အဓိကသော့ချက်ကျမ်း** ***ရောမ၊ ၁း ၁၆***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှောလုသည် သူ၏ ကနဦး ခရစ်ယာန် အသက်တာတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။<br>၂။ သတင်းကောင်း၏ အနှစ်သာရကို ကိုယ်တွေ့မခံစားသေးသ၍ ၂ ခရစ်ယာန် ဖြစ်ရခြင်းသည် တစ်ခါတစ်ရံ ခက်ခဲ နိုင်ပါသည်။<br>၃။ ယုံကြည်သူ ခရစ်ယာန်သစ်များကို အားပေးရန် အလွန်အရေးကြီးသည်။ | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၁၁း ၁၉-၂၆၊ ၁၃း ၁-၁၂***<br>**အဓိကသော့ချက်ကျမ်း** ***တမန်၊ ၁၃း ၁၂***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှောလုသည် သူ၏ ကနဦး ခရစ်ယာန် အသက်တာတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။<br>၂။ ပြောင်းလဲခြင်းသည် ခရစ်တော်၌အသစ်သောဘဝ စတင်ခြင်း ဖြစ်သည်။<br>၃။ ယုံကြည်သူလူသစ် (ခရစ်ယာန်အသစ်)များ ခရစ်ယာန်အသက်တာကို ကောင်းစွာ နားလည်ပြီး အသက်တာ ကြီးထွားရန်အတွက် သူတို့အား နှုတ်ကပတ်တော်များ သင်ကြားပေးရန် အလွန်အရေးကြီးသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ခွန်အားပေး တိုက်တွန်းခြင်း၏ အရေးကြီးပုံကို ဆွေးနွေးပါ။<br>• ကျောင်းသားများ၏ အသက်တာတွင် ခွန်အားပေးခြင်း ခံစားခဲ့ရသည့် အချိန် ရှိခဲ့ပါလျှင် ထိုအရာကို ဥပမာအနေဖြင့် သူတို့အား ပြောပြစေပါ။ ဤသို့ ခွန်အား ပေးခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ရှင်းပြပါ။ | • အစားအစာသည် ကိုယ်ခန္ဓာ ဖွံ့ဖြိုးရန်အတွက် မည်မျှ အရေးကြီးကြောင်းကို ဥပမာ အဖြစ် အသုံးပြုပြီး ဆွေးနွေးပါ။<br>• ခရစ်ယာန်များ အတွက် ဝိညာဉ်ရေးရာ ကြီးထွားခြင်း နည်းလမ်းများကို မိတ်ဆက်ပေးပါ။<br>• ကျမ်းစာကို အသုံးပြုနိုင်ပါက ***၁ပေတရု ၂း၂ ၂ပေတရု ၃း ၁၈*** ကို တစ်စုံတစ်ဦးအား ဖတ်စေပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှောလုသည် ဒမာသက်မြို့တွင် စတင်တရားဟောသော အချိန်တွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ဆွေးနွေးပါ။ ထို့နောက် သူ၏ တရားဟောချက်မှာ မည်သည့်အရာ ဖြစ်ကြောင်း ရှင်းပြပါ။<br>၂။ ယုဒလူ တို့သည် သူ့အား အဘယ်ကြောင့် မုန်းရသည်ကို ရှင်းပြပါ။ ပေါလုသည် မည်သို့ လွတ်မြောက် လာခဲ့ရသည်ကိုလည်း ရှင်းပြပါ။<br>၃။ သဘာဝအရ ရှောလု၏ ပြဿနာ နှင့် လူတို့သည် သတင်းကောင်းကို ကန့်ကွက်ရသည့်အကြောင်းကို ဆွေးနွေးပါ။ ရှောလုသည် သတင်းကောင်း အတွက် မရှက်ကြောက်ရခြင်းမှာ အဘယ်ကြောင့်နည်း။ (အဓိကသော့ချက်ကျမ်း)<br>၄။ ရှောလု ယေရုရှလင်သို့ ပြန်ရောက်သွားချိန်တွင် သူကြုံတွေ့ရသည့် ပြဿနာ အကြောင်း ဆွေးနွေးပါ။<br>၅။ ဗာနဗသည် ရှောလု အတွက် မည်မျှ အရေးပါသည့်သူ ဖြစ်ကြောင်း နှင့် ခရစ်ယာန်အသက်တာတွင် ခွန်အားပေး နှစ်သိမ့်ခြင်းသည် မည်မျှ အရေးကြီးကြောင်း ပြောပါ။ (***၁ ဓမ္မရာဇဝင်၊ ၃း ၆*** ကို ဖတ်ပါ။)<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – (ပေါလု) ရှောလု၏ စွန့်စားခန်း (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သတေဖန် သေပြီးနောက်တွင် ခရစ်ယာန်များသည် နှိပ်စက်ညှဉ်းပန်းခြင်းများကို ခံရ၍ အရပ်ရပ်သို့ ကွဲလွင့်သွားခဲ့ကြရာ အချို့မှာ အန္တိအုတ်သို့ ရောက်ရှိသွားကြသည်။<br>၂။ သူတို့သည် ယေရှု၏ ကယ်တင်ခြင်း သတင်းကောင်းကို သက်သေခံကြရာ၊ လူများစွာတို့သည် ယုံကြည်ပြီး သခင်ဘုရားထံသို့ ပြန်လှည့်လာကြသည်။<br>၃။ ဗာနဗသည် ယုံကြည်သူ လူသစ်များကို ကူညီပေးရန်အတွက် ယေရုရှလင်မှ စေလွှတ်ခြင်း ခံရသောသူ ဖြစ်သည်။ ထိုသို့ သွားရောက် ကူညီရမည့်အရာသည် သူအတွက် အလွန်ကြီးမားသည့် စမ်းသပ်မှုကြီး တစ်ခု ဖြစ်သည်ဟု သူ သိသည်။ ထို့ကြောင့် သူနှင့်အတူ လုပ်ဆောင်ရန်အတွက် ရှောလုအား အန္တိအုတ်သို့ သူခေါ်ဆောင်သွားခဲ့သည်။ တစ်နှစ်ပတ်လုံး အသင်းတော်၌လူများစွာတို့အား သင်ကြားပေးခဲ့ ကြသည်။<br>၄။ ထိုအချိန်ကာလတွင် ရှောလု နှင့် ဗာနဗအား အလုပ်သစ်အတွက် အဝေးတစ်နေရာသို့ စေလွှတ်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်ထံသို့ ဖော်ပြခဲ့သည်။<br>၅။ သူတို့အား ကုပရုကျွန်းသို့ စေလွှတ်ခဲ့ကြသည်။ သူတို့အား ဆန့်ကျင်သည့် ဧလုမနှင့် တွေ့ဆုံခဲ့သော နေရာ ဖြစ်သည်။ ထိုသူသည် နတ်ဝိဇ္ဇာ အတတ်သမား တစ်ဦးဖြစ်ပြီး မြို့ဝန်မင်း သေရဂိပေါလုအား ယုံကြည်ခြင်း တရားလမ်းမှ လွဲအောင် (ခရစ်ယာန်မဖြစ်အောင်) ဟန့်တားသော သူလည်း ဖြစ်သည်။ ပေါလု နှုတ်မြွတ်လိုက်သည့်အခါ သူသည် မျက်စိကွယ်သွားပြီး မြို့ဝန်မင်းသည် သခင်ယေရှုကို ယုံကြည်လာခဲ့သည်။<br>၆။ ဧဝံဂေလိ လုပ်ဆောင်ခြင်းတွင် နှုတ်ကပတ်တော် ဟောပြောခြင်းသည် မည်မျှ အရေးကြီးကြောင်း အလေးထား မှတ်သားပါ။ ***(တမန်၊ ၁၁း ၁၉- ၂၀)***<br>၇။ ခရစ်ယာန် တစ်ယောက်အဖြစ် ကြီးထွားခြင်းသည်လည်း အလွန်အရေးကြီးကြောင်း မှတ်သားပါ။ ***(၁ပေတရု ၂း၂)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – (ပေါလု) ရှောလု၏ စွန့်စားခန်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ရှောလုအား စံပြဥပမာ အဖြစ် ထားပြီး ခရစ်ယာန် အသက်တာ၏ အခက်အခဲ အချို့ကို ဆွေးနွေးပါ။ | အောက်ပါ မေးခွန်းများကို အသုံးပြု၍ သင်ခန်းစာကို ပြန်လှန်ပါ။<br>၁။ ပေါလု နှင့် ဗာနဗ တို့၏ သာသနာပြုခြင်းသည် အောင်မြင်မှု ရှိပါသလား။ သင်၏ အဖြေကို ရှင်းပြပါ။<br>၂။ နတ်ဆိုးကို အနိုင်ယူသည့် ဘုရားသခင်၏ တန်ခိုးတော် အကြောင်း ဖြစ်သည့် ဧလုမ နှင့် ပေါလု၏ တိုက်ခိုက်ခြင်းမှ ကျွန်ုပ်တို့သည် မည်သည့် သင်ခန်းစာကို သင်ယူနိုင်သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လူများစွာတို့သည် ခရစ်ယာန် ဖြစ်လာသည့်အချိန်တွင် ဘဝတွင် 'အခက်အခဲ ပြဿနာများ' နှင့် ကင်းရှင်းရန် တစ်ခါတစ်ရံ မျှော်လင့်တက်ကြသည်။ ဤသို့ မျှော်လင့်သော သူများကို ပေါလုသည် မည်သို့ အကြံပြုထားသည် ဟု သင် ထင်ပါသနည်း။ (***၂ကော၊ ၁၁း ၂၃-၃၃*** ကို ဆင်ခြင်ပါ။)<br>၂။ အခက်အခဲနှင့် ကြုံတွေ့နေရသည့် ခရစ်ယာန်များ အတွက် ခွန်အားပေး ဆုတောင်းချက်ကို ရေးပါ။ စာစောင်ငယ်အဖြစ် ဒီဇိုင်းရေးဆွဲထားပြီး ထိုအထဲတွင် ဆုတောင်းချက်ကို ရေးကာ၊ သင်နှင့် သိကျွမ်းပြီး အခက်အခဲကြုံနေရသည့် ခရစ်ယာန်ကို ပေးပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သင် သိသည့် ခရစ်ယာန် တရားဟောဆရာများနှင့် ကျောင်းသားများကို စကားပြောစေပါ။ ထိုတရားဟောဆရာများ ကြုံတွေ့ခဲ့ကြသည့် အံ့ဩဖွယ် လူတို့၏ ပြောင်းလဲခြင်း အတွေ့အကြုံများကို ကျောင်းသားများအား ပြောပြစေပါ။ ထိုအရာသည် သူတို့ အသက်တာအတွက် မည်သည့် စိန်ခေါ်မှုမျိုးကို ဖြစ်စေမည်နည်း။<br>၂။ ကျမ်းစာကို မည်သို့ ကောင်းစွာ နားလည်နိုင်မည့် အကြောင်း နှင့် သင်၏ ကျမ်းစာ ဖတ်ခြင်း အစီအစဉ် မည်သို့ တိုးတက်နိုင်ကြောင်းကို ခရစ်ယာန် ခေါင်းဆောင် တစ်ဦးဦးနှင့် ဆွေးနွေးပါ။ |

| | ကဇ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - တရားဟောဆရာ | ကဇ - အဆင့် ၄<br>သင်ခန်းစာ ၃ - တမန်တော် ရှင်ပေါလု<br>ခေါင်းစဉ် - သူ၏ ဟောပြောခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၃း ၁-၁၂*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၃း ၁၂*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယခုတွင် ရှောလု (ပေါလု) သည် တရားဟောဆရာတစ်ယောက်၊ သာသနာပြုတစ်ယောက် ဖြစ်လာခဲ့ပြီး ဖြစ်သည်။<br>၂။ သန့်ရှင်းသော ဝိညာဉ်တော်သည် အလုပ်လုပ်သည့်အတွက် သတင်းကောင်းသည် နေရာဒေသသစ်များသို့ ပျံ့နှံ့ခဲ့သည်။<br>၃။ သတင်းကောင်းကို ဆန့်ကျင့်သည့် အရာများလည်း ရှိနိုင်သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၃း ၁၃- ၅၂*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၃း ၄၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယခုတွင် ရှောလု (ပေါလု) သည် တရားဟောဆရာတစ်ယောက်၊ သာသနာပြုတစ်ယောက် ဖြစ်လာခဲ့ပြီး ဖြစ်သည်။<br>၂။ ခရစ်တော်၏ အကြောင်း ဟောပြောချက်များသည် ဓမ္မဟောင်းကျမ်းတွင် အရင်းတည် စတင်ဖြစ်ပေါ်လာပြီး သူ၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ အစီအစဉ်အတိုင်း ဖြစ်ခဲ့သည်။<br>၃။ အပြစ်၏ လွတ်ခြင်းအခွင့်သည် ယေရှုခရစ်တော် တစ်ပါးတည်း အားဖြင့်သာ ရရှိနိုင်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ဘုရားသခင် နှင့် စာတန် အကြား သဘောထား ကွဲလွဲမှုကို ကျောင်းသားများထံ မိတ်ဆက်ပေးပါ။<br>• ဤအချက်ကို ပိုမို သိနိုင်ရန် ဧဒင်ဥယျာဉ်သို့ တဖန် ပြန်သွားပြီး လူသားတို့၏ ကျဆုံးခြင်းကို ဆွေးနွေးပါ။<br>• စာတန်သည် မတူညီသည့် နည်းလမ်းဖြင့် ဆက်လက် အလုပ်လုပ်နေဆဲဖြစ်ကြောင်း နှင့် သခင်ယေရှု၏ သတင်းကောင်း ဟောပြောခြင်းကို ဆန့်ကျင်နေကြောင်းကို ကျောင်းသားများ သိနိုင်ရန် ညွှန်ပြပါ။ | • ခွင့်လွှတ်ခြင်း၏ အရေးကြီးပုံကို ကျောင်းသားများအား စဉ်းစားစေပါ။ တစ်စုံတစ်ဦးအား သူတို့ ခွင့်လွှတ်လိုက်ချိန်၊ စသည့် နေ့စဉ် အခြေအနေ အရပ်ရပ်ကို စဉ်းစားကြည့်ပါ။<br>• ကျွန်ုပ်တို့သည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို အဘယ်ကြောင့် လိုအပ်ရခြင်း ဖြစ်သနည်း။<br>• ခရစ်ယာန် ဒေသနာတွင် အပြစ်ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ ခရစ်တော်၏ လုပ်ဆောင်ပေးခြင်းသည် မည်မျှ အဓိကကျကြောင်း ဆွေးနွေးပါ။<br>• ခွင့်လွှတ်ခြင်း အကြောင်းနှင့် ပတ်သက်၍ မှားယွင်းသည့် အတွေးအခေါ် အချို့ကို ရှာဖွေပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သတေဖန် သေပြီးနောက်တွင် ခရစ်ယာန်များသည် နှိပ်စက်ညှဉ်းပန်းခြင်းများကို ခံရ၍ အရပ်ရပ်သို့ ကွဲလွင့်သွားခဲ့ကြရာ အချို့မှာ အန္တိအုတ်သို့ ရောက်ရှိသွားကြသည်။<br>၂။ သူတို့သည် ယေရှု၏ ကယ်တင်ခြင်း သတင်းကောင်းကို သက်သေခံကြရာ၊ လူများစွာတို့သည် ယုံကြည်ပြီး သခင်ဘုရားထံသို့ ပြန်လှည့်လာကြသည်။<br>၃။ ဗာနဗသည် ယုံကြည်သူ လူသစ်များကို ကူညီပေးရန်အတွက် ယေရုရှလင်မှ စေလွှတ်ခြင်း ခံရသောသူ ဖြစ်သည်။ ထိုသို့ သွားရောက်ကူညီရမည့်အရာသည် သူ့အတွက် အလွန်ကြီးမားသည့် စမ်းသပ်မှုကြီး တစ်ခု ဖြစ်သည်ဟု သူ သိသည်။ ထို့ကြောင့် သူနှင့်အတူ လုပ်ဆောင်ရန်အတွက် ရှောလုအား အန္တိအုတ်သို့ သူခေါ်ဆောင်သွားခဲ့သည်။ တစ်နှစ်ပတ်လုံး အသင်းတော်၌လူများစွာတို့အား သင်ကြားပေးခဲ့ ကြသည်။<br>၄။ ထိုအချိန်ကာလတွင် ရှောလု နှင့် ဗာနဗအား အလုပ်သစ်အတွက် အဝေးတစ်နေရာသို့ စေလွှတ်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် အသင်းတော်ထံသို့ ဖော်ပြခဲ့သည်။<br>၅။ သူတို့အား ကုပရုကျွန်းသို့ စေလွှတ်ခဲ့ကြသည်။ သူတို့အား ဆန့်ကျင်သည့် ဧလုမနှင့် တွေ့ဆုံခဲ့သော နေရာ ဖြစ်သည်။ ထိုသူသည် နတ်ဝိဇ္ဇာအတတ်သမား တစ်ဦးဖြစ်ပြီး မြို့ဝန်မင်း သေရဂိပေါလုအား ယုံကြည်ခြင်းတရားလမ်းမှ လွဲအောင် (ခရစ်ယာန်မဖြစ်အောင်) ဟန့်တားသော သူလည်း ဖြစ်သည်။<br>၆။ ပေါလု နှုတ်မြွက်လိုက်သည့်အခါ သူသည် မျက်စိကွယ်သွားပြီး မြို့ဝန်မင်းသည် သခင်ယေရှုကို ယုံကြည်လာခဲ့သည်။<br>၇။ *နတ်ဆိုးတို့၏ ဖြစ်တည်ခြင်း နှင့် သဘောသဘာဝကို ဆွေးနွေးပါ။*<br>၈။ *ထိုအချိန်ကာလ သတင်းကောင်း၏ အရေးကြီးပုံ နှင့် ယနေ့အချိန် သတင်းကောင်း၏ ရေးကြီးပုံတို့ကို ဆွေးနွေးပါ။*<br>၉။ *ဘုရားသခင်၏ စီရင်ခြင်းသည် အဘယ်ကြောင့် ဧလုမ အသက်တာတွင် ကျရောက်ရသည်ကို စဉ်းစားဆင်ခြင်းပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ကုပရုကျွန်းသို့ သွားသည့် ပေါလု နှင့် ဗာနဗ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ပေါလုသည် အန္တိအုတ်မြို့သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။<br>၂။ သူ၏ တရားဟောချက်တွင် ယုဒ သမိုင်းကြောင်း အသေးစိတ်ကို သူပြောပြခဲ့သည်။ ခရစ်တော်၏ ကြွလာခြင်း၊ အသေခံခြင်း၊ နှင့် ရှင်ပြန်ထမြောက်ခြင်း တိုင်အောင် သူဟောပြောခဲ့သည်။ ‘သခင်ယေရှုခရစ် အားဖြင့် အပြစ်လွတ်ခြင်း အခွင့်ကို ခံရကြ၏ ဟု ဖော်ပြထားသည်။’ ***(အငယ်၊ ၃၈)***<br>၃။ တရားဇရပ်တွင် ပထမဦးဆုံးအကြိမ် တရားဟောပြီး နောက်တွင် လူတို့အား နောက်တစ်ပတ် ဥပုဒ်နေ့တွင် ပြန်လာရန် သူ ဖိတ်ခေါ်ခဲ့သည်။<br>၄။ နောက်တစ်ပတ် ဥပုဒ်နေ့တွင် ထိုမြို့ရှိလူ အားလုံး နီးပါးသည် ပေါလု၏ တရားကို နားထောင်ရန် ရောက်ရှိလာကြသည်။ ယုဒ ဘာသာရေး ခေါင်းဆောင်များကပင် မနာလို ဖြစ်ရလောက်အောင် အများအပြား ရောက်ရှိလာခဲ့ကြသည်။<br>၅။ သူတို့သည် ဘုရားသခင်၏ စကားတော်ကို ငြင်းပယ်သောကြောင့် ယခုတွင် တစ်ပါးအမျိုးသားထံသို့ ရောက်ရှိရသည်ဟု ပေါလု ဟောပြောခဲ့သည်။ ***(ဟေရှာယ၊ ၄၉း၆)***<br>၆။ *ယုဒ ဘာသာရေး ခေါင်းဆောင်တို့သည် အဘယ်ကြောင့် သခင်ယေရှုအား သတ်လိုရခြင်း ဖြစ်သည်ကို ရှင်းပြပါ။*<br>၇။ *သခင်ယေရှုသည် အဘယ်ကြောင့် အသေခံရခြင်း ဖြစ်သနည်း။ ခရစ်တော်၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ အစီအစဉ် ဖြစ်ရခြင်းကို စဉ်းစားဆင်ခြင်ပါ။*<br>၈။ *ကယ်တင်ရှင် အဖြစ် ခရစ်တော်၏ အနှိုင်းမဲ့ခြင်း အကြောင်းကို စဉ်းစားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အန္တိအုတ်မြို့၌ ပေါလု နှင့် ဗာနဗ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ဘုရားသခင်သည် စာတန်အား မည်သို့ တိုက်ခိုက်ခဲ့သည့် ပုံဥပမာကို ကျောင်းသားများအား ပြန်မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်လေ့လာပါ။ | ယနေ့ သင်ခန်းစာကို ပြန်လှန်လေ့လာရန် ကျောင်းသားများအား မေးခွန်းတိုများ မေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သတင်းကောင်း အပေါ် မြို့ဝန်မင်း သေရဂိပေါလု နှင့် ဧလုမတို့၏ တုံ့ပြန်မှုမှာ အဘယ်နည်း။ သတင်းကောင်း အပေါ် ကောင်းစွာ တုံ့ပြန်ရန် ကျောင်းသားများကို နှိုးဆော်ပါ။<br>၂။ ယနေ့ ဇာတ်လမ်းများ အားလုံး၌ မှော်အတတ်၏ ဆိုလိုရင်းသည် သာမာန်မျှသာ ဖြစ်သည်။ ခရစ်ယာန်တို့သည် ထိုဇာတ်လမ်းများကို ကြည့်ရှုသင့်ပါ သလား။ စာသင်ခန်းအတွင်း ဆွေးနွေးပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကယ်တင်ရှင် အဖြစ် ခရစ်တော်၏ အနှိုင်းမဲ့ခြင်း အကြောင်းသည် ကျွန်ုပ်တို့ ရိုးရာဓလေ့များကို မည်သည့် စိန်ခေါ်မှု ဖြစ်စေသနည်း။<br>၂။ ***ဖေတ်၊ ၄း ၃၂*** ကို ဖတ်ပြီး ပေါလု၏ စကားဖြစ်သည့် ခွင့်လွှတ်အကြောင်းသည် သူတို့၏ အသက်တာတွင် မည်မျှ အကျိုးသက်ရောက်မှုရှိကြောင်း ကျောင်းသားများကို တိုက်တွန်းပါ။ |

| | ကဇ - အဆင့် ၃<br>သင်ခန်းစာ ၄ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - ကွဲပြားခဲ့သောမြို့ တစ်မြို့ | ကဇ - အဆင့် ၄<br>သင်ခန်းစာ ၄ - တမန်တော် ရှင်ပေါလု<br>ခေါင်းစဉ် - သူ၏ ပြဿနာ |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၁၃း ၁၃-၁၆၊ ၄၂-၅၂***<br>**အဓိကသော့ချက်ကျမ်း** ***တမန်၊ ၁၃း၄၉***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် သူ၏ သာသနာပြု ခရီးစဉ်ကို ရှေ့ဆက်ခဲ့သည်။<br>၂။ ဘုရားသခင်၏ စကားတော်ကို နားထောင်ခြင်းသည် အလွန်အရေးကြီးသည်။<br>၃။ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်းသည် လူတိုင်းအတွက် ဖြစ်ပြီး၊ ထိုသတင်းကောင်းကို လက်ခံသော သူတိုင်းထံသို့ ဝမ်းမြောက်ခြင်းများ သယ်ဆောင်လာပေးသည်။ | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၁၄း ၁-၂၈***<br>**အဓိကသော့ချက်ကျမ်း** ***မာကု၊ ၁၆း၂၀***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် သူ၏ သာသနာပြု ခရီးစဉ်ကို ရှေ့ဆက်ခဲ့သည်။<br>၂။ ခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်းသည် လူတို့အား ကွဲပြားစေပြီး၊ အချို့သော ခရစ်ယာန်တို့၏ တရားဟောချက်များသည် အစွန်းရောက်သော တရားဟောချက်များ ဖြစ်သည်။<br>၃။ ပေါလုသည် ခရစ်တော်အပေါ် သစ္စာရှိကြောင်း သက်သေပြသကဲ့သို့ ခရစ်တော်အပေါ် သစ္စာရှိခြင်းသည် အလွန်အရေးကြီးသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ကျမ်းစာသည် အဘယ်ကြောင့် အရေးကြီးသည်ဟု ထင်ပါသနည်း။ ကျောင်းသားများကို မေးပါ။ (ဤသင်ခန်းစာပါ ဖတ်ရန်ကျမ်းထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အကြိမ်မည်မျှ ဖော်ပြထားကြောင်း မှတ်သားရေတွက်ပါ။)<br>• ကျမ်းစာမှ အဓိက တရားဟောချက်ဖြစ်သည့် ခရစ်တော်၏ သတင်းကောင်းသည် လူသားအားလုံး အတွက် ဖြစ်ကြောင်း ကျောင်းသားများထံ မိတ်ဆက်ပြောပြပေးပါ။ ခရစ်ယာန်များသည် မတူညီသည့် ဓလေ့ထုံးစံ အမျိုးမျိုးမှ ပြောင်းလဲ လာကြသူများ ဖြစ်ကြကြောင့် သူတို့အား သတိပေးပြောပြပါ။ | • 'သစ္စာရှိခြင်း' စကားလုံး၏ အဓိပ္ပာယ်ကို ကျောင်းသားများအား မေးပါ။<br>• သစ္စာရှိခြင်းကို သက်သေပြသည့် လူများ နှင့် သစ္စာရှိခြင်းလမ်းစဉ်၏ ဥပမာများကို ကျောင်းသားများအား စဉ်းစားစေပါ။<br>• သစ္စာရှိခြင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်း ဆင်ခြင်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ပေါလုသည် အန္တိအုတ်မြို့သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ တရားဇရပ်တွင် ပထမဦးဆုံးအကြိမ် တရားဟောပြီး နောက်တွင် လူတို့အား နောက်တစ်ပတ် ဥပုဒ်နေ့တွင် ပြန်လာရန် သူ ဖိတ်ခေါ်ခဲ့သည်။<br>၂။ နောက်တစ်ပတ် ဥပုဒ်နေ့တွင် ထိုမြို့ရှိလူ အားလုံး နီးပါးသည် ပေါလု၏ တရားကို နားထောင်ရန် ရောက်ရှိလာကြသည်။ ယုဒ ဘာသာရေး ခေါင်းဆောင်များကပင် မနာလို ဖြစ်ရလောက်အောင် အများအပြား ရောက်ရှိလာခဲ့ကြသည်။<br>၃။ သူတို့သည် ဘုရားသခင်၏ စကားတော်ကို ငြင်းပယ်သောကြောင့် ယခုတွင် တစ်ပါးအမျိုးသားထံသို့ ရောက်ရှိရသည်ဟု ပေါလု ဟောပြော ခဲ့သည်။ ***(ဟေရှာယ၊ ၄၉း၆)***<br>၄။ ပေါလု၏ ပရိသတ်ကို သတိထားပါ။ ***(အငယ်၊ ၁၆၊ ၄၂၊ ၄၃၊ ၄၈)***<br>၅။ သတင်းကောင်းသည် အဘယ်ကြောင့် ယုဒလူများထံ ဦးစွာ ဟောပြောရခြင်း ဖြစ်သည်ကို ရှင်းပြပါ။<br>၆။ ဘုရားသခင်၏ သာသနာတော်သည် မည်သို့ ပျံ့နှံ့ကြောင်း ဖော်ပြပါ။ ***(အငယ်၊ ၄၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အန္တိအုတ်မြို့ နှင့် ဣကောနိမြို့ ၌ပေါလု နှင့် ဗာနဗ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလု နှင့် ဗာနဗတို့သည် ဣကောနိမြို့သို့ ရောက်လာသည့်အခါ များစွာသော ယုဒလူများ နှင့် တစ်ပါးအမျိုးသားများ ပြောင်းလဲလာကြသည်။ သို့သော် ယုဒလူ အချို့သာ ဆန့်ကျင်ကြသည်။<br>၂။ သတင်းကောင်းကြောင့် ထိုမြို့သည် ကွဲပြားသွားခဲ့သည်။ သို့သော် အချို့သော သူတို့သည် ပေါလု နှင့် ဗာနဗအား ကျောက်ခဲနှင့် ပစ်ပေါက်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြသည်။ ထို့အတွက်ကြောင့် သူတို့သည် လုတ္တရမြို့သို့ ထွက်ပြေးခဲ့ကြရသည်။<br>၃။ ဤနေရာတွင် ခြေမစွမ်းသူ တစ်ဦးအား ကျန်းမာခြင်း ပေးရန် ဘုရားသခင်သည် ပေါလုအား အသုံးပြုခဲ့သည်။ ထို့အတွက်ကြောင့် ထိုမြို့သားတို့သည် သူတို့အား နတ်ဘုရားများဟု ထင်ကြပြီး၊ သူတို့အား ယဇ်ပူဇော်လိုကြသည်။<br>၄။ ထိုအခါ ပေါလု နှင့် ဗာနဗတို့သည် ပရိသတ်ကြီးအား မိမိတို့သည် သူတို့၏ ထိုအချည်းနှီးသော ရုပ်တုကိုးကွယ်ခြင်းများကို ပယ်၍ အသက်ရှင်တော်မူသော ဘုရားသခင် ထံတော်သို့ ပြောင်းလဲပေးစေခြင်းငှါ လာရောက်ခြင်း ဖြစ်ကြောင်း ပြောပြကြသည်။ ကျွန်ုပ်တို့ထံ ဘုရားသခင် ပေးသည့် အရာအားလုံးကို ပေါလု နှင့် ဗာနဗတို့သည် သူတို့ထံ ရှင်းပြခဲ့သည်။ (အငယ်၊၁၇)<br>၅။ အန္တိအုတ် နှင့် ဣကောနိမှ လာသော ယုဒလူတို့သည် လူအုပ်ကြီးအား နှိုးဆော်ကြပြီး ပေါလုအား ကျောက်ခဲနှင့် ပစ်သတ်ကြသည်။ ပေါလုအား သေပြီး စိတ်ထင်နှင့် မြို့ပြင်သို့ ဆွဲထုတ်ကြသည်။ ကျေးဇူးတော်ကြောင့်ပင် ပေါလုသည် သတိပြန်ရလာပြီး နောက်တစ်နေ့ နံနက်တွင် ဒေရဗေမြို့သို့ ထွက်သွားခဲ့ကြသည်။ ဤမြို့တွင် လူအများစု ခရစ်တော်၏ တပည့်တော် ဖြစ်လာခဲ့ကြသည်။<br>၆။ ယခုတွင် သူတို့သည် လုတ္တရမြို့၊ ဣကောနိမြို့၊ အန္တိအုတ်မြို့၊ တို့သို့ အစဉ်အတိုင်း ပြန်လာခဲ့ကြပြီး၊ ယုံကြည်သူများကို ခွန်အားပေး၍ မြဲမြံ စေခဲ့ကြသည်။ အတက်နိုင်ဆုံး သူတို့ အသက်များကို စွန့်စားပြီး ပေးဆက်ခဲ့ကြသည်။<br>၇။ *ဘုရားသခင်သည် မည်သို့သော ဘုရား ဖြစ်ကြောင်း အလေးထားမှတ်သားပါ။* ***(အငယ်၊၁၅-၁၇)***<br>၈။ *ပေါလု နှင့် ဗာနဗ ကဲ့သို့ လုံ့လဝီရိယ ရှိခြင်းသည် အလွန် အရေးကြီးကြောင်း ဆင်ခြင်ပါ။ (**အငယ်၊၂၂** ကို ဂရုစိုက်၍ ကြည့်ပါ။)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အန္တိအုတ်မြို့ နှင့် ဣကောနိမြို့ ၌ ပေါလု နှင့် ဗာနဗ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ဘုရားသခင်သည် စာတန်အား မည်သို့ တိုက်ခိုက်ခဲ့သည့် ပုံဥပမာကို ကျောင်းသားများအား ပြန်မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်လေ့လာပါ။ | ယနေ့ သင်ခန်းစာကို ပြန်လှန် လေ့ကျင့်ခြင်းဖြင့် ကျောင်းသားများကို မေးခွန်းတိုများ မေးပါ။<br>၂။ ***အခန်းငယ်၊ ၃*** ရှိ 'နိမိတ်လက္ခဏာ၏' ရည်ရွယ်ချက်မှာ အဘယ်နည်း။<br>၃။ ဤကျမ်းချက်တွင် ပေါလု နှင့် ဗာနဗသည် သူတို့၏ ယုံကြည်ခြင်းကို ဘုရားသခင်အပေါ် လုံးဝ မှီခိုအားထားကြောင်း မည်သည့် နေရာတွင် တွေ့ရသနည်း။ ကျွန်ုပ်တို့၏ အသက်တာများကို ဘုရားသခင်အတွက် အသက်ရှင်ရန် ဘုရားသခင် မျှော်လင့် ပါသလား။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***အခန်းငယ် ၄၂ နှင့် ၄၈*** တွင် တစ်ပါးအမျိုးသားများ ခရစ်တော်ကို ယုံကြည်လက်ခံလာကြသည်။ ဤအကြောင်းအရာမှ ကျွန်ုပ်တို့သည် မည်သည့် အရာကို သင်ယူနိုင်သနည်း။ ခရစ်တော်၏ ဒေသနာကို ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်မည်နည်း။<br>၂။ သာသနာပြု တစ်ယောက်၏ လုပ်ငန်းအကြောင်းကို လေ့လာသင်ယူပါ။ ခရစ်တော်၏ သတင်းကောင်းကို အခြား ဓလေ့ထုံးစ မတူသော သူများထံ သွားရောက် ဟောပြောသည့်အခါ ထိုသူ ကြုံတွေ့ရသည် ပတ်ဝန်းကျင်၏ စုံစမ်းနှောက်ယှက်ခြင်းများ အကြောင်း လေ့လာပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ မည်သို့ သစ္စာ ရှိနိုင်မည်နည်း။<br>၂။ ယနေ့ လူမှုဝန်းကျင်တွင် ကျွန်ုပ်တို့ ကိုယ်စီနှင့်ဆိုင်သော ကိုးကွယ်မှုများ ရှိကြသည်။ ခရစ်တော်၏ သတင်းကောင်းသည် ထိုကိုးကွယ်မှု (ရုပ်တုကိုးကွယ်ခြင်း) များကို မည်ကဲ့သို့ ဖိတ်ခေါ်နေသည်ကို ပြသနိုင်ရန် နံရံတွင် ပြသနိုင်သည့် ကားချပ်တစ်ခု ပြုလုပ်ပါ။ |

| | ကာ၁၀ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - သခင်ဘုရားအတွက် နှိပ်စက်ညှင်းပန်းခြင်း | ကာ၁၀ - အဆင့် ၄<br>သင်ခန်းစာ ၁ - ရှင်ပေါလု<br>ခေါင်းစဉ် - ဖိလိပ္ပိမြို့၌ ရှင်ပေါလု |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၄း ၁- ၂၀*<br>**အဓိကသော့ချက်ကျမ်း** *၁ ပေတရု ၄း ၁၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလု နှင့် ဗာနဗတို့သည် သူတို့၏ သာသနာခရီးကို ရှေ့ဆက် ခဲ့ကြသည်။<br>၂။ ခရစ်ယာန်များသည် သူတို့၏ ယုံကြည်ခြင်းကြောင့် တစ်ခါတစ်ရံ နှိပ်စက်ညှင်းပန်းခြင်း ခံစားရနိုင်သည်။ သို့သော် အခက်အခဲများနှင့် ကြုံတွေ့လာပါက အရှုံးမပေးသင့်ပေ။<br>၃။ ကျွန်ုပ်တို့အား ထောင့်ပံ့ပေးပြီး၊ ဖန်ဆင်းရှင် ဖြစ်တော်မူသော အသက်ရှင်တော်မူသော ဘုရားသခင်ကို ခရစ်ယာန်များ ယုံကြည်ထားခြင်း ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၆း ၉-၄၀*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၆း ၃၁*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလု နှင့် ဗာနဗတို့သည် သူတို့၏ သာသနာခရီးကို ရှေ့ဆက်ခဲ့ကြသည်။<br>၂။ ဘုရားသခင်၏ ဦးဆောင် လမ်းပြမှုကို နားထောင်ရန် နှင့် နာခံရန် အလွန်အရေးကြီးသည်။<br>၃။ ဘုရားသခင်သည် လူတို့၏ နှလုံးသားများကို ဖွင့်ပေးပြီး လူတိုင်းအတွက် ကယ်တင်ခြင်းသည်လည်း သခင်ယေရှုခရစ်တော် အားဖြင့်သာ ဖြစ်သည်။<br>၄။ ခရစ်ယာန်များသည် ဗတ္တိဇံ ခံယူခြင်းအားဖြင့် သခင်ယေရှုခရစ်ထံ ဝန်ခံနာခံကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်ရန် အလွန်အရေးကြီးရခြင်းမှာ အဘယ်ကြောင့်နည်း။ ကျောင်းသားများနှင့် လေ့လာဆွေးနွေးပါ။<br>• ဘုရားသခင် မျက်မှောက်တော်တွင် တာဝန်ရှိခြင်း နှင့် တာဝန်သိတတ်မှုတို့၏ သဘောထားကို ဦးတည် ရည်ညွှန်းပါ။ | • ဘုရားသခင်၏ ကယ်တင်ခြင်းကို ကျွန်ုပ်တို့အားလုံး လိုအပ်ရခြင်းမှာ အဘယ်ကြောင့်နည်း။ ဤသို့ ပဟေဠိဆန်ဆန် မေးခွန်းကို မေးပါ။<br>• ဘုရားသခင် ကယ်တင်ခြင်း၏ သဘောသဘာဝ၊ နှင့် သခင်ယေရှု အားဖြင့် ဘုရားသခင် ပြုလုပ်ပေးသော အရာကို ကျွန်ုပ်တို့ ယုံကြည်ခြင်း အားဖြင့် ကယ်တင်ခြင်း ခံစားရခြင်း ဖြစ်ကြောင်း ရှင်းပြပါ။ ကျွန်ုပ်တို့၏ အကျင့်အားဖြင့် မဟုတ်ပေ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလု နှင့် ဗာနဗတို့သည် ဣကောနိမြို့သို့ ရောက်လာသည့်အခါ များစွာသော ယုဒလူများ နှင့် တစ်ပါးအမျိုးသားများ ပြောင်းလဲလာကြသည်။ သို့သော် ယုဒလူ အချို့သာ ဆန့်ကျင်ကြသည်။<br>၂။ သတင်းကောင်းကြောင့် ထိုမြို့သည် ကွဲပြားသွားခဲ့သည်။ သို့သော် အချို့သော သူတို့သည် ပေါလု နှင့် ဗာနဗအား ကျောက်ခဲနှင့် ပစ်ပေါက်ရန် လို့ဝှက်ကြံစည်ခဲ့ကြသည်။ ထို့အတွက်ကြောင့် သူတို့သည် လုတ္တရမြို့သို့ ထွက်ပြေးခဲ့ကြရသည်။<br>၃။ ဤနေရာတွင် ခြေမစွမ်းသူ တစ်ဦးအား ကျန်းမာခြင်း ပေးရန် ဘုရားသခင်သည် ပေါလုအား အသုံးပြုခဲ့သည်။ ထို့အတွက်ကြောင့် ထိုမြို့သားတို့သည် သူတို့အား နတ်ဘုရားများဟု ထင်ကြပြီး၊ သူတို့အား ယဇ်ပူဇော်လိုကြသည်။<br>၄။ ထိုအခါ ပေါလု နှင့် ဗာနဗတို့သည် ပရိသတ်ကြီးအား မိမိတို့သည် သူတို့၏ ထိုအချည်းနှီးသော ရုပ်တုကိုးကွယ်ခြင်းများကို ပယ်၍ အသက်ရှင်တော်မူသော ဘုရားသခင် ထံတော်သို့ ပြောင်းလဲပေးစေခြင်းငှါ လာရောက်ခြင်း ဖြစ်ကြောင်း ပြောပြကြသည်။ ကျွန်ုပ်တို့ထံ ဘုရားသခင် ပေးသည့် အရာအားလုံးကို ပေါလု နှင့် ဗာနဗတို့သည် သူတို့ထံ ရှင်းပြခဲ့သည်။ (အငယ်၊၁၇)<br>၅။ အန္တိအုတ် နှင့် ဣကောနိမှ လာသော ယုဒလူတို့သည် လူအုပ်ကြီးအား နှိုးဆော်ကြပြီး ပေါလုအား ကျောက်ခဲနှင့် ပစ်သတ်ကြသည်။ ပေါလုအား သေပြီး စိတ်ထင်နှင့် မြို့ပြင်သို့ ဆွဲထုတ်ကြသည်။<br>၆။ ကျေးဇူးတော်ကြောင့်ပင် ပေါလုသည် သတိပြန်ရလာပြီး နောက်တစ်နေ့ နံနက်တွင် ဒေရဗေမြို့သို့ ထွက်သွားခဲ့ကြသည်။<br>၇။ *ဘုရားသခင်သည် မည်သို့သော ဘုရား ဖြစ်ကြောင်း အလေးထားမှတ်သားပါ။* ***(အငယ်၊၁၅-၁၇)***<br>၈။ *ပေါလု နှင့် ဗာနဗ ကဲ့သို့ လုံ့လဝီရိယ ရှိခြင်းသည် အလွန် အရေးကြီးကြောင်း ဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – လုတ္တရ နှင့် ဒေရဗေ ၌ပေါလု နှင့် ဗာနဗ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလုသည် အာရှရှိ အခြားနေရာများသို့ မသွားရန် ရှင်းလင်းသည့် လမ်းညွှန်ချက်ကို ရရှိသည်။ သို့သော် တစ်ညတွင် မာကေဒေါနိပြည်သို့ သွားရန် ဖိတ်ခေါ်နေသည့် ရူပါရုံကိုကို သူမြင်ခဲ့သည်။ (ဉရောပ)<br>၂။ ဉရောပသို့ သတင်းကောင်း ရောက်ရှိရန် မည်သည့်အရာက ဦးဆောင် လမ်းပြခဲ့ကြောင်း ဖော်ပြပါ။ ***(အငယ်၊ ၉)***<br>၃။ ဖိလိပ္ပိ၌ မြစ်ကမ်းနံဘေးတွင် ဆုတောင်းနေသည့် အမျိုးသမီး တစ်စုကို သူတွေ့ခဲ့သည်။ လုဒိသည် သူတို့အထဲမှ တစ်ယောက်အပါအဝင် ဖြစ်သည်။<br>၄။ လုဒိ၏ စိတ်နှလုံးကို ဘုရားသခင် ဖွင့်တော်မူ၏ ဆိုသော အဓိပ္ပာယ်မှာ အဘယ်နည်း။ ရှင်းပြပါ။ ***(အငယ်၊ ၁၄)***<br>၅။ လူတို့၏ ကံကြမ္မာကို ဟောပြောသည့် မိန်းမငယ်၏ အထဲမှ နတ်ဆိုးကို ထွက်သွားရန် ပေါလု နှင်ထုတ်လိုက်သည့်အခါ၊ ပေါလု နှင့် သိလတို့သည် ထောင်ထဲသို့ ပို့ခြင်း ခံခဲ့ရသည်။<br>၆။ မြေငလျှင်လှုပ်ခဲ့ပြီး၊ ထောင်သားများအားလုံး အချည်အနှောင်မှ လွတ်သွားကြသည်။ ထောင်မှူးသည် မိမိကိုယ်ကို သတ်မည့် အခြေအနေထိ ပြုခဲ့သည်။ သို့သော် ပေါလုသည် သူ့အား ထောင်သားအားလုံး ရှိကြောင်း အခိုင်အမာ ပြောခဲ့သည်။<br>၇။ ထောင်မှူးမေးသော မေးခွန်း နှင့် ပေါလု ပြန်ဖြေသော အဖြေကို ရှင်းရှင်းလင်းလင်း ရှင်းပြပါ။ ***(တမန်၊ ၁၆း ၃၁)***<br>၈။ *ကယ်တင်ခြင်း ခံစားရရှိရန်အတွက် သခင်ယေရှု၏ အဓိက အရေးပါခြင်းကို အလေးအနက်ထား မှတ်သားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ပေါလု နှင့် သိလတို့သည် ဖိလိပ္ပိမြို့သို့ သွားကြခြင်း နှင့် ပေါလု နှင့် သိလတို့ ထောင်ထဲသို့ အပို့ခံခဲ့ရခြင်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ သင်ခန်းစာကို ***ထွက်မြောက်ရာ၊ ၂၀း ၁-၆*** နှင့် နှိုင်းယှဉ်ကြည့်ပါ။ အသက်ရှင်သော ဘုရား၏ ဖြစ်တည်ခြင်း အစစ်အမှန်ကို ကျောင်းသားများ နားလည်နိုင်ရန် ကူညီပေးပါ။<br>၂။ အသက်ရှင်သော ဘုရားသခင် ထံမှ ကျွန်ုပ်တို့ ဝေးကွာသွားအောင် ယနေ့ ကျွန်ုပ်တို့အား သွေးဆောင်နေသည့် ရုပ်တုအချို့ကို ရုပ်လုံးပေါ်စေရန် (မြင်သာနိုင်ရန်) ပိုစတာတစ်ခု ပြုလုပ်ပါ။ | အောက်ပါ မေးခွန်းများ အားဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။<br>၁။ ထောင်မှူး၏ ပြောင်းလဲခြင်း နောက်ဆက်တွဲ အခြေအနေကို ဖော်ပြပါ။<br>၂။ ဤကျမ်းချက်ရှိ ဗတ္တိဇံမင်္ဂလာ၏ သဘောသဘာဝ နှင့် အရေးအသွေးမှာ အဘယ်နည်း။ ***(အငယ်၊ ၁၅၊ ၃၁-၃၃)*** |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်၏ မျက်မှောက်တော်တွင် တာဝန်ရှိခြင်း၏ သဘောကို စဉ်းစားပါ။ ထိုအရာက ကျွန်ုပ်တို့ကို အဘယ်ကဲ့သို့ တိုက်တွန်း နှိုးဆော်ပါသနည်း။ ဤအရာက ကျွန်ုပ်တို့၏ ခရစ်ယာန် အသက်တာကို မည်သို့ ပြောင်းလဲစေသနည်း။<br>၂။ ***တမန်၊ ၁၄း ၁၅*** သည် 'သူရဲကောင်းတို့အား ကိုးကွယ်ခြင်း' အကြောင်းကို ကျွန်ုပ်တို့အား မည်သို့ သင်ကြားပေးသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်ကို ကောင်းစွာ နားလည်ထားပါ။<br>၂။ ယုံကြည်သူတို့၏ ဗတ္တိဇံမင်္ဂလာ ခံယူခြင်းသည် လွန်စွာ အရေးကြီးသည်။ |

<table>
<tr><th></th><th>က၁၀ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - ဘ၀အသက်တာအတွက် မိတ်ဆွေတစ်ဦး</th><th>က၁၀ - အဆင့် ၄<br>သင်ခန်းစာ ၂ - ရှင်ပေါလု<br>ခေါင်းစဉ် - သက်သာလောနိတ်မြို့ နှင့် ဗေရိမြို့၌ ရှင်ပေါလု</th></tr>
<tr><td></td><td>အခြေပြုကျမ်းညွှန်း တမန်၊ ၁၆း ၁-၃၊ ၂တိမောသေ၊ ၁း ၁-၅<br>အဓိကသော့ချက်ကျမ်း ၂တိမောသေ၊ ၃း ၁၅<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။<br>၁။ ကျမ်းစာကို ဖတ်ရှုခြင်း နှင့် သိခြင်းသည် ကယ်တင်ခြင်းကို ကျွန်ုပ်တို့ နားလည်အောင် ပြုလုပ်ပေးသည်။<br>၂။ ခရစ်ယာန် သူငယ်ချင်းများ ရှိခြင်း နှင့် အချင်းချင်း ဆုတောင်း ပေးခြင်းသည် လွန်စွာ အရေးကြီးသည်။</td><td>အခြေပြုကျမ်းညွှန်း တမန်၊ ၁၇း ၁-၁၄<br>အဓိကသော့ချက်ကျမ်း တမန်၊ ၁၇း၁၁<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။<br>၁။ ပေါလု နှင့် သိလတို့သည် သက်သာလောနိတ်မြို့ နှင့် ဗေရိမြို့သို့ ခရီးဆက်ခဲ့ကြသည်။<br>၂။ ယေရှုသည် ဓမ္မဟောင်းကျမ်းမှ ကြိုတင်ပရောဖက် ပြုထားသည့် ခရစ်တော် ဖြစ်ပြီး၊ သူ၏ အသေခံခြင်း နှင့် ရှင်ပြန် ထမြောက်ခြင်းသည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သည်။<br>၃။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည် မည်သည့်အရာ ဖြစ်သည်ကို နှုတ်ကပတ်တော်တွင် ရှာဖွေပြီး သက်သေထူရန် အလွန်အရေးကြီးသည်။</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>• အကောင်း နှင့် အဆိုး မည်သည့်အရာသည် ကျွန်ုပ်တို့၏ အသက်တာတွင် ပိုမို လွှမ်းမိုးနိုင်သည်ကို ဆွေးနွေးပါ။<br>• ခရစ်ယာန်တို့၏ လွှမ်းမိုးခြင်းသည် ကျွန်ုပ်တို့ အသက်တာတွင် ရှိရန် အလွန်အရေးကြီးကြောင်း ကျောင်းသားများ နှင့်အတူဆွေးနွေးပါ။<br>• ခရစ်ယာန် ယုံကြည်ခြင်း၌ မည်သူသည် သင်၏ အသက်တာကို လွှမ်းမိုးထားကြောင်း နှင့် မည်သည့် နည်းလမ်းဖြင့် သူတို့သည် သင့်အား လွှမ်းမိုးထားကြောင်း ပြောပြပါ။</td><td>• မည်သူသည် သူတို့ လေးစားရသည့် အရေးကြီးပုဂ္ဂိုလ် ဖြစ်ကြောင်း နှင့် ထိုသူအား သူတို့ အဘယ်ကြောင့် အရေးပေးရသည့်အကြောင်း ကျောင်းသားများကို မေးပါ။<br>• ခရစ်ယာန် ဒေသနာသည် ပြိုင်ဘက်ကင်းသည့် ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်း ဖြစ်ကြောင်း ရှင်းပြပါ။ တမန်၊ ၁၇း ၁-၁၄ မှ တရားဟောချက်ကို ဖတ်ပြပြီး နားထောင်ရန် သူတို့အား ဖိတ်ခေါ်ပါ။</td></tr>
<tr><td>သင်ခန်းစာကို ပြီးမြောက်စေပါ။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br><br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ တိမောသေ၏ မိသားစု အကြောင်းကို ရှင်းပြပေးပါ။<br>၂။ တိမောသေထံ ယုံကြည်ခြင်းတရား ပေးရန် သူ၏ အဖွား နှင့် မိခင်သည် မည်မျှ အရေးကြီးကြောင်း ရှင်းပြပါ။<br>၃။ ခရစ်ယာန် မိသားစုကို တန်ဖိုးထားရန် မည်မျှ အရေးကြီးကြောင်း စဉ်းစားပါ။<br>၄။ တိမောသေအား အရေဖျားလှီးခြင်း မင်္ဂလာပေးရန် လိုအပ်သည်ဟု ပေါလု ယုံကြည်ရခြင်းမှာ အဘယ်ကြောင့်နည်း။ စဉ်းစားပါ။ ဤနေရာမှ မည်သည့် သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။<br>၅။ တိမောသေသည် ပေါလု နှင့်အတူ စတင်ခရီးသွားခဲ့ပြီး၊ ပေါလုအား အကြီးမားဆုံး အကူအညီ ပေးသူ ဖြစ်လာခဲ့သည်။<br>၆။ တိမောသေထံ ပေါလု ရေးသည့် စာတွင် ပေါလု၏ စကားကို ကြည့်ပါ။ (၂တိမောသေ၊ ၁း ၃-၅)<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – သင့်လျော်သည့် ရုပ်ပုံကားချပ် မရှိပါ။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br><br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ ပေါလုသည် ဖိလိပ္ပိမြို့မှ သက်သာလောနိတ်မြို့သို့ ခရီးဆက်ခဲ့ပြီး ထိုမြို့၌တရားဇရပ်တွင် တရား ဟောခဲ့သည်။<br>၂။ သက်သာလောနိတ်မြို့ရှိ တရားဇရပ်တွင် ပေါလု ဟောပြောခဲ့သည့် တရားဒေသနာကို ရှင်းပြပါ။ ‘ခရစ်တော်’ ၏ အဓိပ္ပာယ် ကိုလည်း ရှင်းပြပါ။ ဥပမာ ဘုရားသခင်၏ ဘိသိတ်ခံ ကယ်တင်ရှင်။<br>၃။ တရားဒေသနာ၏ ဂယက်ရိုက်ခတ်မှု အကြောင်းကို စဉ်းစားပါ။<br>၄။ အောက်ပါ စကားလုံးများကို ဆင်ခြင်ပါ။ ‘လောကီနိုင်ငံကို မှောက်လှန်သောသူ’ (အငယ်၊ ၆)<br>၅။ နောက်တစ်ကြိမ် ပေါလု နှင့် သိလတို့သည် ညတွင်းချင်း ထိုမြို့မှ ထွက်ခွါခဲ့ကြရပြီး၊ ထိုနောက် ဗေရိမြို့သို့ ခရီးဆက်ခဲ့ကြသည်။<br>၆။ ဗေရိမြို့၌ ရှိသော ယုဒလူတို့သည် သက်သာလောနိတ်မြို့၌ရှိသော ယုဒလူတို့နှင့် မတူပဲ၊ နှုတ်ကပတ်တော်ကို နေ့တိုင်း လေ့လာကြသည်။ (အငယ်၊ ၁၁-၁၂)<br>၇။ အဘယ်သို့ပင် ဆိုစေကာမူ ထိုနေရာတွင် ပိုမိုဆန့်ကျင်မှုများ ဖြစ်ခဲ့ပြီး၊ ပေါလုအား အစောင့်အရှောက်နှင့် အာသင်မြို့သို့ ပို့လိုက်ကြသည်။<br>၈။ ယုံကြည်ခြင်းကြောင့် ပေါလု နှင့် သိလတို့ ကြုံတွေ့ခဲ့ကြရသည့် ဆန့်ကျင်မှုများနှင့် ယနေ့ ခရစ်ယာန်များ ကြုံတွေ့ကြရသည့် ဆန့်ကျင်မှုများကို နှိုင်းယှဉ်ကြည့်ပါ။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – သက်သာလောနိတ်မြို့ နှင့် ဗေရိမြို့ ၌ ပေါလု (I)</td></tr>
<tr><td>ပြန်လှန်လေ့ကျင့်ပါ</td><td>အဓိကသော့ချက်ကျမ်းကို သင်ယူပြီး၊ ကျမ်းချက်သည် ယနေ့သင်ခန်းစာနှင့် မည်သို့ အကျုံးဝင်ကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။</td><td>ယောရှု ၁း၈ ကို ဖတ်ပါ။ ထိုနောက် အဓိကသော့ချက်ကျမ်းနှင့် နှိုင်းယှဉ်ကြည့်ပါ။ (တမန်၊ ၁၇း ၁၁) ခရစ်ယာန် တစ်ယောက်အနေဖြင့် ကျွန်ုပ်တို့အတွက် မည်သည့် နှိုးဆော်မှုများ ဖြစ်စေသနည်း။</td></tr>
<tr><td>လိုက်လျှောက်အသက်ရှင်ပါ</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ ခရစ်ယာန် မိတ်ဆွေ ထားရှိခြင်း၏ အရေးကြီးပုံကို နားလည်ခြင်း။<br>၂။ ခရစ်ယာန် မိသဟာရ ဖွဲ့ခြင်းကို ရှာဖွေခြင်း။<br>၃။ ကျွန်ုပ်တို့၏ ခရစ်ယာန် မိတ်ဆွေများ နှင့် ဆွေမျိုးများ သခင်ယေရှုကို ယုံကြည်ရန် အတွက် ဆုတောင်းပေးခြင်း။</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ သမ္မာကျမ်းစာ ဖတ်ခြင်း နှင့် သမ္မာကျမ်းစာ အပေါ် အခြေခံခြင်း အရေးကြီးပုံ။ (အဓိကသော့ချက်ကျမ်း)<br>၂။ ခရစ်တော်ကို ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ အသက်တာကို မည်မျှ ပြောင်းလဲ စေသနည်း။</td></tr>
</table>

| | က၁၀ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - ထောင်အတွင်းမှ ပေါလု | က၁၀ - အဆင့် ၄<br>သင်ခန်းစာ ၃ - ရှင်ပေါလု<br>ခေါင်းစဉ် - အာသင်မြို့ နှင့် ကောရိန္တုမြို့၌ ရှင်ပေါလု |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၁၆း ၁၆-၃၄***<br>**အဓိကသော့ချက်ကျမ်း** ***တမန်၊ ၁၆း၃၁***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဖိလိပ္ပိမြို့၌ ပေါလု၏ အတွေ့အကြုံများ။<br>၂။ ကယ်တင်ခြင်းသည် သခင်ယေရှု ခရစ်တော်အားဖြင့် ဖြစ်သည်။<br>၃။ ကယ်တင်ခြင်း ခံစားပြီးသူတိုင်း ဗတ္တိဇံ ခံယူရမည် ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** ***တမန်၊ ၁၇း ၁၅-၃၄၊ ၁၈း ၁-၁၈***<br>**အဓိကသော့ချက်ကျမ်း** ***တမန်၊ ၁၇း ၃၀-၃၁***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယခုတွင် ပေါလုသည် အာသင်မြို့ နှင့် ကောရိန္တုမြို့သို့ သွားခဲ့သည်။<br>၂။ နောင်တရခြင်းသည် ဘုရားသခင်အားဖြင့် အမိန့်တော် ရှိခဲ့ခြင်း ဖြစ်သည်။<br>၃။ ဘုရားသခင်သည် ကမ္ဘာကြီးကို တရားစီရင်လိမ့်မည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ကယ်တင်ခြင်း (ကယ်ဆယ်) ခံရသည့် အဖြစ်အပျက်တစ်ခု အကြောင်း ကလေးများနှင့် ဝေမျှပါ။<br>• ‘ကယ်တင်သည်’ ‘ကယ်တင်ရှင်’ ‘ကယ်တင်ခြင်း’ ဤစကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြခြင်းဖြင့် ပုံပြင်ကို ပြောပြပါ။<br>• ကျောင်းသားများ၏ အသက်တာတွင် ကယ်တင်ခြင်းကို သိရှိခံစားရလျှင် သူတို့၏ အသက်တာ ပြောင်းလဲခြင်း အကြောင်းကို ဝေမျှရန် တိုက်တွန်းပါ။ | • နောင်တရခြင်း၏ အဓိပ္ပာယ်ကို ကျောင်းသားများအား မေးပါ။<br>• နောင်တရခြင်းနှင့် ပတ်သက်၍ အဓိပ္ပာယ်ကို ရှင်းပြရန် ***၁ သက်၊ ၁း ၉*** ကို အသုံးပြုပါ။<br>• နောင်တရခြင်းသည် သခင်ယေရှုအား ကယ်တင်ရှင်အဖြစ် လက်ခံပြီး မိမိ၏ သဘောထားများ ဘုရားသခင်ထံသို့ ဦးတည် လှည့်လာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ အသက်တာ၏ လမ်းဟောင်းများကို ချန်ထားခဲ့ပြီး ဘုရားသခင်ထံ ဦးတည်လျှောက်လှမ်းခြင်း ဖြစ်သည်။<br>• သတင်းကောင်း တရားအားဖြင့် ပြောင်းလဲလာကြသည့် သူများ၏ သက်သေခံချက်များသည် နောင်တရခြင်း၏ အဓိပ္ပာယ်ကို ပိုမိုနားလည်အောင် အကူအညီပေးနိုင်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သတင်းကောင်းကို ဥရောပသို့ သယ်ဆောင်သွားပေးသည့်အရာမှာ မည်သည့်အရာ ဖြစ်ကြောင်း ဆွေးနွေးပါ။ ***(အငယ်၊ ၉)***<br>၂။ ဖိလိပ္ပိ၌ မြစ်ကမ်းနားဘေးတွင် ဆုတောင်းနေသည့် အမျိုးသမီး တစ်စုကို ပေါလု တွေ့ရှိခဲ့သည်။ လုဒိသည် သူတို့အထဲမှ တစ်ယောက်အပါအဝင် ဖြစ်သည်။<br>၃။ လုဒိ၏ စိတ်နှလုံးကို ဘုရားသခင် ဖွင့်တော်မူ၏ ဆိုသော အဓိပ္ပာယ်မှာ အဘယ်နည်း။ ရှင်းပြပါ။ ***(အငယ်၊ ၁၄)***<br>၄။ လူတို့၏ ကံကြမ္မာကို ဟောပြောသည့် မိန်းမငယ်၏ အထဲမှ နတ်ဆိုးကို ထွက်သွားရန် ပေါလု နှင်ထုတ်လိုက်သည့်အခါ၊ ပေါလု နှင့် သိလတို့သည် ထောင်ထဲသို့ ပို့ခြင်း ခံခဲ့ရသည်။<br>၅။ မြေလျှင်လှုပ်ခဲ့ပြီး၊ ထောင်သားများအားလုံး အချည်အနှောင်မှ လွတ်သွားကြသည်။ ထောင်မှူးသည် မိမိကိုယ်ကို သတ်မည့် အခြေအနေထိ ပြုခဲ့သည်။ သို့သော် ပေါလုသည် သူ့အား ထောင်သားအားလုံး ရှိကြောင်း အခိုင်အမာ ပြောခဲ့သည်။<br>၆။ ထောင်မှူးမေးသော မေးခွန်း နှင့် ပေါလု ပြန်ဖြေသော အဖြေကို ရှင်းရှင်းလင်းလင်း ရှင်းပြပါ။ ***(တမန်၊ ၁၆း ၃၁)***<br>*၇။ သခင်ယေရှု၏ နာမတော်၌ဘုန်းတန်ခိုးရှိခြင်းကို အလေးအနက်ထား မှတ်သားပါ။* ***(အငယ်၊ ၁၈)***<br>*၈။ ခရစ်ယာန်များသည် တစ်ခါတစ်ရံတွင် တစ်ပါးသူများ၏ မတော်မတရား ဆက်ဆံခြင်းကိုလည်း ခံရနိုင်သည်။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ပေါလု နှင့် သိလတို့သည် ဖိလိပ္ပိမြို့သို့ သွားကြခြင်း နှင့် ပေါလု နှင့် သိလတို့ ထောင်ထဲသို့ အပို့ခံခဲ့ရခြင်း (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလုသည် အာသင်သို့ ရောက်ရှိလာခဲ့ပြီး၊ အာသင်သို့ လာမည့် သူ၏မိတ်ဆွေများကို စောင့်ဆိုင်းနေရင်းဖြင့် မြို့အနှံ့ လျှောက်ကြည့်ခဲ့သည်။ ရုပ်တု အမြောက်အများကို တွေ့ရှိသည့် အတွက်ကြောင့် သူစိတ်မကောင်း ဖြစ်ခဲ့ရသည်။<br>၂။ ပေါလုသည် ဈေးနှင့် တရားဇရပ်များတွင် ယေရှု၏ အကြောင်းကို စတင် တရားဟောခဲ့သည်။<br>၃။ အသစ်သော သင်ကြားခြင်းကို ရှင်းပြသောအခါ ပေါလုသည် အချက်အချာကျသည့် နေရာမှ နေ၍ ဟောပြောသည်။<br>၄။ ပေါလုသည် ကမ္ဘာကြီးကို ဖန်ဆင်းသည့် ကြီးမြတ်တော်မူသော ဖန်ဆင်းရှင် အကြောင်းကို ဟောပြောခဲ့သည်။ ထိုဘုရားသည် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်နှင့်မျှ မဝေးဟုလည်း သူဟောပြောခဲ့သည်။ သေခြင်းမှ ထမြောက်တော်မူသော၊ ခန့်ထားတော်မူသော သူအားဖြင့် ဘုရားသခင်သည် ကမ္ဘာကြီးကို တရားစီရင်မည့် အကြောင်းကို သူဟောပြောခဲ့သည်။<br>၅။ ရှင်ပြန်ထမြောက်တော်မူခြင်း အကြောင်းကို ကြားသည့်အခါ အများစုက ကဲ့ရဲ့ကြသည်။ သို့သော် အချို့ယုံကြည်ခဲ့ကြသည်။ များမကြာမီ ပေါလုသည် ကောရိန္တုသို့ ခရီးဆက်ခဲ့သည်။<br>၆။ ဤနေရာတွင် သူအား အကူအညီ ပေးသည့် အာကုလ၊ ပြစ်ကိလ တို့နှင့် သူတွေ့ရှိခဲ့သည်။ သူသည် ကောရိန္တုမြို့တွင် ၁၈လ နေပြီး၊ လူများစွာတို့သည် ယေရှုကို ယုံကြည့်လာကြသည်။<br>၇။ ***တမန်၊ ၁၈း ၁၉၊*** ပေါလုသည် ကောရိန္တုမြို့၌ဘုရားသခင်၏ စောင့်ရှောက်မှုကို ခံစားခဲ့ရပြီး၊ ဘုရားသခင်သည် သူ့အား စိတ်ချမှုကို ပေးခဲ့သည်။<br>၈။ ***(အငယ်၊ ၂၄-၃၁)*** *တွင် ပေါလုသည် ဘုရားသခင်၏ အကြောင်းကို သင်ကြားပေးခဲ့သည်ကို သတိပြုပါ။*<br>*၉။ တရားစီရင်ခြင်း၏ သဘောသဘာဝကို စဉ်းစားပါ။*<br>*၁၀။ ပေါလု၏ တရားဟောခြင်းကို အာသင်မြို့ နှင့် ကောရိန္တုမြို့ရှိ လူတို့သည် မည်သို့ တုံ့ပြန်ကြသည်ကို ဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အာသင်မြို့ နှင့် ကောရိန္တုမြို့ ၌ပေါလု (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ဖိလိပ္ပိ၌ ပေါလု နှင့် သိလ တို့၏ ပုံပြင်ကို ပုံဖော်စေသည့် နံရံကဒ်ပိုစတာ တစ်ခု ပြုလုပ်ပါ။ | အာသင်မြို့၌ပေါလု တရားဟောသည့်အခါ သူ၏ ချဉ်းကပ်ပုံ နှင့် ကောရိန္တုမြို့တွင် ပေါလု တရားဟောသည့်အခါ ခဉ်းကပ်ပုံ နှစ်ခုကို နှိုင်းယှဉ်ပါ။ ဤချဉ်းကပ်ပုံ နှစ်ခုတွင် ခြားနားမှု ရှိပါသလား။ အဘယ်ကြောင့်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှုခရစ်တော် အားဖြင့်သာ ကယ်တင်ခြင်း ခံစားရကြောင်းကို တစ်ဦးချင်းစီ၏ အသက်တာတွင် သိရှိရန် အလွန်အရေးကြီးကြောင်း။<br>၂။ ဗတ္တိဇံခံခြင်း၌ခရစ်တော် နှင့်အတူ ဖြစ်ကြောင်း လူများရှေ့တွင် သက်သေပြခြင်း ဖြစ်ကြောင်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ နောင်တရခြင်း၏ အရေးကြီးပုံ နှင့် ခရစ်ယာန်များသည် နေ့စဉ်အသက်တာတွင် မိမိပြုမိသည့် အမှားများမှ ဘုရားသခင်ထံ မည်သို့ ပြန်လှည့်လာရမည့် အကြောင်း။<br>၂။ အခြားသူများထံ ခရစ်တော်၏ သတင်းကောင်း အကြောင်း ဝေမျှခြင်း၊ နှင့် တစ်နေ့ ဘုရားသခင်သည် ဤကမ္ဘာကြီးကို တရားစီရင်မည့် အကြောင်း။ |

| | ကာ၁၀ - အဆင့် ၃<br>သင်ခန်းစာ ၄ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - အာသင်မြို့ | ကာ၁၀ - အဆင့် ၄<br>သင်ခန်းစာ ၄ - ရှင်ပေါလု<br>ခေါင်းစဉ် - ဖေတ်မြို့၌ ရှင်ပေါလု |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၇း ၁၀-၃၄*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၇း၃၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် အာသင်မြို့သို့ ခရီးဆက်ခဲ့သည်။<br>၂။ ထာဝရဘုရားသည် အသက်ရှင်တော်မူသော ဘုရားသခင်ဖြစ်ပြီး၊ ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်။<br>၃။ လူသားတိုင်း နောင်တရရန် ဘုရားသခင် အမိန့်တော် ရှိခဲ့သည်။<br>၄။ ဘုရားသခင်သည် ကမ္ဘာကြီးကို ဖြောင့်မတ်စွာ တရားစီရင် တော်မူလိမ့်မည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၉း ၁-၄၁*<br>**အဓိကသော့ချက်ကျမ်း** *ဖေတ်၊ ၂း ၈-၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှင်ပေါလုသည် ဖေတ်မြို့သို့ ခရီးဆက်ခဲ့သည်။<br>၂။ ဖေတ်မြို့၌ ဘုရားသခင်၏ နှုတ်ကပတ်တော် နှင့် ဘုရားသခင်၏ အမှုတော်သည် ကျယ်ပြန့်ခဲ့သည်။<br>၃။ သခင်ယေရှု၏ နာမတော်သည် ချီးမြှောက်ခြင်း ခံရသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ရုပ်တုများ အားဖြင့် ကျောင်းသားများ မည်သည့်အရာကို နားလည်ခဲ့ရကြောင်း မေးပါ။<br>• ကျောင်းသားများ နားလည်သည့် ရုပ်တု၏ အဓိပ္ပာယ်ကို မေးပါ။<br>• ထွက် ၊၂၀၃ပါရှိသည့် ပထမ ပညတ်ချက် နှစ်ခုအကြောင်းကို ဆွေးနွေးပါ။<br>• ရုပ်တု ကိုးကွယ်ခြင်းမှ နောင်တရမည် ဆိုသော အဓိပ္ပာယ်ကို ရှင်းပြရန် ***၁သက်၊ ၁း ၉*** ကို အသုံးပြုပါ။ | • သင်ခန်းစာ ၃ မှ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာကို ပြန်လှန်လေ့လာပါ။<br>• နောင်တရခြင်း အကြောင်း နှင့် ထိုအရာသည် နေ့စဉ်အသက်တာတွင် မည်သည့် အဓိပ္ပာယ်ရှိကြောင်း စဉ်းစားပါ။<br>• နောင်တရခြင်းသည် အသက်တာကို ပြောင်းလဲစေသည့် သဘောတရားဖြစ်ကြောင်းကို နားလည်ပါ။ ***(တမန်၊ ၁၉း ၁၈-၂၀)*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလုသည် အာသင်သို့ ရောက်ရှိလာခဲ့ပြီး၊ အာသင်သို့ လာမည့် သူ၏မိတ်ဆွေများကို စောင့်ဆိုင်နေရင်းဖြင့် မြို့အနှံ့ လျှောက်ကြည့်ခဲ့သည်။ ရုပ်တု အမြောက်အများကို တွေ့ရှိသည့် အတွက်ကြောင့် သူစိတ်မကောင်း ဖြစ်ခဲ့ရသည်။<br>၂။ ပေါလုသည် ဈေးနှင့် တရားဇရပ်များတွင် ယေရှု၏ အကြောင်းကို စတင် တရားဟောခဲ့သည်။<br>၃။ အသစ်သော သင်ကြားခြင်းကို ရှင်းပြသောအခါ ပေါလုသည် အချက်အခြာကျသည့် နေရာမှ နေ၍ ဟောပြောသည်။<br>၄။ ပေါလုသည် ကမ္ဘာကြီးကို ဖန်ဆင်းသည့် ကြီးမြတ်တော်မူသော ဖန်ဆင်းရှင် အကြောင်းကို ဟောပြောခဲ့သည်။ ထိုဘုရားသည် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်နှင့်မျှ မဝေးဟုလည်း သူဟောပြောခဲ့သည်။ သေခြင်းမှ ထမြောက်တော်မူသော၊ ခန့်ထားတော်မူသော သူအားဖြင့် ဘုရားသခင်သည် ကမ္ဘာကြီးကို တရားစီရင်မည့် အကြောင်းကို သူဟောပြောခဲ့သည်။<br>၅။ ရှင်ပြန်ထမြောက်တော်မူခြင်း အကြောင်းကို ကြားသည့်အခါ အများစုက ကဲ့ရဲ့ကြသည်။ သို့သော် အချို့ယုံကြည်ခဲ့ကြသည်။ များမကြာမီ ပေါလုသည် ကောရိန္တုသို့ ခရီးဆက်းခဲ့သည်။<br>၆။ ရှင်ပေါလုသည် ဘုရားသခင်၏ အကြောင်းကို မည်သို့ သွန်သင်ခဲ့သနည်း။ ***(အငယ်၊ ၂၄-၃၁)***<br>၇။ သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်း၏ ရည်ရွယ်ချက် အကြောင်းကို အလေးထားပါ။<br>၈။ ပေါလု၏ တရားဒေသနာအပေါ် တုံ့ပြန်လာသည့် တုံ့ပြန်မှုများကို ဆွေးနွေးပါ။ ***(အငယ်၊ ၃၂-၃၄)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အာသင်မြို့၌ ရှင်ပေါလု (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ပေါလုသည် ဖေတ်မြို့သို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ထိုနေရာတွင် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိခြင်း မရှိသေးသည့် တပည့်တော်များနှင့် သူတွေ့ဆုံခဲ့သည်။<br>၂။ ရှင်ပေါလုသည် ယောဟန်၏ တပည့်တော်များကို အဘယ်ကြောင့် ဗတ္တိဇံ ပေးရန် လိုအပ်ကြောင်း ရှင်းပြပါ။<br>၃။ ရှင်ပေါလု၏ တရားဟောခြင်းကို တရားဇရပ်ရှိ ယုဒလူတို့သည် ငြင်းပယ်ပြီးနောက် ပေါလုသည် စာသင်စရပ်သို့ သွားပြီး၊ ထိုနေရာတွင် နှစ်နှစ်ပတ်လုံး တရား ဟောခဲ့သည်။<br>၄။ ဘုရားသခင်သည် ရှင်ပေါလုအားဖြင့် အလွန်တရာထူးဆန်းသော တန်ခိုးများကို ပြတော်မူသည်။ ***(အငယ်၊ ၁၁)*** ပေါလု၏ အသက်တာ အားဖြင့် လူများစွာတို့သည် ယုံကြည်လာကြပြီး၊ သူတို့၏ ယုံကြည်ခြင်းကို ပွင့်ပွင့်လင်းလင်း ဝန်ခံလာကြသည်။ ဤသို့ မြင်တွေ့ရခြင်မှာ သန့်ရှင်းသောဝိညာဉ် တန်ခိုးတော်၏ ရလဒ် ဖြစ်သည်။ သူတို့သည် မည်သို့ ဝန်ခံခဲ့ကြောင်း ရှင်းပြပါ။<br>၅။ ဖေတ်မြို့၌ ရုန်းရင်းခတ်ရသည့် အကြောင်းကို အတိုချုံး၍ ဖော်ပြပါ။ ***(အငယ်၊၂၃-၄၁)***<br>၆။ *‘ဘုရားသခင်၏ နိုင်ငံတော်’ ဟုဆိုသော စကားလုံး၏ ဝေါဟာရမှာ အဘယ်နည်း။ ရှင်းပြပါ။* ***(အငယ်၊၈)***<br>၇။ *ယုံကြည်သူ ခရစ်ယာန်သစ်များ၏ အတိတ်ကာလ အသက်ရှင်ခြင်းများ၊ အမူအကျင့်များနှင့် ပတ်သက်၍ မည်သို့ ပြုသင့်ကြောင်း ဆွေးနွေးပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဖေတ်မြို့၌ရှင်ပေါလု နှင့် ငွေပန်းထိမ်ဆရာ၏ ဆန့်ကျင်မှု နှင့် လမ်းတစ်လျှောက် ရုန်းရင်းခတ်မှု (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ အဖွဲ့များဖွဲ့၍ ဆွေးနွေးပါ။ ခရစ်ယာန်တို့၏ တရားဒေသနာသည် သင်၏ ပတ်ဝန်းကျင်တွင် နှိုးထမှုဖြစ်စေရန် မည်သို့ (တင်ဆက်)ဖော်ပြ သင့်သနည်း။<br>၂။ ဇဝ်ဂေလိ ဝေငှခြင်း အားဖြင့် ဤအရာကို တိုးတက်ဖွံ့ဖြိုးစေပါ။ | တမန်၊ ၁၉ တွင် ဖော်ပြထားသည့် အဖြစ်အပျက်များကို သတင်းဆောင်းပါး ရေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တစ်ဦးစီ အသက်တာတွင် နောင်တရခြင်း အကြောင်း။ မိမိ အပြစ်မှ ပြန်လှည့်၍ ဘုရားသခင်ထံသို့ လာခြင်း ဆိုသည်မှာ အဘယ်နည်း။<br>၂။ ဇဝ်ဂေလိ လုပ်ဆောင်ခြင်း၏ အရေးကြီးပုံ။ ကယ်တင်ခြင်း သတင်းကောင်းကို ကျွန်ုပ်တို့သည် မည်သို့ ဝေငှနိုင်သနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည် လမ်းစဉ်တစ်ခု ‘The Way’ ဖြစ်သည်ဟု လူအများက သိထားကြသည်။ ***(အငယ်၊ ၉)*** ဤအရာမှာ မည်သို့ အဓိပ္ပာယ်ရ သနည်း။ ဤအရာ ကျွန်ုပ်တို့အား မည်သို့ နှိုးဆော်မှုကို ဖြစ်စေသနည်း။ မှတ်ချက်။ ‘The Way’ အဓိပ္ပာယ်မှာ ခရစ်တော်၏ နောက်လိုက် ဖြစ်ခြင်း ဖြစ်သည်။<br>၂။ ***အခန်းငယ်၊ ၃၅-၄၁*** အတွင်းရှိ မြို့စာရေး၏ အပြုအမူမှ ကျွန်ုပ်တို့ ပတ်ဝန်းကျင်အတွက် မည်သည့် လက်တွေ့ကျသည့် သင်ခန်းစာကို သင်ယူနိုင်သနည်း။ |

| | ကဘ၁ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - အခြားသူများ နှင့်အတူ မျှဝေခံစားခြင်း | ကဘ၁ - အဆင့် ၄<br>သင်ခန်းစာ ၁ - ရှင်ပေါလု၏ အမှုစစ်ဆေးခြင်း<br>ခေါင်းစဉ် - ယေရုရှလင်နှင့် လူစုလူဝေး |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၁၈း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၈း ၉-၁၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှင်ပေါလုသည် ကောရိန္တုသို့ ခရီးသွားခဲ့သည်။<br>၂။ ရောက်ရှိသော နေရာတိုင်းတွင် ရှင်ပေါလု၏ တရားဟောချက်မှာ ယေရှုသည် ခရစ်တော်ဖြစ်သည် ဟူသော တရားဟောချက်ပင် ဖြစ်သည်။<br>၃။ ဘုရားသခင်သည် ပေါလု နှင့်အတူ ပါရှိပြီး၊ အိပ်မက်ရူပါရုံ အားဖြင့် သူကို ခွန်အား ပေးခဲ့သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၁း ၁၇ -၄၀၊ ၂၂း ၁-၃၀*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂၂း ၁၄၊ ၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရှင်ပေါလုသည် ဖမ်းဆီးခံရပြီး နောက်တွင် ဗိမာန်တော်၌များစွာသော လူတို့ထံ သူသက်သေခံခဲ့သည်။<br>၂။ တစ်ပါးအမျိုးသားများ သတင်းကောင်းကို လက်ခံပြီး၊ ကောင်းစွာ တုံ့ပြန်ကြသည့် အချက်ကို ယုဒလူများက မုန်းတီးကြသည်။<br>၃။ သူအား ရိုက်ကြသည့်အခါ ရှင်ပေါလုသည် သူ၏ ရောမ နိုင်ငံသား ဖြစ်ခြင်းကို ဖော်ပြခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • သင့်အား ဘုရားသခင် မည်သို့ ခွန်အားပေး ထောင့်ပင့်ခဲ့သည့် အကြောင်း၊ သင်၏ ကိုယ်ပိုင် အတွေ့အကြုံကို ကျောင်းသားများထံ ပြောပြပါ။<br>• ခရစ်ယာန် အသက်တာ၌ခွန်းအားပေးခြင်း၏ အဓိပ္ပာယ် နှင့် အရေးကြီးပုံကို ဆွေးနွေးပါ။<br>• ကျောင်းသားများ ရရှိခံစားဖူးသည် ခွန်အားပေးခြင်း အတွေ့အကြုံကို ဥပမာ အဖြစ် ဝေငှခိုင်းပါ။ | • ရှင်ပေါလုသည် ယေရုရှလင်သို့ ရောက်ရှိလာချိန်တွင် သူ ရင်ဆိုင်တွေ့ကြုံရသည့် ဆန့်ကျင်ဘက် အခြေအနေကို အတိုချုံး၍ မိတ်ဆက်ပေးပါ။<br>• Voice of the Martyrs website (သို့မဟုတ် အခြား အရင်းအမြစ် တစ်နေရာ) ကို အသုံးပြုခြင်းဖြင့် ခရစ်တော်အတွက် သက်သေခံသော ခရစ်ယာန်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း ခံရမည်ကို မကြောက်ရွံ့ကြောင်း ဥပမာ ပေး၍ ပြောပြပါ။<br>• ခရစ်ယာန်များသည် အဘယ်ကြောင့် ဤသို့ ပြုသင့်သနည်း။ ကျောင်းသားများကို မေးပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ကောရိန္တုသို့ ရောက်ရှိလာခဲ့ပြီး၊ သူအား ကူညီသောသူများ ဖြစ်လာကြသည့် အာကုလ၊ ပြစ်ကိလ တို့နှင့် တွေ့ဆုံခဲ့သည်။<br>၂။ ယေရှုသည် ယုဒလူမျိုးများ မျှော်လင့်နေသည့် မေရှိယ ဖြစ်ကြောင်း ယုဒ လူမျိုးများကို ဖျောင်းဖျဟောပြောရန် ပေါလုသည် ဥပုဒ်နေ့တိုင်း တရားဇရပ်သို့ သွားခဲ့သည်။<br>၃။ ယုဒလူတို့သည် သူအား ရင့်သီးစွာ ဆက်ဆံသည့်အခါ သူသည် တရားဇရပ်နှင့် စပ်လျက်ရှိသော အိမ်သို့ ရွှေ့ပြောင်းခဲ့သည်။ ယခုတွင် သူသည် တစ်ပါးအမျိုးသားများထံ ပိုမို ဟောပြောနိုင်ခဲ့သည်။ များစွာသော လူတို့သည် ယုံကြည်လာပြီး၊ ဗတ္တိဇံ ခံယူခဲ့ကြသည်။<br>၄။ အငယ်၊ ၁၈-၁၉တွင် ကောရိန္တုမြို့၌ ဘုရားသခင်သည် သူနှင့်အတူ ပါရှိပြီး သူအား ဘေးကင်းစွာ စောင့်ရှောက်မည် ဖြစ်ကြောင်း အတိအကျ ဖော်ပြခဲ့သည်။ ဤအချက်သည် ပေါလု အတွက် မည်မျှ ကြီးမားသည့် ခွန်အား ဖြစ်ကြောင်း ရှင်းပြပါ။<br>၅။ *ရှင်ပေါလုသည် သတင်းကောင်း တရားဒေသနာကို မည်သို့ ကျယ်ပြန့်စေခဲ့သည်ကို မှတ်သားပါ။* ***(အငယ်၊ ၄၊၁၁)***<br>၆။ *ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကောရိန္တုမြို့တွင် မည်သို့ ပြန့်နှံ့သွားကြောင်း နှင့် ဗတ္တိဇံ၏ အရေးကြီးပုံကို ဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – အာသင်မြို့ နှင့် ကောရိန္တုမြို့ ၌ ရှင်ပေါလု (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ယေရုရှလင်သို့ ရောက်ရှိလာပြီး၊ ဗိမာန်တော်သို့ သွားခဲ့သည်။ တစ်ပါးအမျိုးသားကို ဗိမာန်တော်သို့ ခေါ်ဆောင်လာသည့်အတွက် သူအား မှားယွင်းစွာ စွပ်စွဲခဲ့ကြပြီး၊ ရုန်းရင်းခတ်ခြင်းအမှု ဖြစ်ခဲ့သည်။<br>၂။ ရောမ စစ်သားတို့သည် သူအား ဖမ်းဆီးခဲ့ကြသည်။ ပေါလုအား လှေကားပေါ်မှာ ရပ်၍ လူများထံ စကားပြောရန် ခွင့်ပြု ပေးခဲ့သည်။<br>၃။ ရှင်ပေါလုသည် အလွန်ရှင်းလင်းစွာ သက်သေခံခဲ့သည်။ *(၂၂း ၁-၂၁)* သူသည် တစ်ပါးအမျိုးသားထံ စေလွှတ်ခြင်း ခံရသူ ဖြစ်ကြောင်း သူပြောပြသည့်အခါ နောက်ထပ် ရုန်းရင်းခတ်ခြင်းအမှု ဖြစ်ခဲ့သည်။<br>၄။ စစ်သူရဲတို့သည် သူအား ရဲတိုက်ထဲသို့ ထည့်လိုက်ကြသည်။ သူအား ရိုက်၍ စစ်ဆေးစေခဲ့သည်။ သူသည် ရောမနိုင်ငံသား ဖြစ်ကြောင်းကို မရှင်းပြခဲ့ပေ။ ရောမနိုင်ငံသားကို ရိုက်၍ စစ်ဆေးခွင့် မရှိပေ။<br>၅။ ရှင်ပေါလုသည် အဘယ်ကြောင့် ဗိမာန်တော်သို့ သွားခဲ့ခြင်း ဖြစ်သနည်း။ အလေးအနက်ထား စဉ်းစားပါ။<br>၆။ ပေါလု၏ ပြောင်းလဲခြင်း သဘောသဘာဝကို အလေးအနက်ထား မှတ်သားပါ။<br>၇။ လူအုပ်ကြီးသည် အဘယ်ကြောင့် ပေါလုအား ရန်လိုကြခြင်း ဖြစ်သည်ကို ရှင်းပြပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ယေရုရှလင်မြို့၌အဖမ်းခံရသော ရှင်ပေါလု (I)** |
| ပြန်လှန်လေ့ကျင့်ပါ | မေးခွန်းတို မေးခြင်းဖြင့် ပုံပြင်ကို ပြန်လှန်လေ့လာပါ။ | ယေရုရှလင်ရှိ ဗိမာန်တော်သို့ သွားသော အချိန်တွင် ပေါလုသည် ညဏ်ရှိသလော။ သို့မဟုတ် ညဏ်မရှိသလော။ အခန်းတွင်း စကားရေလုပွဲ ပြုလုပ်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***ဆာလံ ၂၃*** ကို ဖတ်ပါ။ ခရစ်ယာန် တစ်ယောက် အနေဖြင့် ဘုရားသခင်၏ ကတိတော်များသည် ယနေ့တွင် ကျွန်ုပ်တို့၏ အသက်တာများကို မည်သို့ ခွန်အား ပေးနေသနည်း။<br>၂။ လူအများနှင့် အတူနေခြင်းဖြင့် လူများကို ကျွန်ုပ်တို့ ခွန်အားပေးနိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။ ဤတမန်တော်တွင် ဖော်ပြထားသည့်အတိုင်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အခြေခံသဘောအရ လောကကြီးတွင် အသက်ရှင်နေထိုင်စဉ် ခရစ်ယာန်တို့သည် နေစဉ်အသက်တာတွင် ဖမ်းဆီးခြင်းများ ခံစားရမည် ဖြစ်သည်။<br>၂။ ဖမ်းဆီးခြင်း ခံရသည့် ခရစ်ယာန်များ အကြောင်းစဉ်းစားပြီး၊ ပုံမှန် ဆုတောင်းခြင်း အချိန်ကို ပြုလုပ်ပါ။<br>၃။ သူတို့၏ တစ်ပတ်တာများကို ပြန်လှန် လေ့ကျင့်ရန် နှင့် ခရစ်တော်အတွက် သက်သေခံနိုင်ရန် အခွင့်ကောင်းများကို စဉ်းစားရှာဖွေရန် ကျောင်းသားများကို ပြောပါ။<br>၄။ အနာဂတ် သက်သေခံခြင်း၌သစ္စာရှိစွာ လုပ်ဆောင်နိုင်ရန် ဘုရားသခင်၏ ကူညီမစမှု နှင့် ခွန်အားကို ကျောက်သားများအား တောင်းခံစေပါ။<br>၅။ ကျောင်းသားများအား သူတို့၏ ကိုယ်ပိုင် သက်သေခံချက်များကို ပြင်ဆင်စေပါ။ |

| | **ကဘဘ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - သူ့အား သတ်ရန် လျှို့ဝှက်ကြံစည်ခြင်း** | **ကဘဘ - အဆင့် ၄<br>သင်ခန်းစာ ၂ - ရှင်ပေါလု၏ အမှုစစ်ဆေးခြင်း<br>ခေါင်းစဉ် - ကဲသရိမြို့ နှင့် မြို့ဝန်မင်းများ** |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၃း ၁၀-၂၄၊ ၂၄း ၂၂-၂၇*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၁၈း၃၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယခုတွင် ပေါလုသည် ယေရုရှလင်သို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။<br>၂။ ယုဒလူတို့သည် ပေါလုအား သတ်ရန် ကြိုးစားသည့်အခါ ဘုရားသခင်သည် ပေါလုကို ခွန်အားပေး တိုက်တွန်းခဲ့သည်။<br>၃။ ပေါလုသည် ထောင်သားတစ်ဦးဖြစ်သည့် အချိန်မှာပင်လျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သစ္စာရှိရှိ ဟောပြောခဲ့သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၃း ၂၃-၂၆၊ ၂၄း ၁-၂၇၊ ၂၅း ၁-၁၂*<br>**အဓိကသော့ချက်ကျမ်း** *၁ ပေတရု၊ ၃း၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် ဘေးကင်းရန်အတွက် ကဲသရိမြို့သို့ ခေါ်ဆောင်သွားခြင်း ခံရပြီး၊ ကဲသာဘုရင်၏ ရွှေမျှော်သို့ ရောက်ရှိသွားခဲ့သည်။<br>၂။ အမှုစစ်ဆေးခြင်း အမျိုးမျိုးကို တွေ့ကြုံနေရသည့် ကြားမှ ပေါလုသည် ဖြောင့်မတ်ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ လာလတံ့သော တရားစီရင်ခြင်း အကြောင်းများကို ဟောပြောခဲ့သည်။ (၂၄း၂၅) |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ပေါလုတို့ အသက်ရှင်သည့် အချိန်ကာလတွင် ရောမ အင်ပါယာသည် အလွန် တန်ခိုးကြီးမားလှကြောင်း ကျောင်းသားများကို သတိပေးပါ။<br>• ဒိုင်းငယ် တစ်ခုအကြောင်း ရှင်းပြပါ။ ရွှေကျသော ဂရိ-ရောမခေတ် ဒိုင်းကိုင်ဆောင်ထားသည့် ရောမ စစ်သားတစ်ယောက်၏ ပုံဥပမာကို မြင်သာအောင် ပြင်ဆင်ပေးပါ။<br>• ဘုရားသခင်သည် သူ၏ လူမျိုးများထံ မည်ကဲ့သို့သော ဒိုင်း ဖြစ်ကြောင်း ရှင်းပြပါ။ အဓိက သော့ချက်ကျမ်း ဖြစ်သော ***ဆာလံ၊ ၁၈း၃၀*** ကို သင်ယူရန် ကျောင်းသားများကို တိုက်တွန်းပါ။ | • မာတင်လုသာ၏ အကြောင်းပုံပြင်နှင့် စပ်လျှင်ပြီး၊ ၁၅၂၁ ခုနှစ် the Imperial Diet of Worms ၌သူသည် ခရစ်တော်အတွက် မည်သို့ ရပ်တည်ခဲ့သည့် အကြောင်း ရှင်းလင်း ပြောပြပါ။<br>• Worms: ၌လုသာ ကြုံတွေ့ခဲ့ရသည့် အခြေအနေကို စဉ်းစားပါ။ ‘နှုတ်ကပတ်တော်အားဖြင့် ငါသည် လက်ခံယုံကြည်ခဲ့ပြီး ဖြစ်သည့် အတွက် အခြား အကြောင်းအရင်းမရှိတော့ပါ။ ငါ၏ အသိစိတ်များ အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ချည်နှောင်ခြင်း ခံခဲ့ပြီး ဖြစ်သည်။ ငါ့အသိစိတ် ဆန့်ကျင်ရန်အတွက် မှန်သောအရာ သို့မဟုတ် လုံခြုံသောအရာ ဖြစ်စေကာမူ မည်သည့် အရာမျှ ငါစွန့်လွှတ်လိမ့်တော့မည် မဟုတ်ပေ။ ဘုရားသခင်သည် ငါ့အား ကူညီပေးသွားလိမ့်မည် ဖြစ်သည်။<br>• ပေါလု၏ အတွေ့အကြုံကို အစပြုရန်အတွက် ဤအကြောင်းကို အသုံးပြုပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ယုဒဘာသာရေး ခေါင်းဆောင်များ ကောင်စီရွှေမျှော်သို့ (လွှတ်အရာရှိ) ခေါ်ဆောင်သွားခြင်း ခံရသည်။<br>၂။ ပေါလုသည် ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို ပြောသည့်အတွက် ကြီးစွာနှောင့်ယှက်ခြင်းကို ခံခဲ့ရသည်။ အချို့က ယုံကြည်ကြပြီး၊ အချို့က မယုံကြည်ကြသည့် အတွက် ရှုတ်ရှုတ်သဲသဲ ဖြစ်ခဲ့သည်။ *(၂၃း၉)*<br>၃။ ပေါလု၏ အသက် အန္တရာယ် စိုးရိမ်ရသည့်အတွက် ရောမစစ်သားများက သူ့အား ကယ်ထုတ်ခဲ့သည်။<br>၄။ ထိုနေ့ညတွင် ဘုရားသခင်သည် ပေါလု၏ အနားတွင် ရပ်ပြီး၊ အားယူ၍ ရဲရင့်ခြင်း ရှိရန် ခွန်အား ပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ယေရှု၏ ကယ်တင်ခြင်း သတင်းကောင်း ကျယ်ပြန့်ရန်အတွက် ရောမမြို့သို့ တိုင်အောင် သွားရမည် ဖြစ်သည်။<br>၅။ အချို့သော ယုဒလူတို့သည် ပေါလုအား အသေသတ်ခြင်း မပြုမီတိုင် အစားစာခြင်း၊ ရေသောက်ခြင်းကို အလျှင်းမပြုဟု ဂတိပြုကြပြီး ပေါလုအား သတ်ရန် လျှို့ဝှက်ကြံစည်နေကြသည်။<br>၆။ ထိုလျှို့ဝှက်ကြံစည်ခြင်းကို ပေါလု၏ တူသည် ကြားသိခဲ့ပြီး၊ စစ်သားထံပြောပြခဲ့ရာ၊ ပေါလုအား အစောင့်များနှင့် ကဲသာဘုရင်ထံသို့ ခေါ်ဆောင်သွားခဲ့သည်။<br>၇။ ထို့နောက် ပေါလုသည် ရောမအစိုးရ ဖေတ္တုမင်း ရွှေမျှော်သို့ ရောက်ရှိခဲ့ပြီး၊ တဖန် သတင်းကောင်း အကြောင်းကို ရှင်းပြခဲ့သည်။<br>၈။ *ဖေလဇ်ထံ ပေါလု ဟောပြောသော သတင်းစကားသည် ယနေ့ ကျွန်ုပ်တို့ အတွက် ဆက်စပ်ပတ်သက်မှု ရှိကြောင်း ဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – ရှင်ပေါလုသည် ယေရုရှလင်မြို့တွင် အဖမ်းခံရပြီး၊ ဖေတ္တုမင်း ရွှေမျှော် ပေါလု၏ စစ်ဆေးခြင်း ခံရပုံ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေါလုသည် ဘေးကင်းရန်အတွက် ကဲသရိမြို့သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ သူအား မြို့ဝန်မင်း ဖေလဇ်ထံ ပို့ဆောင်ခဲ့ကြသည်။<br>၂။ ထို့နောက် ယုဒ ခေါင်းဆောင်တို့သည် ပေါလု ရှိရာ အရပ်သို့ ရောက်လာကြပြီး ပေါလုသည် ဗိမာန်တော်ကို ရှုတ်ချသောသူ ဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသည့်အခါ ဖေလဇ်မင်း ရွှေမျှော်တွင် အမှုစစ်ဆေးခြင်း ခံခဲ့ရသည်။<br>၃။ ထိုစွပ်စွဲချက်ကို ပေါလုသည် အပြစ်ဖြေရာ စကားပြန်ပြောခဲ့သည်။ ဖေလဇ်သည် ခရစ်တော်၌ယုံကြည်ခြင်းတရားကို ကြားသည့်အခါ ပေါလုနှင့် တွေ့၍ မေးမြန်းခဲ့သည်။ *(၂၄း၂၄)*<br>၄။ အခြား အစိုးရမင်းအသစ် ရောက်လာသည်အထိ ပေါလုသည် ထောင်ထဲတွင် နှစ်နှစ် ချထားခြင်း ခံရသည်။<br>၅။ ယခုတွင် ပေါလုသည် ဖေတ္တုမင်း ရွှေမျှော်သို့ ရောက်ရှိခဲ့ပြီး၊ ယုဒ လူတို့သည် လာ၍ စွပ်စွဲကြပြန်သည်။ ပေါလုသည် ယေရုရှလင်းသို့ သွားရန် ငြင်းပယ်ခဲ့ပြီး၊ ကဲသာဘုရင် နှင့် ဖေတ္တုမင်းတို့ ရွှေမျှော်တွင် ရောမသို့ သွားရန် သူတောင်းဆိုခဲ့သည်။<br>၆။ *ပေါလုသည် ဖေလဇ်မင်း ရွှေမျှော်တွင် သူ့ကိုယ်သူ မည်သို့ ဖော်ပြခဲ့သည်ကို ဆွေးနွေးပါ။*<br>၇။ *ပေါလု၏ တရားဟောခြင်း အပေါ် ဖေလဇ်မင်းသည် အဘယ်ကြောင့် ကြောက်လန့်ရသည်ကို အလေးအနက်ထား စဉ်းစားပါ။ (၂၄း ၂၅)*<br>၈။ *ပေါလုသည် အဘယ်ကြောင့် ကဲသာဘုရင်၏ အယူတော်ကို ခံလိုရခြင်း ဖြစ်သည်ကို စဉ်းစားပါ။ အယူတော်ခံလိုသည် ဆိုသော အဓိပ္ပာယ်မှာ အဘယ်နည်း။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – ဖေတ္တုမင်း ရွှေမျှော် ပေါလု၏ စစ်ဆေးခြင်း ခံရပုံ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ပေါလု ခေါင်းစဉ် အတွက် အဝင်အထွက် မှတ်တမ်း ပြုစုပါ။ ‘ဘုရားသခင်၏ ကတိတော်ကို စောင့်ဆိုင်နေခြင်း’ | ခရစ်တော်အတွက် ပေါလု၏ ရပ်တည်ခြင်းကို ဖော်ပြရန် နံရံကပ် ပိုစတာတစ်ခု ပြုလုပ်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ညတွင် ဘုရားသခင် အားဖြင့် ပေါလုခံရသည့် ဗျာဒိတ်တော်ကို စဉ်းစားပါ။ ဤကတိတော်ကို မပြည့်စုံစေရန် အကြောင်းအရာ တစ်ခုခု၊ တစ်စုံတစ်ဦးဦးက ရပ်တန့်စေနိုင်ပါသလား။ ယနေ့တွင် ဤအကြောင့်အရာ အားဖြင့် ကျွန်ုပ်တို့ကို မည်သည့် ခွန်အား ဖြစ်စေသနည်း။<br>၂။ ဖေလဇ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားခြင်းဖြင့် ကြောက်လန့်ပြီး၊ စိတ်လှုပ်ရှားခဲ့သည်။ ***(တမန်၊ ၂၄း၂၅)*** ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ကြောက်လန့် ပါသလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***၂တိမောသေ၊ ၂း ၃*** ကို ဖတ်ပြီး၊ အသက်တာအတွက် ခွန်အားယူပါ။<br>၂။ ခရစ်ယာန် တစ်ယောက်အနေဖြင့် ကျွန်ုပ်တို့ သည်းခံရသည့် ခက်ခဲခြင်းများကို စာရင်းပြုစုပါ။ ထိုစာရင်း၏ ဘေးတွင် ခက်ခဲသည့် အချိန်တိုင်းတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မည်သို့ ခွန်အား ပေးကြောင်း နှင့် မည်သို့ ပို့ဆောင်ကြောင်း မှတ်တမ်း ပြုစုပါ။<br>၃။ ပေါလုသည် သူ၏ ရောမနိုင်ငံသား ဖြစ်ခြင်းကို သတင်းကောင်း ကျယ်ပြန့်ရန် အတွက် အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ရရှိသည့် အခွင့်အရေးများကို သတင်းကောင်း ကျယ်ပြန့်ရန် အတွက် မည်သို့ အသုံးပြုမည်နည်း။ |

| | ကာ၁ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - ဘုရင်၏ ရှေ့မှောက် | ကာ၁ - အဆင့် ၄<br>သင်ခန်းစာ ၃ - ရှင်ပေါလု၏ အမှုစစ်ဆေးခြင်း<br>ခေါင်းစဉ် - ကဲသရီ နှင့် ဘုရင် |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၅း ၁၃-၂၂၊ ၂၆း ၁၃-၃၂*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂၆း ၂၂*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယခုတွင် ပေါလုသည် ဖေတ္တုမင်း၏ ရှေ့မှောက်တွင် သူ့ကိုယ်သူ ကာကွယ်ရမည် ဖြစ်သည်။<br>၂။ အဂြိပ္ပမင်းကြီးသည် ခရစ်ယာန် ဖြစ်လု ဆဲဆဲ ဖြစ်ခဲ့သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၅း ၁၃- ၂၇၊ ၂၆း ၁-၃၂*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂၆း ၂၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်သည် ပေါလု၏ အသက်တာတွင် ကြားဝင် ဖြေရှင်းပေးခဲ့ သည်။ ပေါလု၌သေထိုက်သောအပြစ် မရှိသည်ကို တွေ့ရှိကြောင်း နှင့် သူသည် အပြစ်လွတ်ထိုက်သောသူ ဖြစ်ကြောင်း ဖေတ္တုမင်းသည် အဂြိပ္ပမင်းကြီးနှင့် တွေ့သောအချိန်တွင် ပြောပြခဲ့သည်။<br>၂။ ပေါလုသည် သတင်းကောင်းကို ရှင်းလင်းစွာ ပြောပြခဲ့ပြီး၊ အဂြိပ္ပမင်းကြီးကို ခရစ်ယာန် ဖြစ်စေရန် သွေးဆောင်ခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • လူတစ်ယောက် ခရစ်ယာန် ဖြစ်လာနိုင်သည့် အကြောင်းကို ကျောင်းသားများ မည်သို့ စဉ်းစားကြကြောင်း သူတို့အား မေးပါ။<br>• တွန်းအားပေးခြင်းအားဖြင့် လူတစ်ယောက် ခရစ်ယာန် မဖြစ်နိုင်ကြောင်း သူတို့ကို ရှင်းပြပါ။<br>• လူများ ခရစ်ယာန် ဖြစ်လာစေရန်အတွက် ဖျောင်းဖျခြင်းသည် မည်မျှ အရေးကြီးကြောင်း ဆွေးနွေးပါ။<br>• လူတို့သည် တစ်ခါတစ်ရံတွင် တစ်ခုခုကို လုပ်ဆောင်ရန်အတွက် အဘယ်ကြောင့် တွန်းအား ပေးတက်ကြသနည်း။ သင်၏ ကိုယ်တွေ့ အဖြစ်အပျက်မှ ဥပမာပေးပါ။ သို့သော် သူတို့ မယုံကြည်သောအရာအတွက် တွန်းအား မပေးနိုင်ကြောင်း သတိပေး ပြောပြပါ။ | • ကျွန်ုပ်တို့၏ ခရစ်ယာန် ယုံကြည်ခြင်း အတွက် ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် ဆန့်ကျင်ဘက် အရာ တစ်ခုစီ၏ အကြောင်းကို ပြောပါ။<br>• ထိုအရာနှင့် ပတ်သက်၍ ကျောင်းသားများ မည်သို့ ဖြေရှင်းနိုင် မည်နည်း။<br>• ***လုကာ၊ ၂၁း ၁၂-၁၅*** တွင် ခရစ်တော်၏ တပည့်တော်များထံ ပေးထားသည့် ကတိတော်ကို အသုံးပြုပါ။ ဤအချက်များသည် ဤသင်ခန်းစာ၌မည်သို့ ပြည့်စုံစေမည်နည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ထောင် နှစ်နှစ် ကျခံခဲ့ရသည်။ ယခုတွင် ဖေတ္တုမင်းသည် မြို့ဝန်မင်းသစ် ဖြစ်လာသည်။ ယုဒလူတို့သည် ပေါလုအား ယေရုရှလင်သို့ ခေါ်ဆောင်သွားပြီး စစ်ဆေးလိုကြသည်။ သို့သော် ပေါလုသည် ရောမမြို့တွင်သာ အစစ်ဆေးခံမည်ဟု ပြောခဲ့သည်။<br>၂။ အဂြိပ္ပမင်းကြီး နှင့် သူ၏ဇနီး ဗေရနိတ် တို့သည် ထောင်သား ပေါလု၏ အကြောင်းကို ကြားနာရန် ကဲသရီမြို့သို့ ရောက်ရှိလာကြသည်။<br>၃။ ပေါလုအား အဂြိပ္ပမင်းကြီး ရှေ့မှောက်သို့ ထုတ်ဆောင်ခဲ့ကြသည်။<br>၄။ ပေါလုသည် သူ၏ဘဝ အဖြစ်အပျက် အလုံးစုံတို့ကို မင်းကြီးထံ ပြောပြခဲ့သည်။ ***(၂၆း ၁-၂၃)***<br>၅။ ဖေတ္တုမင်းက ပေါလုအား သူရူးဟု ပြောခဲ့သည်။ အဂြိပ္ပမင်းကြီးက ပေါလု ဖြားယောင်းသောအားဖြင့် သူ ခရစ်ယာန် ဖြစ်လုပြီး ဟု ဖြောင့်ချက် ပေးခဲ့သည်။ ပေါလုတွင် အပြစ်မရှိ လွတ်မြောက်နိုင်သောသူ ဖြစ်ကြောင်း နှစ်ဦးစလုံးက သဘောတူကြသည်။ သို့သော် ပေါလုသည် ရောမမြို့သို့သာ သွားမည်ဟု ပြောခဲ့သည်။<br>၆။ *ပေါလုသည် သူ့အား တရားစွဲသူများ နှင့် ဖေတ္တုမင်း ရှေ့မှောက်တွင် သူ့ကိုယ်သူ ကာကွယ် ခဲ့ကြောင်း သိထားပါ။* ***(၂၆း ၂၄-၂၅)*** *ပေါလုသည် အဂြိပ္ပမင်းကြီးအား ခရစ်ယာန် ဖြစ်လာစေရန် မည်သို့ သွေးဆောင်ခဲ့သည်ကို စဉ်းစားဆင်ခြင်ပါ။*<br>၇။ *အဂြိပ္ပမင်းကြီး၏ ဖြောင့်ချက် ပေးခြင်းကို ပေါလုသည် မည်သို့ တုံ့ပြန်ခဲ့ သနည်း။* ***(၂၆း ၂၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဖေတ္တုမင်း နှင့် အဂြိပ္ပမင်းကြီး ရှေ့မှောက်တွင် ရှင်ပေါလု အစစ်ဆေးခံခြင်း။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ပေါလုသည် ထောင် နှစ်နှစ် ကျခံခဲ့ရသည်။ ယခုတွင် ဖေတ္တုမင်းသည် မြို့ဝန်မင်းသစ် ဖြစ်လာသည်။ ယုဒလူတို့သည် ပေါလုအား ယေရုရှလင်သို့ ခေါ်ဆောင်သွားပြီး စစ်ဆေးလိုကြသည်။ သို့သော် ပေါလုသည် ရောမမြို့တွင်သာ အစစ်ဆေးခံမည်ဟု ပြောခဲ့သည်။<br>၂။ အဂြိပ္ပမင်းကြီး နှင့် သူ၏ဇနီး ဗေရနိတ် တို့သည် ထောင်သား ပေါလု၏ အကြောင်းကို ကြားနာရန် ကဲသရီမြို့သို့ ရောက်ရှိလာကြသည်။ ပေါလုအား အဂြိပ္ပမင်းကြီး ရှေ့မှောက်သို့ ထုတ်ဆောင်ခဲ့ကြသည်။<br>၃။ ပေါလုသည် သူ၏ဘဝ အဖြစ်အပျက် အလုံးစုံတို့ကို မင်းကြီးထံ ပြောပြခဲ့သည်။ ***(၂၆း ၁-၂၃)***<br>၄။ ဖေတ္တုမင်းက ပေါလုအား သူရူးဟု ပြောခဲ့သည်။ အဂြိပ္ပမင်းကြီးက ပေါလု ဖြားယောင်းသောအားဖြင့် သူ ခရစ်ယာန် ဖြစ်လုပြီး ဟု ဖြောင့်ချက် ပေးခဲ့သည်။ ပေါလုတွင် အပြစ်မရှိ လွတ်မြောက်နိုင်သောသူ ဖြစ်ကြောင်း နှစ်ဦးစလုံးက သဘောတူကြသည်။ သို့သော် ပေါလုသည် ရောမမြို့သို့သာ သွားမည်ဟု ပြောခဲ့သည်။<br>၅။ *ပေါလုသည် သူ့အား တရားစွဲသူများ နှင့် ဖေတ္တုမင်း ရှေ့မှောက်တွင် သူ့ကိုယ်သူ ကာကွယ် ခဲ့ကြောင်း သိထားပါ။* ***(၂၆း ၂၄-၂၅)*** *ပေါလုသည် အဂြိပ္ပမင်းကြီးအား ခရစ်ယာန် ဖြစ်လာစေရန် မည်သို့ သွေးဆောင်ခဲ့သည်ကို စဉ်းစားဆင်ခြင်ပါ။*<br>၆။ *အဂြိပ္ပမင်းကြီး၏ ဖြောင့်ချက် ပေးခြင်းကို ပေါလုသည် မည်သို့ တုံ့ပြန်ခဲ့ သနည်း။* ***(၂၆း ၂၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဖေတ္တုမင်း နှင့် အဂြိပ္ပမင်းကြီး ရှေ့မှောက်တွင် ရှင်ပေါလု အစစ်ဆေးခံခြင်း။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | 'ဆွဲဆောင်ခံရလုနီးပါး' ခေါင်းစဉ်နှင့် နံရံကပ် ပိုစတာ တစ်ခု ပြုလုပ်ပါ။ | သင်ခန်းစာကို တန်ပြန် သက်ရောက်သောအားဖြင့် အောက်ဖော်ပြချက်များကို ဆွေးနွေးပါ။ သွေးဆောင်စည်းရုံးခြင်းသည် တွန်းအား ပေးခြင်းထက် သာ၍ ကောင်းသည်။ ဤသင်ခန်းစာမှ ကျွန်ုပ်တို့ သင်ယူသောအရာ နှင့် ဤဖော်ပြချက်သည် မည်သို့ စပ်ဆက်မှု ရှိသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဤစာပိုဒ်တွင် ဧဝံဂေလိဝေငှရန်အတွက် ပေါလု ချဉ်းကပ်ခဲ့ပုံသည် ကျွန်ုပ်တို့အား စိန်ဖေါ်မှုကို ဖြစ်စေခဲ့သည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်ခြင်းများတွင် မည်သည့် ညှိနှိုင်းမှုများ ပြုသင့်သနည်း။<br>၂။ ကျောက်းသားတစ်ဦးက အခြား ကျောင်းသား တစ်ဦးအား ခရစ်ယာန် ဖြစ်လာရန် စည်းရုံးသိမ်းသွင်းသည့် အကြောင်းကို အတန်းတွင်း ဆွေးနွေးမှု ပြုလုပ်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တမန်တော်ဝတ္ထုထဲတွင် ယုဒဘာသာရေး ခေါင်းဆောင်များ သတင်းကောင်းအပေါ် ထားရှိသည့် စိတ်နေသဘောထား နှင့် ရောမ အစိုးရများ သတင်းကောင်းအပေါ် ထားရှိသည့် စိတ်နေသဘောထားသည် သိသိသာသာ ကွဲပြားသည်။ သတင်းကောင်းအပေါ် လူတို့၏ တုံ့ပြန်မှု နှင့် ပတ်သက်၍ ဤသင်ခန်းစာမှ ကျွန်ုပ်တို့သည် မည်သည့် သင်ခန်းစာကို သင်ယူနိုင်သနည်း။<br>၂။ သတင်းကောင်းတရားကို ဝေငှရာတွင် ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံနှင့် ပတ်သက်၍ ဤသင်ခန်းစာမှ ကျွန်ုပ်တို့အား မည်သည့် စိန်ခေါ်မှုမျိုးကို ပေးသနည်း။ |

| | ကသသ - အဆင့် ၃<br>သင်ခန်းစာ ၄ - ရှင်ပေါလု၏ စွန့်စားခန်းများ<br>ခေါင်းစဉ် - သင်္ဘောပျက်ခြင်း | ကသသ - အဆင့် ၄<br>သင်ခန်းစာ ၄ - ရှင်ပေါလု၏ အမှုစစ်ဆေးခြင်း<br>ခေါင်းစဉ် - မြေထဲပင်လယ်ထဲ သင်္ဘောပျက်ခြင်း |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၇း ၁၃-၁၄ ၊ ၂၀-၄၄၊ ၂၈း ၁-၉*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂၇း၂၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် အမှုစစ်ဆေးခံရန် အတွက် ရောမမြို့သို့ ခရီးပြုခဲ့သည်။<br>၂။ ကျွန်ုပ်တို့ နေ့စဉ် အသက်တာတွင် ကြုံတွေ့ကြရသည့် အခြေအနေ အရပ်ရပ်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီပေးသွားမည်ဟု ကတိပေးထားသည်။<br>၃။ ဘုရားသခင်၏ ရည်ရွယ်ချက်များသည် အမြဲ ပြီးမြောက်ခဲ့သည်။ | **အခြေပြုကျမ်းညွှန်း** *တမန်၊ ၂၇း ၁-၄၄ ၊ ၂၈း ၁-၁၀၊ ၂၈-၃၁*<br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂၇း၂၄-၂၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပေါလုသည် အမှုစစ်ဆေးခံရန် အတွက် ရောမမြို့သို့ ခရီးပြုခဲ့သည်။<br>၂။ ကျွန်ုပ်တို့ အသက်တာတွင် ကြုံတွေ့ကြရသည့် အခြေအနေ အရပ်ရပ်ကို ဘုရားသခင် ထိန်းချုပ်ထားသည်။ ထိုအရာများမှလည်း ကျွန်ုပ်တို့အား ကူညီသွားမည်ဟု ဘုရားသခင် ကတိပေးထားသည်။<br>၃။ သတင်းကောင်း အပေါ် အချို့သောသူတို့၏ ငြင်းဆိုခြင်းသည် အခြားသောသူများ သတင်းကောင်းကို ပိုမိုကြားနားနိုင်ရန် အတွက် အခွင့်အရေးတစ်ရပ် ဖြစ်စေသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • မုန်တိုင်းနှင့် တွေ့ကြုံဖူးသည့် အတွေ့အကြုံ ရှိသလားဟု ကျောင်းသားများကို မေးပါ။<br>• ဘုရားသခင်၏ ကယ်မသနားတော်မူခြင်းကို သူတို့ မည်သို့ ခံစားခဲ့ရသနည်း။ သူတို့ ဆုတောင်းခဲ့ ပါသလား။ လေ့လာစူးစမ်းပါ။ | • ကြောက်ရွံ့ခြင်း၏ သဘောတရားကို ကျောင်းသားများနှင့် ဆွေးနွေးပါ။<br>• ကျောင်းသားများ၏ ကြောက်ရွံ့ခြင်း အကြောင်းများကို ပြောပြခိုင်းပါ။<br>• ကြောက်ရွံ့နေသော အချိန်တွင် ဘုရားသခင်၏ ကတိတော်သည် မည်မျှ အရေးကြီးကြောင်း ဆင်ခြင်ပါ။ (ဆာလံ၊ ၂၃း ၄) |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ပေါလုသည် ပင်လယ်ရေကြောင်းဖြင့် ရောမသို့ ခရီးပြုခဲ့သည်။ ဆောင်ရာသီတွင် ပင်လယ်ခရီးကို ဆက်မသွားသင့်ကြောင်း ပေါလု အကြံပြုခဲ့သည်။ သို့သော် မည်သူမျှ ပေါလု၏ အကြံပြုချက်ကို လက်မခံခဲ့ပေ။<br>၂။ ကြီးမားပြီး ထိတ်လန့်စရာကောင်းသည့် မုန်တိုင်းသည် ရက်ပေါင်းများစွာ တိုက်ခတ်ခဲ့သည်။ တစ်ညတွင် ပေါလုသည် သင်္ဘောထဲတွင် ရှိသောသူအားလုံး ဘေးကင်းလိမ့်မည်ဆိုသော ရူပါရုံ မြင်မက်ခဲ့သည်။ သူသည် ဘုရားသခင်၌ယုံကြည်ခြင်း ရှိကြောင်း လူတိုင်းထံသို့ ပြောခဲ့သည်။ သူပြောသည့်အတိုင်း အရာအားလုံ ဖြစ်လာလိမ့်ဟု ပြောခဲ့သည်။<br>၃။ နောက်ဆုံးတော့ သူတို့သည် မေလိတေကျွန်းသို့ နီးကပ်လာပြီး၊ သင်္ဘောသည် သောင်ပေါ်တွင် တင်သွားပြီး ၂၇၆ယောက်သော သူအားလုံးတို့သည် ကမ်းခြေသို့ ဘေးကင်းစွာ ရောက်ရှိသွားကြသည်။<br>၄။ မေလိတေကျွန်းတွင် ရှိသော သူတို့သည် ပေါလုတို့အပေါ် အလွန်ကြင်နာကြသည်။ ထိုကျွန်းပေါ်တွင် ပေါလုသည အံ့ဖွယ် နမိတ်လက္ခဏာကို ပြုခဲ့သည်။<br>*၅။ မုန်တိုင်းတိုက်ခတ်နေစဉ် ဘုရားသခင်သည် ပေါလုအား မည်သို့ ခွန်အား ပေးခဲ့သည်ကို သတိပြုပါ။*<br>*၆။ ခက်ခဲချိန် နှင့် ခရစ်ယာန်များ မလွတ်ကင်းနိုင်ကြောင်း သတိပြု ဆင်ခြင်ပါ။ (အခက်အခဲနှင့် ရင်ဆိုင်ရနိုင်ကြောင်း သတိပြုပါ။)*<br>*၇။ မည်သို့ပင် ဘဝမုန်တိုင်းနှင့် ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ကြရသည် ဖြစ်စေ သခင်ဘုရား၏ တန်ခိုးတော် နှင့် အတူပါရှိခြင်းကို ကျွန်ုပ်တို့လည်း သိရှိနိုင်သည်ကို စဉ်းစားဆင်ခြင်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ရှင်ပေါလု သင်္ဘောပျက်ခြင်းဘေးနှင့် ကြုံတွေ့ခဲ့ရသည်။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ပေါလုသည် ပင်လယ်ရေကြောင်းဖြင့် ရောမသို့ ခရီးပြုခဲ့သည်။ ဆောင်ရာသီတွင် ပင်လယ်ခရီးကို ဆက်မသွားသင့်ကြောင်း ပေါလု အကြံပြုခဲ့သည်။ သို့သော် မည်သူမျှ ပေါလု၏ အကြံပြုချက်ကို လက်မခံခဲ့ပေ။<br>၂။ ကြီးမားပြီး ထိတ်လန့်စရာကောင်းသည့် မုန်တိုင်းသည် ရက်ပေါင်းများစွာ တိုက်ခတ်ခဲ့သည်။ သင်္ဘောသူကြီးသည် အားလုံး ပျက်စီးခြင်းသို့ ရောက်ပြီးဟု အထင်နှင့် လက်လျှော့ခဲ့သည်။<br>၃။ တစ်ညတွင် ပေါလုသည် သင်္ဘောထဲတွင် ရှိသောသူအားလုံး ဘေးကင်းလိမ့်မည် ဆိုသော ရူပါရုံ မြင်မက်ခဲ့သည်။ သူသည် ဘုရားသခင်၌ယုံကြည်ခြင်း ရှိကြောင်း လူတိုင်းထံသို့ ပြောခဲ့သည်။ သူပြောသည့်အတိုင်း အရာအားလုံ ဖြစ်လာလိမ့်ဟု ပြောခဲ့သည်။ ၁၄ ရက် တိုင်တိုင် သူတို့သည် အစာကိုမစားဘဲ နေခဲ့ကြသည်။ ပေါလုသည် သူတို့အား အစာစားရန် ခွန်အား ပေးခဲ့ကြသည်။ ထို့နောက် သူတို့သည် ကျွန်းနှင်း နီးလာကြသည်။<br>၄။ နောက်ဆုံးတော့ သူတို့သည် မေလိတေကျွန်းသို့ နီးကပ်လာပြီး၊ သင်္ဘောသည် သောင်ပေါ်တွင် တင်သွားပြီး ၂၇၆ယောက်သော သူအားလုံးတို့သည် ကမ်းခြေသို့ ဘေးကင်းစွာ ရောက်ရှိသွားကြသည်။<br>*၅။ မေလိတေကျွန်းတွင် ရှိသော သူတို့သည် ပေါလုတို့အပေါ် အလွန်ကြင်နာကြသည်။ ထိုကျွန်းပေါ်တွင် ပေါလုသည အံ့ဖွယ် နမိတ်လက္ခဏာကို ပြုခဲ့သည်။*<br>*၆။ နောက်ဆုံးတွင် သူတို့သည် ရောမမြို့သို့ ရောက်ရှိသွားကြသည်။ ပေါလုသည် အချုပ်ခံရသည့် အိမ်တွင် နေရသည်။ သို့သော် သူသည် ထိုအခွင့်အရေးကို အသုံးချပြီး၊ သခင်ယေရှု၏ အကြောင်းကို လူများထံ ဟောပြောခဲ့သည်။*<br>*၇။ မုန်တိုင်းတိုက်ခတ်နေစဉ် ဘုရားသခင်သည် ပေါလုအား မည်သို့ ခွန်အား ပေးခဲ့သည်ကို သတိပြုပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ရှင်ပေါလု သင်္ဘောပျက်ခြင်းဘေးနှင့် ကြုံတွေ့ခဲ့ရသည်။ (I)** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ကျောင်းသားများကို ပေါလု အသွင် စိတ်ကူးစေပါ။<br>၂။ ကျောင်းသားများအား အခက်အခဲနှင့် ကြုံတွေ့နေရသည့် သူငယ်ချင်း တစ်ဦးထံ စာရေးစေပါ။ ရောမမြို့သို့ သွားသောလမ်းတွင် ဘုရားသခင်သည် သူတို့အား မည်သို့ ပို့ဆောင်ခဲ့ကြောင်းနှင့် စပ်ဆက်၍ သူတို့အား မေးပါ။ ဤအဖြစ်အပျက်ကို အသုံးပြု၍ သူငယ်ချင်းအား ခွန်အားပေးပါ။ | ၁။ သင် လေ့လာခဲ့သည့် ရှင်ပေါလု၏ ဘဝအသက်တာ အဖြစ်အပျက်အားဖြင့် ခွန်အားယူပါ။ ဘုရားသခင်၏ သစ္စာရှိခြင်းသည် သူ၏ အသက်တာတွင် မည်မျှ ထင်ရှားခဲ့ကြောင်း မှတ်သားပါ။<br>၂။ ‘ဖွဲလုံးလ’ ဆိုသော စကားလုံးကို အဘိဓာန်တွင် ကြည့်ပါ။ ဤအချက်ကို ပေါလု၏ အသက်တာတွင် မည်သို့ တွေ့ရှိနိုင်သနည်း။ ဤအဖြစ်အပျက်တွင် သူတို့သည် ပေါလု နှင့် မည်သို့ နှိုင်းယှဉ်နိုင်ကြောင်း ကျောင်းသားများကို တိုက်တွန်းနှိုးဆော်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ပေါလု၏ သင်္ဘောပျက်ခြင်း ပုံပြင်သည် ကျွန်ုပ်တို့အား မည်သို့ စိန်ခေါ်မှုမျိုးပေးပြီး၊ မည်သည့် ခွန်အားကို ဖြစ်စေသနည်း။<br>၂။ ခက်ခဲသည့် အချိန်များတွင် ဘုရားသခင်သည် သူ၏လူများကို မည်သို့ ကယ်တင်ကြောင်း၊ နှင့်ပတ်သက်၍ အခြားသော ကျမ်းစာ ပုံပြင်များမှ မည်သည့် သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။ ဥပမာ၊ ယောသပ်၊ ဒံယေလ၊ စသည်ဖြင့်။<br>၃။ ကျွန်ုပ်တို့ အသက်တာတွင် ဘုရားသခင်၏ တန်ခိုးအာဏာ ကြီးမားခြင်း အကြောင်းကို ကျေးဇူးတော် ချီးမွမ်းသည့် ဆုတောင်းချက်တစ်ခုကို ရေးစပ်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ခက်ခဲချိန် နှင့် ခရစ်ယာန်များ မလွတ်ကင်းနိုင်ကြောင်း သတိပြု ဆင်ခြင်ပါ။ (အခက်အခဲနှင့် ရင်ဆိုင်ရနိုင်ကြောင်း သတိပြုပါ။)<br>၂။ မည်သို့ပင် ဘဝမုန်တိုင်းနှင့် ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ကြရသည် ဖြစ်စေ သခင်ဘုရား၏ တန်ခိုးတော် နှင့် အတူပါရှိခြင်းကို ကျွန်ုပ်တို့လည်း သိရှိနိုင်သည်ကို စဉ်းစားဆင်ခြင်ပါ။ |

| | က၁၂ - အဆင့် ၃<br>သင်ခန်းစာ ၁ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - မဖြစ်နိုင်သော | က၁၂ - အဆင့် ၄<br>သင်ခန်းစာ ၁ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - ကောင်းကင်တမန်၏ သတင်းစကား |
|---|---|---|
| | **အခြေပြုကျမ်းညွှန်း** *ရှင်လုကာ၊ ၁း ၅-၂၀၊ ၅၇-၆၆*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁း ၃၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဇာခရိ နှင် ဧလိရှဗက်တို့သည် အသက်ကြီးသည့် စုံတွဲ ဖြစ်ပြီး သူတို့၏ ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးသည့် အတွေ့အကြုံကို တွေ့ကြုံခံစားဖူးကြသူများ ဖြစ်သည်။<br>၂။ ဘုရားသခင် မတတ်နိုင်သည့် အမှု မရှိပေ။ | **အခြေပြုကျမ်းညွှန်း** *ရှင်မဿဲ၊ ၁း ၁၈-၂၅၊ ရှင်လုကာ၊ ၁း ၂၆-၃၈*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ၊ ၁း၂၁*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှု၏ မွေးဖွားခြင်းသည် ကောင်းကင်တမန် အားဖြင့် တိတိကျကျ ဟောကိန်း ထုတ်ထားသည်။ သူ၏ အသက်တာ၏ အရေးကြီးသည့် အသေးစိတ် အကြောင်းကို ကောင်းကင်တမန်သည် ယောသပ်ထံ ပြောပြခဲ့သည်။<br>၂။ မာရိသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကိုယ်ဝန်ဆောင်ရမည် ဟူသော ကောင်းကင်တမန်၏ စကားကို လက်ခံ ရရှိခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • လူတို့သည် တစ်ခါတစ်ရံတွင် သူတို့၏ ဆုတောင်းချက်များ အတွက် ဘုရားသခင်ထံမှ အဖြေရရှိရန် စောင့်ဆိုင်းရကြသည့် အကြောင်းကို ပြောပါ။<br>• ဇာခရိ နှင့် ဧလိရှဗက်တို့၏ အခြေအနေ နှင့် သူတို့၏ ဆုတောင်းချက် အဖြေရရန် အချိန်မည်မျှ စောင့်ဆိုင်းခဲ့ရကြောင်း၊ မဖြစ်နိုင်ဟု ထင်ရသည့် အခြေအနေတွင် မည်သို့ အဖြေရရှိခဲ့ကြောင်းကို ရှင်းပြပါ။ | • ကြီးမားသည့် အဖြစ်အပျက်များသည် ဖြစ်ပျက်ပြီးသည်နှင့် ချက်ခြင်း ကမ္ဘာအနှံ့သို့ ပျံ့နှံ့သွားရသည့် နည်းလမ်းအကြောင်း စဉ်းစားပါ။ အဘယ်သို့ပင် ဖြစ်စေကာမူ ထိုအဖြစ်အပျက် မဖြစ်ခင် မည်သူ တစ်ဦးတစ်ယောက်မျှ တိတိကျကျ ကြိုတင်မပြောနိုင်ကြပေ။<br>• သို့သော် ဘုရားသခင်သည် ကြိုတင် ပြောပြနိုင်သည်။ သခင်ယေရှု မမွေးဖွားခင် ယောသပ် နှင့် မာရိတို့ထံ ဘုရားသခင်သည် သခင်ယေရှု မွေးဖွားလာမည့် အကြောင်းကို ကြိုတင် သတင်းပေးပို့ခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဇာခရိ နှင့် ဧလိရှဗက်တို့သည် သားသမီး လိုချင်သည့်အကြောင်း ရှင်းပြပါ။ ထိုခေတ်ကာလတွင် ကမ္ဘာ့ အရှေ့အလယ်ပိုင်း ဒေသများတွင် ဇနီးမောင်နှံတို့သည် သားသမီး မရှိလျှင် အလွန်ရှက်စရာကောင်းပြီး သူတစ်ပါး၏ ကဲ့ရဲ့ခြင်းလည်း ခံရကြောင်း ကျောင်းသားများကို ပြန်သတိပေး၍ ပြောပြပါ။<br>၂။ ဇာခရိသည် ဗိမာန်တော်တွင် ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်ရန် အလှည့် ကျရောက်လာသည်။<br>၃။ ကောင်းကင်တမန်သည် သူ့အရှေ့တွင် ပေါ်လာပြီး၊ ဇာခရိ တုန်လှုပ်ခဲ့သည်။ ထိုနောက် ကောင်းကင်တမန်သည် ဇာခရိထံ စကားပြောခဲ့သည်။ ဧလိရှဗက်သည် သားယောကျာ်းကို ဖွားမြင်လိမ့်မည်။ ထိုသားသည် ထာဝရဘုရား ရှေ့တော်၌ ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ ဘုရားသခင် အတွက် လူများကို ပြင်ဆင်ပေးသောသူ ဖြစ်လိမ့်မည်။ ***(လုကာ၊ ၁း ၁၇)***<br>၄။ သူတို့သည် ကလေးရရန်အတွက် အလွန်အိုနေပြီး ဖြစ်ကြောင်း ဇာခရိသည် ကောင်းကင်တမန်ထံ ပြန်ပြောခဲ့သည်။ ဘုရားသခင်၏ စကားတော်ကို ဇာခရိ မယုံကြည်သည့်အတွက် ကလေးမမွေးမီတိုင်အောင် ဇာခရိသည် စကားအလျက် နေလိမ့်မည်ဟု ကောင်းကင်တမန်သည် ဇာခရိအား ပြောခဲ့သည်။<br>၅။ ကလေးမွေးလာသည့်အခါ သူ၏ အမည်ကို ယောဟန် အမည်ဖြင့် ပေးရမည်ဟု ဧလိရှဗက် ပြောခဲ့သည်။ ဇာခရိသည်လည်း စာဖြင့် ရေး၍ ယောဟန် ဟု အမည်ပေးရန် ပြောခဲ့သည်။ ထို့နောက် သူသည် ချက်ခြင်း စကားပြောနိုင်ပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်လျက် သူငယ်၌ ဖြစ်လာမည့် အရာများကို ပရောဖက် ပြု၍ ဟောပြောလေသည်။<br>၆။ *အိမ်နီးနာချင်းများ၏ တုံ့ပြန်မှုကို စဉ်းစားပါ။* ***(လုကာ၊ ၁း ၆၅-၆၆)***<br>၇။ *ကောင်းကင်တမန်၏ သတင်းစကားအပေါ် ဧလိရှဗက်၏ တုံ့ပြန်မှု နှင့် ဇာခရိ၏ တုံ့ပြန်မှု တို့ကို နှိုင်းယှဉ်ကြည့်ပါ။ သိသိသာသာ ကွဲပြားကြောင်း တွေ့ရမည်။ ကျွန်ုပ်တို့သည် ဤအရာအားဖြင့် မည်သည့် သင်ခန်းစာကို သင်ယူနိုင်သနည်း။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ဗတ္တိဇံ ယောဟန်၏ မွေးဖွားခြင်း (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ် နှင့် မာရိတို့သည် လက်ထပ်ရန်အတွက် စေ့စပ်ထားသောသူများ ဖြစ်ကြသည်။ တို့နောက် မာရိသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်ဝန်ဆောင်ပြီး သားယောကျာ်းကို ဖွားမြင်လိမ့်မည် ဟူသော သတင်းစကားကို ကောင်းကင်တမန်ထံမှ လက်ခံရရှိခဲ့သည်။<br>၂။ ထိုသတင်းကို ယောသပ်သည် ကြားသည့်အခါ မာရိအား တိတ်တဆိတ် စွန့်ခွါမည်ဟု ကြံစည်ခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ သူငယ်တော် မွေးဖွားလာမည့်အကြောင်း၊ မွေးဖွားလာရသည့် ရည်ရွယ်ချက် နှင့် သူ မွေးဖွားလာသည့်အခါ ပရောဖက် ပြုချက်များ ပြီးပြည့်စုံလာမည့် အကြောင်းကို ကောင်းကင်တမန်သည် ညအခါ အိပ်မက်တွင် ယောသပ်ထံ ပြောပြခဲ့သည်။<br>၃။ ယုဒတို့၏ ရိုးရာထုံးစံအရ စေ့စပ်သည့် အကြောင်းအရာကို ရှင်းပြပါ။<br>၄။ *ယောသပ် နှင့် မာရိ နှစ်ဦးစလုံးတို့သည် သူတို့ လက်ခံရရှိသည့် သတင်းစကားကို ယုံကြည်ခဲ့ကြသည်။ သူငယ်တော်သည် 'မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့်' သူ့အား ယေရှု ဟူသော အမည်ဖြင့် မှည့်ခေါ်ရမည်ဆိုသည့် ညွှန်ကြားချက်ကို ယောသပ် လက်ခံရရှိခဲ့သည်။*<br>၅။ မေးခွန်း သုံးခုကို ဆင်ခြင်ပါ။<br>က။ သခင်ယေရှုသည် သဘာဝနည်းဖြင့် မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် အဘယ်ကြောင့် ကိုယ်ဝန်တည်ရခြင်း ဖြစ်သနည်း။<br>ခ။ သူ၏ လောက မိခင်ဖခင် အဖြစ် ယောသပ် နှင့် မာရိအား အဘယ်ကြောင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သနည်း။ (သူတို့၏ ဆွေစဉ်မျိုးဆက် စာရင်းကို ကြည့်ပါ။ မဿဲ၊၁၊ လုကာ၊၃ )<br>ဂ။ ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်ရခြင်းမှာ အဘယ်ကြောင့်နည်း။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – သခင်ယေရှု၏ မွေးဖွားခြင်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | 'မဖြစ်နိုင်သော အရာသည် ဖြစ်နိုင်သည့်အရာ ဖြစ်လာခဲ့သည်။' ဆိုသော ခေါင်းစဉ်ဖြင့် သူတို့ မဖြစ်နိုင်ဟု ထင်သောအရာ အမှန်တကယ် ဖြစ်ခဲ့သည့် အကြောင်းအရာများကို ကျောင်းသားများကို ရေးစေပါ။ (အထူးသဖြင့် ကျမ်းစာထဲမှ ဥပမာကို ယူစေပါ။) အောက်ဆုံးတွင် ဘုရားသခင်ကို ကျေးဇူးတင်သည်ဟု ရေးပါ။ | ယုံကြည်ရန် နှင့် ကိုးစားရန် ခက်ခဲသည့် အရာတစ်ခုခုကို သင်အား ဘုရားသခင် ပြောဖူးပါသလား။ သို့မဟုတ် တစ်ဦးဦးကို ဘုရားသခင် ပြောတာ သင် သိမြင်ဖူးပါ သလား။<br>၁။ ဖတ်ရန် ကျမ်းညွှန်းထဲတွင် မည်သည့် ဖရောဖတ်ပြုချက်များကို ကျွန်ုပ်တို့ ဖတ်ရှုရသနည်း။ ဤသင်ခန်းစာတွင် သခင်ယေရှု ကြွလာပြီးနောက်တွင် မည်သည့်အရာများ ပြီးပြည့်စုံခဲ့သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဤသင်ခန်းစာ၏ ရလဒ်အနေဖြင့် မည်သည့် သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူရသနည်း။<br>၂။ ချက်ခြင်းအဖြေရလိမ့်မည် မဟုတ်ကြောင်း သိနေသော်လည်း ဆက်လက် ဆုတောင်းနေရန် အရေးကြီးသည့် အကြောင်း စဉ်းစားပါ။<br>၃။ အကြောင်းအရာ တစ်စုံတစ်ခုသည် မဖြစ်နိုင်ဟု ထင်နေရသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ကျမ်းစာကို ဖတ်ရန် အလွန်အရေးကြီးသည့် အကြောင်း စဉ်းစားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယနေ့ သင်ခန်းစာမှ သင် မည်သည့် သင်ခန်းစာကို သင်ယူရရှိပြီး၊ သင်၏ အသက်တာတွင် လိုက်လျှောက်ရှင်သန် နိုင်မည်နည်း။<br>၂။ သခင်ယေရှုသည် ကျွန်ုပ်တို့ထံ မည်သည့် ရည်ရွယ်ချက်ဖြင့် ကြွလာခြင်း ဖြစ်သနည်း။<br>၃။ သူ၏ တစ်ပါးတည်းသော သားတော်ကို စေလွှတ်ပေးခဲ့သည့်အတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်း ဆုတောင်းပါရန် ပြင်ဆင်ပါ။ ၂ကော၊၉း၁၅ |

| | | |
|---|---|---|
| | က၁၂ - အဆင့် ၃<br>သင်ခန်းစာ ၂ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - အထူးတာဝန် | က၁၂ - အဆင့် ၄<br>သင်ခန်းစာ ၂ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - ဧကရာဇ်မင်း၏ အမိန့်တော် |
| | **အခြေပြုကျမ်းညွှန်း** *လုကာ၊ ၁း ၂၆-၃၈*<br>**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၁း ၃၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယောသပ် နှင့် မာရိ တို့သည် အလွန် ထူးခြားသည့် စုံတွဲများ ဖြစ်ကြသည်။ ဘုရားသခင် အလွန် ထူးထူးခြားခြား အသုံးပြုခဲ့သည့် သူများ ဖြစ်ကြသည်။<br>၂။ ဘုရားသခင်၏ သားတော် သခင်ယေရှု၏ မွေးဖွားခြင်းသည် အံ့သြဖွယ် ဖြစ်သည်။ | **အခြေပြုကျမ်းညွှန်း** *လုကာ၊ ၂း ၁-၇*<br>**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၂း၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ရောမ အင်ပါယာကို ကဲသာဘုရင်က အုပ်ချုပ်သည်။<br>၂။ ကဲသာဘုရင်၏ အမိန့်တော်ကြောင့် ယောသပ် နှင့် မာရိတို့သည် ဗက်လင်မြို့တွင် နာမည်စာရင်း ပေးသွင်းရန် အကြောင်း ဖြစ်လာခဲ့သည်။ ဤအချက်သည် ဓမ္မဟောင်းကျမ်း၏ ပရောဖက်ပြုချက်များကို ပြည့်စုံစေခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ကလေးမွေးလာသည့် အချိန်တွင် ပထမဦးဆုံးလုပ်ဆောင်ရသည့် အချက်ဖြစ်သည့် ကလေး၏ အမည်ပေးရခြင်း အကြောင်း စဉ်းစားပါ။ ယေရှုတွင် အမည် သို့မဟုတ် နာမ များစွာ ရှိသည်။<br>• ***လုကာ၊ ၁ နှင့် ၂၊ မသဲ၊ ၁ နှင့် ၂*** ထဲတွင် ယေရှု၏ မွေးဖွားခြင်းအကြောင်း အသေးစိတ်ကို ဖတ်ပါ။ ထို့နောက် သူ၏ အမည်နာမ အချို့ကို စာရင်းပြုစုပါ။<br>• မည်သည့် နာမသည် သင် အနှစ်သက်ဆုံး ဖြစ်မည်နည်း။ အဘယ်ကြောင့်နည်း။ | • အဖွဲ့ငယ်များ ဖွဲ့ပြီး ဖတ်ရန်ပေးထားသည့် ကျမ်းညွှန်းထဲတွင် ဖော်ပြထားသည့် နေရာများကို တွေ့နိုင်သမျှ ရှာပြီး ရေးစေပါ။<br>• လူတို့၏ အမည်များကိုလည်း ထိုကဲ့သို့ ရှာပြီး ရေးစေပါ။<br>• ဖတ်ရန် ကျမ်းညွှန်းကို ပြန်လည် ဖတ်ခြင်းဖြင့် သင်၏ အဖြေကို စစ်ဆေးပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ်နှင့် စေ့စပ်ထားသော မာရိသည် ဆယ်ကျော်သက် တစ်ဦးသာ ဖြစ်သည်။<br>၂။ ကောင်းကင်တမန် ဂါဗြေလသည် သူမထံ ရောက်ရှိလာပြီး၊ ဘုရားသခင်သည် သူမကို အမြင့်ဆုံး မျက်နှာသာပေးသည့် သတင်းစကားကို ကြားသည့်အခါ သူမ စိတ်နှလုံး မငြိမ်မဝပ် ဖြစ်ခဲ့ရသည်။<br>၃။ မာရိသည် သားယောက်ျားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှု ဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆိုလေသည်။ ထိုသားသည် အမြင့်ဆုံးသော ဘုရား၏ သားတော် ဖြစ်သည်။ သူသည် ဒါဝိဒ်၏ ရာဇပလ္လင်ကို ပိုင်ဆိုင်ရမည်။<br>၄။ မာရိသည် အပျိုကညာ ဖြစ်သည့်အတွက် ကောင်းကင်တမန်၏ စကားကို နားမလည်နိုင် ဖြစ်ခဲ့ရသည်။ သို့သော် မာရိသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်ဝန်ဆောင်ရမည့် အကြောင်းကို ကောင်းကင်တမန်သည် ရှင်းပြခဲ့သည်။<br>၅။ မာရိသည် အံ့သြကြီးစွာနှင့်ပင် ‘ကိုယ်တော် မိန့်တော်မူသည့်အတိုင်း အကျွန်ုပ်၌ဖြစ်ပါစေသော်’ ဟု ဝန်ခံခဲ့လေသည်။<br>၆။ *မာရိသည် ထာဝရဘုရား ရှေ့တော်၌ မျက်နှာရပြီး၊ ပဋိသန္ဓေယူ၍ (ကိုယ်ဝန်ဆောင်) သားကို ဖွားမြင်ရလိမ့်မည် ဆိုသော သတင်းကို ကောင်းကင်တမန်သည် သူမထံ ပြောသောအခါ မာရိ၏ အတွေး မည်သို့ ဖြစ်လိမ့်မည်ဟု သင်ထင်းပါသနည်း။ သင် ထင်သည့် အကြောင်း အမျိုးမျိုးကို စဉ်းစားပါ။* ***(အငယ်၊ ၄၆-၄၇)***<br>၇။ *‘ဘုရားသခင် တတ်နိုင်တော် မမူသော အမှု မရှိ’ လူ့သဘာဝ အားဖြင့် မဖြစ်နိုင်သည့် အခြေအနေတွင် မွေဖွားလာသည့် ကျမ်းစာထဲရှိ အခြားကလေးများ အကြောင်း စဉ်းစားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ယေရှု၏ မွေးဖွားခြင်း (p & l)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ် နှင့် မာရိ နှစ်ဦးစလုံးတို့သည် ရှင်ဘုရင်ဒါဝိဒ်၏ ဆွေးစဉ်မျိုးဆက်များ ဖြစ်ကြသည်။ ထို့ကြောင့် သန်းခေါင်စာရင်း ပေးသွင်းရန် အမိန့်ထုတ်ပြန်သည့်အခါ သူတို့သည် ဗက်လင်မြို့သို့ သွားရကြသည်။<br>၂။ ထိုခရီးသည် အနည်းဆုံး မိုင် ၇၀ ကွာဝေပြီး၊ ကလေးမွေးဖွား လုဆဲဆဲ ဖြစ်သည့် မာရိ အတွက် အလွန်ခက်ခဲခဲ့ရသည်။<br>၃။ ဗက်လင်မြို့သည် လူများနှင့် ပြည့်နေပြီး၊ သူတို့ တည်းခိုရန် နေရာပင် မရှိခဲ့ပေ။ ထို့ကြောင့် သူတို့သည် တိရိစ္ဆာန်ထားသည့် နေရာတွင် တည်းခိုခဲ့ရသည်။<br>၄။ ဤနေရာတွင် ယေရှုသည် နှိမ့်ချစွာဖြင့် အလွန်ဆင်းရဲစွာ မွေးဖွား ခဲ့ရသည်။<br>၅။ မိက္ခာ ပရောဖက်ပြုထားသကဲ့သို့ ဗက်လင်မြို့တွင် ယေရှု မွေးဖွားလာမည့် အကြောင်း ကြိုတင်ဟောပြောချက်များ မည်မျှပြည့်စုံခဲ့သည်ကို စဉ်းစားပါ။ ဘုရားသခင်၏ တန်ခိုးတော်သည် ဤအရာများ အားလုံးကို အမှန်တကယ် ဖြစ်ပျက်စေခဲ့ခြင်းမှာ အံ့သြစရာပင် ဖြစ်သည်။ ***(မိက္ခာ၊ ၅း၂)***<br>၆။ ***ယောဟန်၊ ၁း၁၆ နှင့် ဂလာတိ၊ ၄း၄*** ကို ဖတ်ပါ။ ဤကြီးမားသည့် အဖြစ်အပျက်ကို လူများ နားလည်နိုင်အောင် ကူညီပေးရန်အတွက် ဤကျမ်းချက်များ၏ အဓိပ္ပာယ်ကို စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ယေရှု၏ မွေးဖွားခြင်း (p & l)** |
| ပြန်လှန်လေ့ကျင့်ပါ | **ဤမေးခွန်းများကို ဖြေဆိုပါ။**<br>၁။ ဤကောင်းကင်တမန်၏ အမည်မှာ အဘယ်နည်း။<br>၂။ သတင်းစကား ကြားသည့်အခါ မာရိ၏ ပထမဆုံး တုံ့ပြန်မှုမှာ အဘယ်နည်း။<br>၃။ မာရိထံ ကောင်းကင်တမန် ပေးသော ကတိစကားမှာ အဘယ်နည်း။<br>၄။ ထိုကတိစကား အပေါ် မာရိ၏ တုံ့ပြန်မှုမှာ အဘယ်နည်း။ (အငယ်၊ ၃၈)<br>၅။ အချိန်အနည်းငယ် ကြာပြီးနောက် သူမ မည်သို့ ခံစားသနည်း။ ***(အငယ်၊ ၄၆-၄၇)*** | **ဤမေးခွန်းများကို ဖြေဆိုပါ။**<br>၁။ သင်နေသော နေရာနှင့် မိုင် ၇၀ ဝေးသောနေရာတွင် ရှိသည့် မြို့အမည်ကို ဖော်ပြပါ။<br>၂။ ကိုယ်ဝန်အရင့်အမာ ဆောင်ထားခြင်းမရှိဘဲ ထိုခရီးအကွာအဝေးကို ကျောင်းသားများ မည်သို့ လမ်းလျှောက်သွားနိုင် မည်နည်း။<br>၃။ ယေရှု မွေးဖွားစဉ် အခါက ပတ်ဝန်းကျင် အခြေအနေနှင့် ယနေ့ခေတ် ကလေးငယ်များ မွေးဖွားခြင်း အခြေအနေ မည်သို့ ကွာခြားကြောင်း နှိုင်းယှဉ်ကြည့်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အဖွဲ့ငယ်များ ဖွဲ့ပြီး ဖတ်ရန်ပေးထားသည့် ကျမ်းညွှန်းထဲတွင် ဖော်ပြထားသည့် နေရာများကို ရှာပြီး ရေးစေပါ။<br>၂။ လူတို့၏ အမည်များကိုလည်း ထိုကဲ့သို့ ရှာပြီး ရေးစေပါ။ ဖတ်ရန် ကျမ်းညွှန်းကို ပြန်လည် ဖတ်ခြင်းဖြင့် သင် ရှာထားသည့် လူများ၏ အမည်များကို စစ်ဆေးပါ။<br>၃။ ရေးထားသည့် အရာအားလုံး၏ ရည်ရွယ်ချက်များကို စဉ်းစားဆင်ခြင်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဤလောကသို့ သခင်ယေရှု၏ ကြွလာခြင်းသည် လူ့သမိုင်းတွင် မည်သို့ အကျိုးသက်ရောက်မှု ဖြစ်စေခဲ့သနည်း။ ထိုအရာသည် ကျွန်ုပ်တို့ အသက်တာအတွက် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်း။ ဆွေးနွေးပါ။ |

<table>
<tr><th></th><th>က၁၂ - အဆင့် ၃<br>သင်ခန်းစာ ၃ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - ဗက်လင်မြို့၌</th><th>က၁၂ - အဆင့် ၄<br>သင်ခန်းစာ ၃ - ပထမဦးဆုံး ခရစ္စမတ်<br>ခေါင်းစဉ် - သိုးထိန်းများ၏ လည်ပတ်ခြင်း</th></tr>
<tr><td></td><td>အခြေပြုကျမ်းညွှန်း လုကာ၊ ၂း ၁-၂၀<br>အဓိကသော့ချက်ကျမ်း လုကာ၊ ၂း၁၁<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။<br>၁။ ယေရှုသည် ဆင်းရဲပြီး ခက်ခဲသည့် အခြေအနေနှင့် မွေးဖွားလာရခြင်းသည် ဘုရားသခင်၏ အစီအစဉ်ပင် ဖြစ်သည်။<br>၂။ ဘုရားသခင်သည် ဖြစ်ပျက်သမျှ အရာအားလုံးကို ထိန်းချုပ်ထားသည်။ ယနေ့ပင်လျှင် ထိန်းချုပ်ထားဆဲ ဖြစ်သည်။</td><td>အခြေပြုကျမ်းညွှန်း လုကာ၊ ၂း ၈-၂၀<br>အဓိကသော့ချက်ကျမ်း လုကာ၊ ၂း၁၁<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။<br>၁။ သိုးထိန်းတို့သည် သူတို့၏ နေ့စဉ် လုပ်ငန်းကို လုပ်ကိုင်နေစဉ် ကောင်းကင်တမန်သည် သူတို့ထံ ကိုယ်ထင်ရှား ပြခဲ့သည်။<br>၂။ သူတို့ ကြားသိကြရသည့် အရာကို ယုံကြည်ခဲ့ကြပြီး၊ ချက်ခြင်း လှုပ်ရှားကြသည်။</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>• သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ကြီးမားသည့် အဖြစ်အပျက် အချို့အကြောင်း ဖော်ပြရန် ကျောင်းသားများကို မေးပါ။<br>• ဘုရားသခင်၏ သားတော် ကြွလာခြင်းသည် အဓိက အဖြစ်အပျက် ဖြစ်ကြောင်း ရှင်းပြပါ။<br>• ဤကျမ်းချက်၏ အဖြစ်အပျက်အားလုံးကို ဖော်ပြရန် အချိန်ပြမျဉ်း ရေးဆွဲပါ။</td><td>အဖွဲ့ငယ်များခွဲ၍ ဤကျမ်းချက်ကို ပြဇာတ်အဖြစ် ပြုလုပ်ပါ။ သိုးထိန်းများ၏ လည်စည်းပဝါများ အတွက် မျက်နှာသုတ်ပဝါများ၊ လက်ဖက်ရည်ကဲ့သို့ လွယ်ကူရိုးရှင်းသည့် ဇာတ်ဝင်ပစ္စည်း အသုံး အဆောင်များကို အသုံးပြုပါ။</td></tr>
<tr><td>သင်ခန်းစာကို ပြီးမြောက်စေပါ။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br><br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ ယောသပ် နှင့် မာရိ နှစ်ဦးစလုံးတို့သည် ရှင်ဘုရင်ဒါဝိဒ်၏ ဆွေးစဉ်မျိုးဆက်များ ဖြစ်ကြသည်။ ထို့ကြောင့် သန်းခေါင်စာရင်း ပေးသွင်းရန် အမိန့်ထုတ်ပြန်သည့်အခါ သူတို့သည် ဗက်လင်မြို့သို့ သွားရကြသည်။<br>၂။ ထိုခရီးသည် အနည်းဆုံး မိုင် ၇၀ ကွာဝေပြီး၊ ကလေးမွေးဖွား လုဆဲဆဲ ဖြစ်သည့် မာရိ အတွက် အလွန်ခက်ခဲခဲ့ရသည်။<br>၃။ ဗက်လင်မြို့သည် လူများနှင့် ပြည့်နေပြီး၊ သူတို့ တည်းခိုရန် နေရာပင် မရှိခဲ့ပေ။ ထို့ကြောင့် သူတို့သည် တိရိစ္ဆာန်ထားသည့် နေရာတွင် တည်းခိုခဲ့ရသည်။ ဤနေရာတွင် ယေရှုသည် နှိမ့်ချစွာဖြင့် အလွန်ဆင်းရဲစွာ မွေးဖွား ခဲ့ရသည်။<br>၄။ သူငယ်တော်သည် ညအချိန်တွင် မွေးဖွားခဲ့ပြီး၊ သိုးထိန်းတို့ နှင့် လူအချို့တို့သာ နိုးထနေကြသည်ဟု ကျွန်ုပ်တို့ ထင်မှတ်ကြသည်။<br>၅။ ကယ်တင်ရှင် သခင်ခရစ်တော်၏ မွေးဖွားခြင်း သတင်းကို သူတို့ လက်ခံရရှိခဲ့ကြသည်။<br>၆။ ကောင်းကင်ဗိုလ်ခြေများစွာတို့သည် သိုးထိန်းများရှိရာသို့ ထင်ရှားလာပြီး၊ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြသည်။<br>၇။ သိုးထိန်းတို့သည် ဗက်လင်မြို့သို့ သွားပြီး၊ ဖြစ်ပျက်ခဲ့သည့် အရာများကို သွားကြည့်ရန် ဆုံးဖြတ်ခဲ့သည်။ သူတို့သည် ယောသပ်၊ မာရိ နှင့် သူငယ်တော်ကို တွေ့ရှိခဲ့ကြသည်။<br>၈။ သူတို့သည် မြင်တွေ့ခဲ့ကြသည့် သတင်းကို အနှံ့အပြား ပြောခဲ့ကြပြီး၊ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလျက် ပြန်သွားကြသည်။<br>၉။ ဤကျမ်းညွှန်းနေရာ နှင့် ကျမ်းစာထဲရှိ အခြားကျမ်းညွှန်းတွင် ကောင်းကင်တမန်၏ ပထမဆုံး နှုတ်ဆက်သတင်းစကားကို မှတ်တမ်းတင်ထားသည့် အကြောင်းကို စဉ်းစားဆင်ချင်ပါ။<br>၁၀။ သူတို့၏ လမ်းခရီးတွင် ငယ်ရွယ်သော ဇနီးမောင်နှံ အတွက် မည်သို့ ခံစားကြမည်ကို စဉ်စားကြည့်ပါ။<br>၁၁။ သိုးထိန်းတို့၏ ပုံပြင်မှ သင်ယူနိုင်သည့် သင်ခန်းစာ အကြောင်း ဆွေးနွေးပါ။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – ယေရှု၏ မွေးဖွားခြင်း သတင်းကို သိုးထိန်းများ ကြားသိကြရခြင်း (I)</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br><br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ သူငယ်တော်သည် ညအချိန်တွင် မွေးဖွားခဲ့ပြီး၊ သိုးထိန်းတို့ နှင့် လူအချို့တို့သာ နိုးထနေကြသည်ဟု ကျွန်ုပ်တို့ ထင်မှတ်ကြသည်။<br>၂။ ကယ်တင်ရှင် သခင်ခရစ်တော်၏ မွေးဖွားခြင်း သတင်းကို သူတို့ လက်ခံရရှိခဲ့ကြသည်။<br>၃။ ကောင်းကင်ဗိုလ်ခြေများစွာတို့သည် သိုးထိန်းများရှိရာသို့ ထင်ရှားလာပြီး၊ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြသည်။<br>၄။ သိုးထိန်းတို့သည် ဗက်လင်မြို့သို့ သွားပြီး၊ ဖြစ်ပျက်ခဲ့သည့် အရာများကို သွားကြည့်ရန် ဆုံးဖြတ်ခဲ့သည်။ သူတို့ လက်ခံရရှိသည့် သတင်းစကားအတိုင်း ယောသပ်၊ မာရိ နှင့် သူငယ်တော်ကို သူတို့ တွေ့ရှိခဲ့ကြသည်။<br>၅။ သူတို့သည် မြင်တွေ့ခဲ့ကြသည့် သတင်းကို အနှံ့အပြား ပြောခဲ့ကြပြီး၊ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလျက် ပြန်သွားကြသည်။<br>၆။ သိုးထိန်းတို့၏ ပုံပြင်မှ သင်ယူနိုင်သည့် သင်ခန်းစာ အကြောင်း ဆွေးနွေးပါ။<br>၇။ ဘုရားသခင်သည် ကောင်းကင်တမန်ကို ထင်ရှားစေခြင်း အားဖြင့် ဤလူများထံ အလုပ်လုပ်ခဲ့သည့် အကြောင်း စဉ်းစားပါ။ ကျွန်ုပ်တို့၏ နေ့စဉ် အသက်တာ အသက်ရှင်ခြင်း အတွက်လည်း ယနေ့တွင် သူသည် ကျွန်ုပ်တို့ကို စကားပြောနိုင်သည်။<br>၈။ ဘုရားသခင် ကျွန်ုပ်တို့ အတွက် လုပ်ဆောင်ပေးသည့်အရာကို ကျွန်ုပ်တို့ ကြားသိရလျှင် သူတစ်ပါးထံ ဝေငှရမည် ဖြစ်သည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။<br>ပြပါ။ FBI – ယေရှု၏ မွေးဖွားခြင်း သတင်းကို သိုးထိန်းများ ကြားသိကြရခြင်း (I)</td></tr>
<tr><td>ပြန်လှန်လေ့ကျင့်ပါ</td><td>အောက်ပါ မေးခွန်းများကို ဖြေပါ။<br>၁။ အခန်းငယ်၊ ၁၀ တွင် ကောင်းကင်တမန်တို့သည် လူသားများအား နှုတ်ဆက်သည့် အချင်းအရာကို အဘယ်ကြောင့်ဟု သင်ထင်ပါသနည်း။<br>၂။ ဘုရားသခင်သည် ကောင်းကင်တမန်များ အားဖြင့် သိုးထိန်းများကဲ့သို့သော သာမာန်လူများထံ ယနေ့တွင် စကားပြောသည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့် ပြောသနည်း။ အဘယ်ကြောင့် မပြောပါသနည်း။<br>၃။ မာရိ၏ စိတ်ထဲတွင် မည်သို့ ဖြစ်မည်ဟု သင်ထင်ပါသနည်း။ (အငယ်၊ ၁၉)<br>၄။ သိုးထိန်းတို့သည် သူတို့၏ သိုးများရှိရာသို့ ပြန်လှည် ရောက်ရှိလာသည့်အခါ မည်သည့်အရာ ပြုလုပ်ကြသနည်း။</td><td>အောက်ပါ မေးခွန်းများကို ဖြေပါ။<br>၁။ ကောင်းကန်တမန်များ ကွယ်ပျောက်သွားသည်နှင့် သိုးထိန်းတို့သည် လျှင်လျှင်မြန်မြန် လှုပ်ရှားရခြင်းမှာ အဘယ်ကြောင့်ဟု သင်ထင်ပါသနည်း။<br>၂။ သိုးထိန်းတို့သည် လျှင်လျှင်မြန်မြန် လှုပ်ရှားမှုကြောင့် ကောင်းကြီးခံစားကြရသည်။ အခန်းငယ် ၂၀ ကို ယနေ့ခေတ်သုံး စကားနှင့် သင်ပြန်ပြောနိုင်မည်လား။<br>၃။ မာရိ၏ စိတ်ထဲတွင် မည်သို့ ဖြစ်မည်ဟု သင်ထင်ပါသနည်း။ (အငယ်၊ ၁၉)</td></tr>
<tr><td>လိုက်လျှောက်အသက်ရှင်ပါ</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>သင်တို့သည် သိုးထိန်းများအဖြစ် သရုပ်ဆောင်ပါ။ အခန်းငယ်၊ ၈-၁၇ အထိကို အသုံးပြုပြီး၊ သင်တို့ မြင်တွေ့ခဲ့ရသည့်အရာ နှင့် ကြားခဲ့ရသည့်အရာ၊ ခံစားခဲ့ရသည့်အရာများကို ဖော်ပြရန် မှတ်တမ်း ရေးပါ။</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>ဘုရားသခင် သင့်အား ပြောသည့်အရာများကို မှတ်တမ်း ပြုစုပြီး နေ့စဉ်မှတ်တမ်းအဖြစ် သိမ်းထားပါက၊ သင့်အသက်တာတွင် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာများကို ပြန်လည် ကြည့်ရှုနိုင်ပြီး၊ သင့်အတွက် ခွန်အား ဖြစ်နိုင်သည်။</td></tr>
</table>

| | | |
|---|---|---|
| | **က၁၂ - အဆင့် ၃**<br>**သင်ခန်းစာ ၄ - ပထမဦးဆုံး ခရစ္စမတ်**<br>**ခေါင်းစဉ် - ဗိမာန်တော်၌** | **က၁၂ - အဆင့် ၄**<br>**သင်ခန်းစာ ၄ - ပထမဦးဆုံး ခရစ္စမတ်**<br>**ခေါင်းစဉ် - ပညာရှိများ၏ လက်ဆောင်** |
| | **အခြေပြုကျမ်းညွှန်း** *လုကာ၊ ၂း ၂၂-၄၀*<br>**အဓိကသော့ချက်ကျမ်း** *လုကာ၊ ၂း၃၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှု မွေးဖွားလာခြင်း၌ရည်ရွယ်ချက်ရှိသည်ကို ရှုမောင် နှင့် အန္န တို့သည် နားလည်ထားသည့်အတွက် အလွန် ဝမ်းမြောက်ကြသည်။<br>၂။ သခင်ယေရှုကို ဤလောကသို့ စေလွှတ်ခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရန် အလွန်အရေးကြီးလှသည်။ | **အခြေပြုကျမ်းညွှန်း** *မဿဲ၊ ၂း ၁-၂၃*<br>**အဓိကသော့ချက်ကျမ်း** *မဿဲ၊ ၂း ၁၁*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုသည် အလွန်ထူးခြားသည့် သူဖြစ်ကြောင်းကို ဤသူတို့သည် နားလည်ထားကြသည်။<br>၂။ ယေရှုသည် အမှန်တန်ဖိုးရှိသော ဘဏ္ဍာ ဖြစ်သော်လည်း ပညာရှိများသည် ယေရှုထံ တန်ဖိုးရှိသည့် လက်ဆောင်ဘဏ္ဍာများ ယူဆောင်လာပေးကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • သူငယ်တော် မွေးဖွားလာသည့်အခါ စိတ်လှုပ်ရှားစရာကောင်းသည့် အရာအားလုံးကို စဉ်းစားပါ။<br>• ယေရှု၏ မွေးဖွားခြင်းတွင် ထူးခြားသည့် အရာမှာ အဘယ်နည်း။<br>• မိခင် သန့်ရှင်းရန်အတွက် နှင့် ဘုရားသခင်ထံ ကျေးဇူးတော် ချီမွမ်းရန် မိဘတို့သည် ဗိမာန်တော်သို့ သွားပြီး၊ ယဇ်ပူဇော်ရမည်ဟု ယုဒ ပညတ္တိကျမ်းတွင် ပညတ်ထားကြောင်း ရှင်းပြပါ။ (ဝတ်ပြုရာကျမ်း၊ ၁၅) | • သူငယ်တော် မွေးဖွားလာသည့်အခါ စိတ်လှုပ်ရှားစရာကောင်းသည့် အရာအားလုံးကို စဉ်းစားပါ။ မွေးဖွားလာသည့် သူငယ်တော်ကို တွေ့မြင်ရန်အတွက် မိသားစုများ၊ သူငယ်ချင်းများ ခရီးသွားရန် ပြင်ဆင်ကြပုံကို စဉ်းစားပါ။<br>• ပညာရှိများ နှင့် သူတို့ သွားခဲ့ရသည် ခရီးရှည်ကြီး အကြောင်း မိတ်ဆက်ပေးပါ။<br>• ဘုရားသခင်သည် စာတန်းအား အမြဲ အနိုင်ရသည်ကို ဤပုံပြင်၌မည်သို့ တွေ့ရကြောင်း စဉ်းစားပါ။ ကျမ်းချက်မှ ဥပမာများကို မှတ်တမ်းပြုစုပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုအား မွေးဖွားပြီးနောက်တွင် မိဘတို့သည် သူအား ယေရုရှလင်ရှိ ဗိမာန်တော်သို့ ခေါ်ဆောင်သွားကြသည်။<br>၂။ သူငယ်တော်အား ယေရှုဟူသည့် အမည်ဖြင့် မှည့်ရမည်ဟူသော အမိန့်တော်ကို ယောသပ် နှင့် မာရိ နှစ်ဦးစလုံး လက်ခံရရှိထားပြီး ဖြစ်သည်။ ယခုတွင် သူတို့သည် ပညတ္တိကျမ်းတွင် လမ်းညွှန်ထားသည့်အတိုင်း ယဇ်ပူဇော်ကြသည်။<br>၃။ 'သခင်ခရစ်တော်ကို' မမြင်ရမှီ မသေရဟု ဗျာဒိတ်တော်ကို ရရှိထားသည့် ရှုမောင်နှင့် သူတို့ တွေ့ဆုံခဲ့ကြသည်။<br>၄။ ယေရှုသည် ကယ်တင်ရှင် ဖြစ်ကြောင်းကို သူသည် ကောင်းစွာ သိရှိထားသည့်အတွက် သူငယ်တော်အား လက်နှင့်ချီပိုက်၍ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလေ၏။<br>၅။ အန္န ဆိုသော အမျိုးသမီးကြီး တစ်ဦးနှင့်လည်း သူတို့ တွေ့ဆုံကြသည်။ သူမသည်လည်း ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့ပြီး၊ 'ယေရုရှလင်မြို့၌ ရွေးနုတ်ခြင်း အရာကို မျှော်လင့်သော သူအပေါင်းတို့အား ထိုသူငယ်၏ အကြောင်းကို ပြောလေ၏။'<br>၆။ *ယေရှုသည် အလွန်ထူးခြားသည့်သူ ဖြစ်ကြောင်း ရှုမောင် နှင့် အန္နတို့သည် မည်သို့ သိကြသည်ကို စဉ်းစားဆင်ခြင်ပါ။*<br>၇။ *ယေရှု၌ ဖြစ်လာမည်ဟု သူတို့ ပြောသည့် အရာများ အကြောင်း စဉ်းစားပါ။* ***(အခန်းငယ်၊ ၃၁-၃၂၊ ၃၄၊ ၃၅၊ ၃၈ တွင် ကြည့်ပါ။)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ရှိမောင် နှင် အန္န သူငယ်တော် ယေရှုနှင့် တွေ့ဆုံခြင်း။ (I)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပညာရှိများသည် အရှေ့အရပ်၌ ကြယ်ကို မြင်တွေ့ကြပြီး၊ သူတို့၏ လေ့လာခြင်းအားဖြင့် ရှင်ဘုရင်သစ် ပေါ်ထွန်းမည့် အရာကို သူတို့ သိကြပြီး၊ ထိုရှင်ဘုရင်သစ်အား သွားရောက် ဖူးမျှော်လို ကြသည်။<br>၂။ ယေရုရှလင်ရှိ ဟေရုဒ် နန်းတော်သို့ သူတို့ ရောက်ရှိခဲ့ကြသည်။ ထိုနန်းတော်တွင် ရှင်ဘုရင်အသစ် ရှိမည့်အထင်နှင့် သွားခဲ့ခြင်း ဖြစ်သည်။<br>၃။ ဟေရုဒ်သည် တစ်ဦးတည်းသော ဘုရင် ဖြစ်သည်။ သို့သော် ယခုတွင် ကျမ်းပြုဆရာများ၏ ပြောပြချက်အရ (မိက္ခာ၊ ၅း၂) ဗက်လင်မြို့တွင် ရှင်ဘုရင်အသစ် ပေါ်ထွန်မည့် အရာကို သိခဲ့ရသည်။ ဟေရုဒ်မင်းသည် စိတ်သောက ရောက်ခဲ့ရသည်။<br>၄။ ပညာရှိများသည် ဗက်လင်မြို့သို့ သွားကြရာ၊ သူငယ်တော်ကို တွေ့ရှိပြီး၊ လက်ဆောင်ဘဏ္ဍာများ ဆက်ကပ်ပူဇော်၍၊ ပြပ်ဝပ်ကိုးကွယ်ကြသည်။<br>၅။ သူတို့ မြင်တွေ့ခဲ့သည့် အရာများကို ဟေရုဒ်အား မပြောပြရန် နှင့် သူတို့အား အခြားသော လမ်းမှ ပြန်ရန် ညအခါ အိပ်မက်တွင် ဗျာဒိတ်တော်ကို ရရှိခဲ့ကြသည်။<br>၆။ ဘေးကင်းရန်အတွက် သူငယ်တော် နှင့် မယ်တော်ကို ခေါ်ပြီး အဲဂုတ္တုသို့ သွားရန် ယောသပ်ထံ ဘုရားသခင် အမိန့်တော် ရှိခဲ့သည်။<br>၇။ ဟေရုဒ်သည် မာကုပညာရှိများ လှည့်ဖြားသည်ကို သိလျှင် ဗက်လင်မြို့ရှိ နှစ်နှစ်အောက် သားယောက်ျားလေး အားလုံးကို သတ်ရန် အမိန့် ထုတ်ပြန်ခဲ့သည်။<br>၈။ နောက်ဆုံးတွင် ယေသပ်သည် ဘေးကင်းပြီး ဖြစ်ကြောင်း ဗျာဒိတ်တော်ကို ရ၍ ပြန်လာပြီး နာဇရက်မြို့တွင် နေထိုင်ခဲ့သည်။<br>၉။ *ပရောဖက်များ၏ ပရောဖက်ပြုချက်များ နှင့်အတူ လွန်ခဲ့သည့် နှစ်ရာပေါင်း များစွာ ကတည်းက ဘုရားသခင်သည် မည်သို့ ကြိုတင်စီစဉ်ခဲ့ကြောင်း စဉ်းစားပါ။* ***(အငယ်၊ ၅-၆၊ ၁၅၊ ၁၇-၁၈၊ ၂၃ တွင် ကြည့်ပါ။)***<br>၁၀။ ဟေရုဒ်သည် စာတန်၏ အလုပ်ကို မည်သို့ လုပ်ဆောင်ခဲ့ကြောင်း စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ။ FBI – ပညာရှိများသည် ယေရှုအား သွားရောက်ဖူးမျှော်ပြီး၊ ပြပ်ဝပ်ကိုးကွယ်ခြင်း (I)** |
| ပြန်လှန်လေ့ကျင့်ပါ | • ယေရှုသည် ပြင်ဆင်တော်မူသော အလင်း ဖြစ်သည်ဟု ရှုမောင် ပြောခဲ့သည်။ အဖွဲ့ငယ် နှစ်ဖွဲ့ခွဲပြီး၊ အလင်း၏ ကောင်းကျိုးပြုခြင်း အကြောင်းများကို စဉ်းစားစေပါ။<br>• ယခုတွင် သူတို့သည် ***အခန်းငယ် ၃၂*** ကို မည်သို့ ထူးထူးခြားခြား တွေ့မြင်နိုင်မည်နည်း။<br>• ဘုရားသခင်သည် သူ၏ အလင်းကို သူတို့၏ အသက်တာထဲတွင် များများ စေလွှတ်ရန် အတွက် ဆုတောင်းရန် ကျောင်းသားများကို တိုက်တွန်းပါ။<br>• သူတို့ အမှန်တကယ် အကူအညီ လိုအပ်သည့် တိကျသည့် အကြောင်းအရာကို စဉ်းစားစေပြီး၊ ထိုအရာအတွက် ဆုတောင်းရန် ကျောင်းသားများအား ခွန်အားပေးပါ။ | ၁။ ယေရှုထံ ဆက်ကပ်သည့် လက်ဆောင်များ အကြောင်း စဉ်းစားဆင်ခြင်ပါ။ ရွှေ - ယေရှုသည် ရှင်ဘုရင် ဖြစ်ကြောင်း ရည်ညွှန်းသည်။ မုရန် - ယေရှုသည် ကယ်တင်ရှင် ဖြစ်ပြီး ကျွန်ုပ်တို့အတွက် အသေခံမည့်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။ လောဗန် - ယေရှုသည် ဘုရား ဖြစ်ပြီး ကျွန်ုပ်တို့ ကိုးကွယ်ထိုက်သူ ဖြစ်သည်။<br>၂။ သူအား ကယ်တင်ရှင် နှင့် သခင် အဖြစ် လက်ခံသောသူတိုင်းထံ ယေရှုသည် ထိုက်တန်သော ဘဏ္ဍာကဲ့သို့ ဆုကျေးဇူးကို ပေးကြောင်း စဉ်းစားဆင်ခြင်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဤသင်ခန်းစာမှ ကျောင်းသားများ မည်သည့် အရာကို သင်ယူနိုင်ပြီး သူတို့ အသက်တာတွင် မည်သို့ လိုက်လျှောက်နိုင်မည်နည်း။<br>၂။ ကယ်တင်ခြင်း၏ အဓိပ္ပာယ်သည် ခဏတာအတွက် မဟုတ် တစ်ဘဝလုံး စာအတွက် ဖြစ်ပြီး တစ်ခါယုံကြည်လျှင် ထာဝရ လုံလောက်ကြောင်း သတိရပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှုအား ပူဇော်ရန်အတွက် ကျွန်ုပ်တို့သည် မည်သည့်အရာကို ယူဆောင်လာနိုင်ကြောင်း စဉ်းစားပါ။<br>၂။ နေ့စဉ် အသက်တာတွင် စာတန်သည် 'လိမ်လည်သူ' အဖြစ် နှောက်ယှက်လေ့ ရှိသောအရာများကို စာရင်း ပြုစုပါ။ သူ၏ လုပ်ဆောင်မှုများကို သတိပြုပါ။ |

# သင်ခန်းစာပြုလုပ်ရန် ဆရာများအတွက် လမ်းညွှန်

**အဆင့် (၃) သင်ခန်းစာများ**

- ကျောင်းသားများသည် ကျမ်းညွှန်းများကို မဖတ်ပါက ဤသင်ခန်းစာများကို ပြီးမြောက်အောင် သင်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပေးထားသည့် ကျမ်းညွှန်းများကို ဖတ်ရန် လိုသည်။
- ကွက်လပ် ဖြည့်ခြင်း၊ ဂရပ် ဇယားများ၊ ပဟေဠိစကားလုံးများ စသည်ဖြင့် မေးခွန်း အမျိုးမျိုး ရှိသည်။
- ထိုမေးခွန်းများကို ပုံမှန်အားဖြင့် တို့ကို အသုံးပြု၍ ဖြေဆိုနိုင်ရန် ရေးဆွဲထားသည်။ (မှတ်ချက်- မြန်မာသင်ခန်းစာများအတွက်မူ ယုဒသန် ဘာသာပြန်သည့် ကျမ်းကိုသာ အသုံးပြုထား)
- ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် မည်သို့သော ကျမ်းစာကို ပိုင်ဆိုင်သည် ဖြစ်ပါစေ မေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်ရန်သာ ဖြစ်သည်။
- ဤသင်ခန်းစာများ အားလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်ပါက တစ်ပတ်စာအတွက် ရမှတ် ၂၀မှတ် နှင့် တစ်လစာ ရမှတ် ၈၀ မှတ် သတ်မှတ်ထားပါသည်။
- အဆင့် (၃) -သင်ခန်းစာတွင် ပုံမှန်အားဖြင့် အဖြေတစ်ခု အတွက် ရမှတ် ၁ မှတ် ဖြစ်သည်။

**အဆင့် (၄) သင်ခန်းစာများ**

- ဤသင်ခန်းစာများသည် အဆင့် ၃ သင်ခန်းစာထက် ပိုမိုကျစ်လစ်စွာ တည်းဖြတ်ထားသည်။
- ပို၍များသော မေးခွန်းနှင့် အဖြေများကို တောင်းဆို ထားသည်။
- သင်ခန်းစာ မေးခွန်းများအားလုံးကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုနိုင်သည့် အချိန်တွင် တစ်ပတ်အတွက် ရမှတ် ၂၀ နှင့် တစ်လအတွက် ရမှတ် စုစုပေါင်း ၈၀မှတ် ရမည်ဖြစ်သည်။

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။ အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ဤအရာများအတွက် အမှတ်မနုတ်ပါ။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁ လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်း ဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်းနှင့် ကျောင်းသာများအား ခွန်အားပေးတိုက်တွန်းရန် နှင့် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ် ၊သေသပ်တယ် ၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများသင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားမျာ၏ အသက်တာတွင် စိတ်ဝင်တစား လုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကြိုးသက်ရောက်မှုကို ဆုံးရှုံစေမည်ဖြစ်သည်။

**အဆင့် (၃)**

**ယေဘူယျဝေဖန်ချက်**

"ကောင်းကောင်း လုပ်ထားတာပဲ၊ သား/သမီး မေးခွန်းကို ကောင်းကောင်း ဂရုစိုက်ပြီး ဖတ်ထားတာပဲ။ အထူးသဖြင့် သား/သမီးရဲ့ နောက်ဆုံးမေးခွန်းကို ကြိုက်တယ်။ စကားလုံး အသုံးအနှုန်းက အရမ်းကောင်းတယ်။"

"ဟလို-ယောနသန် ၊ သား ကောင်းကောင်း ကြိုးစားထားသည့်အတွက် ကျေးဇူးတင်တယ်။ အဖြေအားလုံးကို သား ကောင်းကောင်း ဖြေထားနိုင်တာဘဲ။ သား ဖြေဖို့ ကျန်ခဲ့တဲ့ တစ်ခုကို ဆရာ/မ ဖြည့်ထား ပေးတယ်။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"မောရှေသည် က္ကသရေလ လူများနှင့် အချို့သောအချိန်များတွင် အခတ်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် ထိုပြသာနာများကို သူတစ်ဦးတည်း ရှန်းကန်ဖြေရှင်းရန် ဘုရားသခင်သည် သူ့အား စွန့်ပစ်မထားပေ။"

"ဘုရားသခင်ကို ချစ်ရန် သူဖခင် သင်ကြားပေးထားသည့် အရာကို ယောသပ် လုံးဝ မေ့လျော့ခြင်း မရှိခဲ့ပေ။ မိမိအိမ်နှင့် ဝေးသော နေရာတွင် ရောက်ရှိနေသော အချိန်မှာပင်လျှင် ထိုအရာကို သူသတိရဆဲ ဖြစ်သည်။"

"ဗာတိမဲသည် ယေရှုထံ သွားရန် ဆုံဖြတ်ခဲ့သည်။ ယခုတွင် သူသည် မျက်စိပြန်မြင်ခဲ့ပြီး ဖြစ်သောကြောင့် စိတ်မပျက်တော့ပေ။သည်။ ယေရှုသည် အလွန်ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ယခုတွင် သူသိရှိခဲ့ပြီး ဖြစ်သည်။ "

**အဆင့် (၄)**

**ယေဘူယျဝေဖန်ချက်**

"အလွန်ကောင်တဲ့ သင်ခန်းစာ တစ်ခုဘဲ။ ဤကျမ်းစာ ပုံပြင်များကို သင်ကောင်းစွာ နားလည်မည်ဟု ထင်တယ်။ ထိုပုံပြင်များအား လေ့လာသင်ကြားရခြင်းအပေါ် သင်ပျော်ရွှင်လိမ့်မည်ဟု ဆရာ/မ ယုံကြည်ပါတယ်။ သင်ခန်းစာကို အချိန်ယူပြီး ကောင်းကောင်း သင်ယူသည့်အတွက် ကျေးဇူးတင်ပါတယ်။ စစ်ရတာ အရမ်းလွယ်မှာဘဲ။ သင့်ရဲ့ ကြိုးစားမှုကို ချီးကျူးပါတယ်။"

"ရာခေလ သမီး ကောင်ကောင်း ကြိုးစားထားတာဘဲ။ သမီးရဲ့ အဖြေကို ကြည့်ခြင်းဖြင့် ပုံပြင်ကို သမီးကောင်းကောင်း နားမလည်ဘူး ထင်တယ်။ ပုံပြင်ကို တစ်ခေါက် ပြန်ဖတ်လိုက်နော။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"ပုံဥပမာများသည် ရိုးရှင်းသည့် ပုံပြင်များ ဖြစ်သော်လည်း လေးနက်သည့် အဓိပ္ပာယ် ရှိသည်။ သင်ခန်းစာ ၃ ရှိ ပုံပြင်ထဲတွင် မည်သည့် လေးနက်သည့် အဓိပ္ပာယ် ရှိပါသနည်း။ သင်စဉ်းစားနိုင်ပါသလား။"

"သတေဖန်သည် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ မှန်ပါသည် သူသည် အသတ်ခံရသည်ကို မကြောက်ရွံ့ခဲ့ပေ။ ဘုရားသခင်သည် အရာ အားလုံးကို ထိန်းချုပ်ထားကြောင်းနှင့် သူသည် သေသွားလျှင် ကောင်းကင်တွင် ယေရှုနှင့် အတူ ရှိနေမည်ကို သူသိထားသည်။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1096157

05/2021
MY-Burmese